The HOT NEWS weekly
Vol- 3, No-154 , 23 - 29 Aug , 2013
E-mail - admin@hotnewsweekly.com

# ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ အခြေခံဥပဒေပြင်ဆင်ရန် သိပ်မလွယ်ဟုဆို

❝သူတို့ကအခုမှ လေ့လာမယ် ရှိသေးတယ်။ ဘယ်လိုလေ့လာမှာ လဲဆိုတာတော့ ကျွန်တော်မသိဘူး။ သူတို့ကလေ့လာပြီးရင် ဘယ်ဟာကို ပြင်ဆင်သင့်တယ် ဘယ်ဟာကိုထားသင့်တယ်ဆိုတာကို တင်ပြဦးမယ်။ ဒီကာလကြားမှာ ပြင်ဆင်မယ်ဆိုရင် သိပ်မလွယ်ဘူး...❞

❝ဒီသမ္မတဖြစ်သင့်ဖြစ်ထိုက်တဲ့နေရာကို ပြင်မယ်ဆိုရင်ပဲ ဒီတစ်ချက်တည်းနဲ့တင် အချိန်တွေအများကြီးကုန်မယ်။ ငွေတွေအများကြီးလည်းကုန်မယ်။ ဒီတစ်ပုဒ်တည်း ပြင်ရမှာနဲ့ လုပ်ရမှာနဲ့မကာမိဘူး။ ပြီးတော့တစ်ပြည်လုံး လူထုဆန္ဒခံယူပွဲကလုပ်ရဦးမှာ။ အစအဆုံး ပြန်ဆွဲမယ်ဆိုရင်တောင် ဒီထက်ပိုမြန်ဦးမယ်...❞

စ ၁၁ သို့

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အခြေခံဥပဒေပြင်ရန်လိုဟုဆို စ ၁၆ သို့

အဝတ်လိုက်တားမြှုပ်ရှင်းဆောင်ကြပြည်ထောင်စုဝန်ကြီးအဆင့်ထိအရေးယူ စ ၁၃ သို့

သမ္မတဦးသိန်းစိန် မစ္စတာကင်တားနားနှင့် လက်ခံတွေ့ဆုံရန် အစီအစဉ် လုံးဝမရှိ စ ၅ သို့

SEA GAME အတွက် Sponsor များရွေးချယ်မှုတွင် စ ၄ သို့
ပြည်တွင်းကုမ္ပဏီများကိုသာ ဦးစားပေးရွေးကြောင်း ဒုဝန်ကြီးပြောကြား

ပြည်လုံးကျွတ်ငြိမ်းချမ်းရေးမရသေးခင် ငြိမ်းချမ်းရေး ဝိသုကာဆရာကြီးဒုဝန်ကြီးတာဝန်လွှဲ စ ၄ သို့

## အပြည်ပြည်ဆိုင်ရာသင်္ဘောများမှအပ အခြားရေယာဉ်များကို တရားမဝင်ပစ္စည်း သယ်ဆောင်ခြင်း စစ်ဆေးတော့မည်



❝ တရားမဝင်ကုန်သွယ်မှုပပျောက်ရေးအဖွဲ့ Mobile Team အနေဖြင့်ကုန်းလမ်းဖြင့်ဝင်ရောက်လာသော တရားမဝင်ကုန်ပစ္စည်းများကို စစ်ဆေးကာ အရေးယူလျက်ရှိနေသကဲ့သို့ ယခုအခါ တရားမဝင် ကုန်ပစ္စည်းများ ရေကြောင်းမှတစ်ဆင့်တင်သွင်းခြင်းများကိုပါ စစ်ဆေးကာ အရေးယူသွားမည် ...❞ စ ၈ သို့

### တိုင်းပြည်ကို ဖွတ်ဖြစ်အောင်




စ ၁၂ သို့

### ကြောက်တတ်ရင် နိုင်ငံရေးမလုပ်ပါနဲ့



စ ၂၂ သို့

### မြစ်သံလွင်ကိုလွတ်လပ်စွာစီးဆင်းပါစေ



စ ၂၆ သို့



The HOT NEWS
Vol - 4, No - 154, 23 - 29 Aug 2013

အိတ်ဖွင့်ပေးစာ

## လမ်းသွား လမ်းလာတွေရဲ့ဒုက္ခ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့ မြန်မာ့မီးရထားဌာန၊ ဘူတာနယ်မြေတွင် ကိုယ်စားလှယ်ပိုင် ကုန်စုံတွဲများ နေ့စဉ်အများအပြား လာရောက်ကြပြီး ကုန်ပစ္စည်းစုံတွဲဖွင့်ဖောက်ရာတွင် ကုန်သည်ကြီးများအကြိုက် ရှမ်းကုန်းရပ်မီးရထားသံလမ်းပေါ်၌ လူသွားလမ်းကို ပိတ်ဆို့၍ ကုန်ပစ္စည်းစုပုံထားခြင်းကို ကိုယ်စားလှယ်များ အပြိုင်အဆိုင်ပြုလုပ်ကြပါသည်။

ကိုယ်စားလှယ်များက ကုန်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ဈေးသို့ရောက်ရှိရေးအတွက် ပြည်တွင်းကုန်တင်ကုန်ချမှ လုပ်သားများနှင့်မလုံလောက်၍ ပြင်ပကျပန်းလုပ်သားများကို ခိုင်းစေမှုကြောင့် အလုပ်သမားအချင်းချင်း ပြဿနာမကြာခဏဖြစ်ရပါသည်။

ပုံမှန်အားဖြင့် ပါဆယ်ရုံများ၌သာ မီးရထားကုန်တွဲထိုးပြီး ပြုလုပ်ရမည့်အစား ယာဉ်ကြောကိုပိတ်ဆို့၍ယာဉ်သွားယာဉ်လာကောင်းသောနေရာ၌ စုပုံပြီးကုန်တွဲချနေခြင်းက လမ်းသွားလမ်းလာ ဝန်ထမ်းများနှင့်ကျောင်းသူ/ကျောင်းသားများအတွက်လည်း စိတ်ဒုက္ခရောက်စေ၍ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကိုယ်တွေ့ကြုံတွေ့နေရသူ**

## တော်လောက်ပါပြီ ကြက်ဆူ ငရုတ်ကောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့တွင် ယနေ့အချိန်ထိ ဝန်ထမ်းများကို ငရုတ်ကောင်းစိုက်ခင်းများ ဆက်လက်လုပ်ကိုင်ခိုင်းနေဆဲ ဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်တွင် မစိုက်မနေရ၊ မလုပ်မနေရကြောင့် လုပ်ကိုင်ခဲ့ကြရသောအောင်မြင်မှုမရှိသည့် အဆိုပါစိုက်ခင်းများကို ဆက်လက်လုပ်ခိုင်းနေခြင်းကို ဝန်ထမ်းများအနေဖြင့် စဉ်းစားမရ ဖြစ်နေကြရပါတယ်။



လွန်ခဲ့သော ၁၀ နှစ်ကျော်မှစ၍ အမိန့်ဖြင့် ခိုင်းစေ၍ လုပ်ကိုင်ခဲ့ကြရပြီး၊ ဝန်ထမ်းများမှာ နှစ်စဉ်ငွေကုန်ကြေးကျလည်း များရလှတဲ့ စိုက်ခင်းများဖြစ်ပါတယ်။ စတင်လုပ်ကိုင်စဉ်မှစ၍ ဝန်ထမ်းများမှာ စိတ်ပါဝင်စားခြင်းမရှိ၊ မဖြစ်နိုင်မှန်း၊ မအောင်မြင်နိုင်မှန်း သိသိနှင့် အကြောက်တရားဖြင့် လုပ်ကိုင်ခဲ့ကြရပါတယ်။ အချိန်ကုန်၊ ငွေပန်း၊ လူပင်ပန်း၊ စိတ်ပင်ပန်းဖြင့် ယနေ့ကာလထိ အောင်မြင်မှုလည်းမရှိ၊ အကျိုးအမြတ်လည်း လုံးဝမရဘူးသော ခေတ်ဟောင်း For Show Policy ဆိုတာ သိနေကြပါတယ်။

ထိုစိုက်ခင်းများကို ဆက်လက်လုပ်ကိုင်ရန် ညွှန်ကြားမှုပေးနေသော ပုဂ္ဂိုလ်များအနေဖြင့် မြို့ရွာ၊ တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကိုလုပ်ကြပြီး အချိန်ကုန်ပြီး မဖြစ်မှန်းသိနေတဲ့ အလုပ်တွေ မစခင် ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားဆင်ခြင်၍ အမြော်အမြင်ကြီးကြီးထားပြီး ပြုပြင်ပြောင်းလဲသင့်တာတွေကို ပြောင်းလဲကြကာ ဦးဆောင်ကောင်းသူများ ပီသစွာဖြင့် တိုင်းပြည်အနာဂတ်အတွက် ပုံဖော်ဆောင်ရွက်ကြပါလို့ မီဒီယာမှ တစ်ဆင့်ပြောကြားလိုပါတယ်။

**ပွင့်လင်းဝန်ထမ်းများ(မော်လိုက်မြို့)**

## နေ့စားလပေးပညာရေးဝန်ထမ်း ခန့်ထားမှု ဘက်လိုက်ဆို

နွားထိုးကြီးမြို့နယ် ပညာရေးဝန်ထမ်း နေ့စားလပေး(၃၄၀)ကို ပထမအသုတ်အဖြစ် ၂၀၁၃ခု ဇူလိုင်(၁၅)ရက်မှစ၍ဝန်ထမ်းအဖြစ် ခန့်ထားလိုက်ကြောင်းနွားထိုးကြီး ပညာရေးမှူးရုံးက ကြေညာထားသည်။ မူလတန်းပြဆရာ(၄၀)အပါအဝင် အထွေထွေလုပ်သား၊ ရုံးအကူ၊ အငယ်တန်းစာရေး၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူ၊ စက်မောင်းစက်လှည့်၊ အစောင့်၊ လုပ်သားဉယျာဉ်မှူး၊ ကျောင်းအကူ၊ သန့်ရှင်းရေးလုပ်သား စသဖြင့် (၁၃)မျိုးခွဲခြား ခန့်ထားရာတွင် ပါဝင်သည်ဆို၏။

ယခုဗွေဆော်ဦး ပထမအသုတ်ခန့်ထားရာတွင် ပညာရေးဝန်ထမ်း သားသမီးများနှင့် နီးနွယ်သူအများစုခန့်ထားကြောင်း၊ ပညာရေးဝန်ထမ်းလျှောက်ထားသူတို့က ဆိုသည်။ ၁၂၀၀ကျော် လျှောက်ထား၍ လက်တစ်ကမ်း ဘက်လိုက်ခန့်ထားမှုမှာ လျှောက်ထားသူများကို ဒုက္ခပေးသလိုဖြစ်နေ၍ မကျေနပ်ကြဆိုသည်။ ပညာရေးဌာနကမူ ဆက်ခန့်ရန် ကျန်သေးသည်ဟု ဖြေရှင်းနေသည်ဆို၏။

**ဧွးမောင်ကို**

## စလင်းသားတို့တန်ဖိုးနည်းဖုန်းရဖို့ မျှော်လင့်နေ

နိုင်ငံတော်က ပြည်နယ်/တိုင်းဒေသကြီးများအလိုက် တန်ဖိုးနည်းဖုန်းများကို ၂၀၁၃ ခု ဇူလိုင်လအထိ (၄)ကြိမ် သတ်မှတ်ခွဲတမ်းများဖြင့် ရောင်းချပေးခဲ့သည်။ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၌ ဂျီအက်(စ်)အမ် တာဝါတိုင်သာရှိပြီး စီဒီအမ်အေ တာဝါတိုင်မရှိသောကြောင့် (၃)ကြိမ်လုံး မရရှိခဲ့ပါ။ တာဝါတိုင်မရှိ၍ တန်ဖိုးနည်းဖုန်းမရခြင်းမှာ သဘာဝကျပါသည်။

၂၀၁၃ ဇူလိုင်လမှစတင်သော တန်ဖိုးနည်းစီဒီအမ်အေ (၈၀၀) ဖုန်းဆက်သွယ်မရသောမြို့များပါ အဆင်ပြေစေရန် တန်ဖိုးနည်းဂျီအက်(မ်)အမ်ဖုန်းများပါ ချထားပေးခဲ့ပါသည်။ သို့သော်ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးတွင် အခြားမြို့နယ်များ၌ ဂျီအက်(မ်)အမ်ဖုန်းများခွဲတမ်းရရှိပြီး စလင်းမြို့ကို လုံးဝခွဲတမ်းချထားပေးခြင်းမရှိခဲ့ပါ။

သို့သော် စလင်းမြို့အတွက် အခြားမြို့များနည်းတူ တန်ဖိုးနည်းဂျီအက်(မ်)အမ်ဖုန်း ရရှိရေးကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူကိုယ်စားပြု မြို့နယ်အုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့က စိတ်ပါဝင်စားစွာဖြင့် အခြားမြို့များနည်းတူ ခွဲတမ်းရရှိရေးအတွက် ဆောင်ရွက်ပေးသင့်ကြောင်း မြို့သူ၊ မြို့သားများက တင်ပြလိုက်ရပါသည်။

**မောင်စလင်း**

## တန်ဖိုးနည်းဖုန်း နွားထိုးကြီးမြို့ ဒုတိယအကြိမ်မပေး

ပဉ္စမအကြိမ် တန်ဖိုးနည်းဖုန်းဖြန့်ဝေရာတွင် နွားထိုးကြီးမြို့ပေါ် မပေးဘဲ CDMAဆင်းကတ်၁၀၀၀ ကို ဩဂုတ်(၃)ရက်က မြို့နယ်ထွေ/အုပ်အစီအစဉ်နှင့် ကျေးရွာသို့ ဖြန့်ဝေလိုက်သည်။ ဒုတိယအကြိမ် မြို့ပေါ်မဝေရေးဖြစ်သည်။

ကျေးရွာအုပ်စု၌လည်း GSM ကတ်ရသောကျေးရွာများမပါဘဲ CDMA ဆင်းကတ် ၁၀၀၀ ကို တစ်နေ့တည်း နေ့ချင်းပြီး ဖြန့်ဝေလိုက်ခြင်း ဖြစ်သည်ဆို၏။ မြို့ပေါ် ဒုတိယအကြိမ်မဝေ၍ မြို့ခံတို့က အံ့ဩပြီး တန်းစီဇယားနှင့်စီထားသော ရပ်ကွက်(၈)ရပ်ကွက် အခက်တွေ့သွားသည်။ ရပ်ကွက်တွင်း တွဲရေးခွဲရေးများနောင်တွင် ခက်ခဲလာမည်ဟု ညည်းတွားကြသည်။

မြို့ခံတို့ကမူ ရပ်ကွက်မပါဘဲ CDMAများကို ကျေးရွာများဖြန့်ဝေသော်လည်း ပြင်ပဈေးကွက်ကြောင့် မြို့ပြန်တက်လာသည်ဟု ပြောသည်။ CDMAတစ်ကတ် ၇၀၀၀၀၊ ၈၀၀၀၀ GSM ဆင်းကတ် ၁၀၀၀၀၀၊ ၁၂၀၀၀၀ ထိ နွားထိုးကြီးပေါက်ဈေးရှိနေသည်။

**ဧွးမောင်ကို**

## ကျောင်းဆောင်သစ်ပြီးစီးရန် နိုင်ငံတော်မှပံ့ပိုးကူညီပေးပါ

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ မမုန်ကိုင်အုပ်စု၊ မိုင်းနောင်ကျေးရွာသည် အိမ်ထောင်စုဦးရေ (၁၀၀၀)ကျော်ခန့်ရှိပါသည်။ကျောင်းသား/ကျောင်းသူဦးရေမှာ (၁၀၀၀)ဦးရှိပါသည်။ မိုင်းနောင်ကျေးရွာမှ မူလတန်းကျောင်း(၃)ကျောင်းနှင့် အထက်တန်း(ခွဲ)ကျောင်းတို့ဖြစ်ပါသည်။ ယခင်ဆောက်လုပ်ထားသောကျောင်းကြီးသည် အလယ်တန်းအဆင့်သာရှိသည့်အတွက် ကျောင်းသား/သူများ စာသင်ခန်းများမဆန့်တော့သဖြင့် နောက်ထပ်ကျောင်းဆောင်အသစ် တိုးချဲ့ဆောက်လုပ်ခဲ့ပါသည်။ ယခင်အလယ်တန်းအဆင့်မှ ယခုအထက်တန်းကျောင်း(ခွဲ)အဖြစ်သို့ နိုင်ငံတော်မှ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ ယခုဆောက်လုပ်ဆဲကျောင်းဆောင်အသစ်အား ပြီးစီးနိုင်ရန်အတွက် နိုင်ငံတော်မှ ထောက်ပံ့အလှူငွေများကို လိုအပ်နေပါသဖြင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးပါရန် လိုအပ်သော အလှူငွေမှာ သိန်းသုံးရာငါးဆယ်(၃၅၀၀၀၀၀၀)ခန့်ဖြစ်ပါသည်။ ၎င်းကျောင်းပုံစံမှာ SS-2.6 ခြောက်ခန်းနှစ်ထပ်ဖြစ်ပြီးအလျား(၃၀)၊ အနံ(၂၀) အကျယ်ဖြစ်ပါသည်။ယခုကျောင်းဆောင် အသစ်ကုန်ကျထားပြီးသောငွေပေါင်းမှာ (လေးရာခုနှစ်ကိုးသိန်းတစ်သောင်း ခုနှစ်ထောင်နှစ်ရာငါးဆယ်) (၄၇၉၁၇၂၅၀) ကျပ်တိတိကို အလှူရှင်ရပ်/ကျေးမှ ခွဲတမ်းမတည်ငွေဖြင့် ဆောက်လုပ်ခဲ့ပါသည်။ ထိုအထက်တန်း(ခွဲ) ကျောင်းဆောင်အသစ်အား ပြီးစီးဆောက်လုပ်နိုင်ရန်နိုင်ငံတော်ပညာရေးဝန်ကြီးဌာနထံသို့ သိရှိနိုင်ရန် တင်ပြလိုက်ပါသည်။ ထိုလိုအပ်သော အလှူငွေများကို နိုင်ငံတော်မှ ကူညီပံ့ပိုးမှုသာလျှင် ယခုဆောက်လုပ်ဆဲကျောင်းဆောင်အသစ်ကြီးသည် အောင်မြင်ပြီးစီးမှာဖြစ်ပါသဖြင့် ကျောင်းဆောက်လုပ်ရေးကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးသဲကိုနှင့် လက်သမားဆရာ ဦးသိန်းဝင်းတို့မှ ပြောပြ၍ သိရှိရပါသည်။

ထို့နောက် နိုင်ငံတော်ဒုသမ္မတ ဦးစိုင်းမောက်ခမ်းမှအင်းတော်ကြီးဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သော အချက်အလက်များကိုမီဒီယာဂျာနယ်သတင်းပြည်သူ့လွှတ်တော်အမတ်များထံသို့ သိရှိနိုင်ရန် ဂျာနယ်မှတစ်ဆင့် တင်ပြနိုင်ပါသည်ဟု ပြောဆိုသိရှိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ သိရှိနိုင်ရန် ဂျာနယ်တိုက်မှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**မိုးနောင်**

သင်၏လက်ဝါးပြင်သည်...
သင့်ဘဝ၏ကြေးမုံပြင်ဖြစ်သည်...

အခက်အခဲများအောင်မြင်ပြီး သင့်ဘဝတိုးတက်လိုပါသလား...?
ဆရာနှင့်အမြန်လာရောက်ဆွေးနွေးပါ
(ချမ်းသာသုခပြည့်ဝကြပါစေ)

လက္ခဏာဆရာကြီး
မူလ—ဆရာနေရောင် (ဓညဝတီ)

အမှတ်– ၇၁(B)၊ မြေညီထပ်၊ စိတ္တသုခလမ်း(အောက်လမ်း)၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်းဖြင့်ကြိုတင်ရက်ချိန်းယူပါ။)ဖုန်း ၀၉ ၄၂၀ ၇၁၈၁၃၀
နယ်မှ ဆွေးနွေးလိုလျှင် ဖုန်းဖြင့်ဆက်သွယ်ပါ။

# မစ္စတာကင်တားနားမြစ်ကြီးနားမှထွက်ခွာသွားပြီးနောက် ကချင်ပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွား



မစ္စတာကင်တားနားကချင်ပြည်နယ်မှထွက်ခွာသွားပြီးနောက် ကချင်ပြည်နယ်အတွင်းရှိ ကချင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်KIAနှင့် မြန်မာ့တပ်မတော်တပ်ဖွဲ့အချို့တို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း KIA ၏သတင်းနှင့် ပြန်ကြားရေးတာဝန်ခံဒုတိယဗိုလ်မှူးကြီးနော်ဘိုကပြောသည်။

၁၇ရက်နေ့က ကျွန်တော်တို့ တပ်မတော်(၁)ဘက်ရှိတဲ့တပ်ရင်း(၁၀) ရဲ့ ရှေ့တန်းစခန်းကို အစိုးရတပ်ဖွဲ့တို့ကလာရောက်တိုက်ခိုက်ခဲ့တယ်။တိုက်ပွဲကတော့ ပြင်းထန်တယ်လို့ပြောလို့ရတယ်။ကင်တားနားပြန်သွားတာနဲ့ တိုက်ပွဲကစတော့တာပဲ'ဟု ဆိုပါသည်။

ကချင်ပြည်နယ် အရှေ့မြောက် ဘက်လောခေါင်မြို့နယ်ရှိ ကချင် KIA တပ်မဟာ (၁) လက်အောက်ခံ တပ်ရင်း (၁၀)၏ ရှေ့တန်းတပ်စခန်းတွင် မြန်မာ့တပ်မတော်ခမရ (၅၁၂)၊ နယ်ခြားစောင့်တပ်(BGF)ပူးပေါင်းတပ်ဖွဲ့တို့ကအင်အား (၃၀၀)ကျော်ဖြင့် ဩဂုတ်လ(၁၇)ရက်နေ့နံနက် (၆) နာရီ ၄၅ မိနစ်မှ မွန်းလွဲ ၁ နာရီခွဲအထိ (၇)နာရီခန့်လာရောက်တိုက်ခိုက်သွားသည်ဟုဆိုသည်။

တိုက်ပွဲအတွင်း နှစ်ဖက်တပ်ဖွဲ့တို့၏ထိခိုက်မှုသတင်းအသေးစိတ်ကိုမသိရှိရသေးကြောင်းဒုတိယဗိုလ်မှူးကြီးနော်ဘိုကဆိုသည်။

'သူတို့တပ်ဖွဲ့တွေ ပြန်ဆုတ်ခွာသွားတော့မှ တိုက်ပွဲက ရပ်ဆိုင်းသွားခဲ့ရတယ်။ အစိုးရတပ်ဖွဲ့ဘက်က နယ်မြေကျွမ်းကျင်မှုမရှိလို့ ပြန်ဆုတ်ခွာပေးလိုက်ရတာပါ။ ၇ နာရီကြာခုခံတိုက်ခိုင်ရတဲ့ ကျွန်တော်တို့ တပ်ဖွဲ့တွေတော်တော် ပင်ပန်းသွားတယ်။ အဲဒါကြောင့် မနေ့က ဂုဏ်ပြုပွဲကျင်းပပေးခဲ့ရတယ်'ဟုဆိုသည်။

ကချင် KIA ၏ အခြားတပ်မဟာများဖြစ်ကြသောတပ်မဟာ (၂)၊ တပ်မဟာ (၃) နှင့် လိုင်ဇာ ဗဟိုဌာနချုပ်ဖြစ်သောတပ်မဟာ (၅) ဒေသတို့က ဇွန်လကုန်ပိုင်းတွင် နှစ်ဖက်တွေ့ဆုံပွဲကျင်းပပြီးနောက် တိုက်ပွဲဖြစ်ပွားမှုနည်းပါးလာသော်လည်း ရှမ်းမြောက်ပိုင်းရှိ KIA တပ်မဟာ (၄) ဘက်တွင် နေစဉ်နှင့် အမျှတိုက်ပွဲများ ဖြစ်ပွားလျက်ရှိကြောင်းဆိုသည်။ သို့သော် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်မစ္စတာသော မတ်စ် အိုပေးကင်တားနားသည် ဩဂုတ် ၁၈ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့သို့ရောက်ရှိလာခဲ့ပြီးနောက် အစိုးရဘက်မှ စစ်ရေးလှုပ်ရှားမှုများ မတွေ့ရှိရကြောင်း ဆိုပါသည်။

'တိုက်ပွဲ အမြဲဖြစ်တတ်တဲ့ ရှမ်းမြောက်ရှိကျွန်တော်တို့တပ်မဟာ (၄) ဒေသမှာ အစိုးရတပ်ဖွဲ့တွေ စစ်ရေးလှုပ်ရှားမှုတွေသိမ့်မတွေ့ရတော့ဘူး။ ကင်တားနားပြန်သွားရင်ဘာတွေဆက်ဖြစ်လာမှာလဲ စောင့်ကြည့်ရမှာဖြစ်တယ်ဗျာ'ဟု KIA တပ်မဟာ (၄)မှ အရာရှိတစ်ဦးကဆိုပါသည်။

မစ္စတာကင်တားနားသည် ပြီးခဲ့သည်ဩဂုတ်လ ၁၄ ရက်နေ့က ကချင်ပြည်နယ်မြစ်ကြီးနားမြို့သို့ရောက်ရှိလာပြီးမြစ်ကြီးနားမြို့ပေါ်ရှိအကျဉ်းထောင်၊ အစိုးရအဖွဲ့အပြင်ကချင် KIO အဖွဲ့၏ နည်းပညာအထောက်အကူပြုအဖွဲ့တို့နှင့်တွေ့ဆုံခဲ့သည်။ KIA သည် အစိုးရနှင့် ပြန်လည်တွေ့ဆုံနိုင်ရန် KIO ၏ တွေ့ဆုံမှုနည်းပညာအထောက်အကူပြုအဖွဲ့ ၁၅ ဦးကော်မတီကို ဖွဲ့စည်းနိုင်ရန်ပြင်ဆင်လျက်ရှိကြောင်း KIO ၏ တွေ့ဆုံပွဲကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဦးဆွမ်လွတ်ဂမ်ကဆိုသည်။

'ပြီးခဲ့တဲ့ပတ်က မြစ်ကြီးနားမှာရှိတဲ့ ကျွန်တော်တို့ ရုံးအတွင်းမှာလုပ်ငန်းဆွေးနွေးပွဲတွေကျင်းပခဲ့ရတယ်။ ၁၅ဦးကော်မတီအဖွဲ့ကိုဘယ်လိုဖွဲ့ကြမှာလဲဆွေးနွေးကြတယ်။ရရှိလာတဲ့အချက်အလက်တွေကို လိုင်ဇာဗဟိုမှာ သူတို့လာတင်ပြပေးဖို့ရှိတယ်'ဟု ဆိုသည်။

KIO အထောက်အကူပြုလုပ်ငန်းအဖွဲ့ရုံးကိုပြီးခဲ့သည့်ဇူလိုင် ၂၃ ရက်နေ့က ကချင်ပြည်နယ်မြစ်ကြီးနားမြို့ရှိ KIO ဆက်ဆံရေးရုံးဟောင်းအဆောက်အအုံတွင် နှစ်ဖက်ငြိမ်းချမ်းရေးတွေ့ဆုံပွဲခေါင်းဆောင်တို့ကသွားရောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

KIO သည် အစိုးရ၏ငြိမ်းချမ်းရေးအဖွဲ့နှင့် ကချင်ပြည်နယ်အတွင်းဖြစ်ပွားနေသော တိုက်ပွဲများလျှော့ချရေးအတွက် တရားဝင် (၉)ကြိမ်နှင့် အလွတ်သဘော (၅) ကြိမ်ခန့်တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါသော်လည်း တိုက်ပွဲများယနေ့အထိရှိနေဆဲပင်ဖြစ်သည်။ KIO/KIAသည်၁၉၉၄ ခုနှစ်တွင် အစိုးရနှင့်အပစ်အခတ်ရပ်စဲမှုရယူခဲ့ကာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လ၉ရက်နေ့တွင်နှစ်ဖက်တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့ကြသည်။

**တော်ဝင်ပန်း**

အာမခံချက်အပြည့်အဝပေးနိုင်သော
CENTRA
DIGITAL WEIGHING SYSTEM
"Smart Choice for Smart Business"
စင်ထွာ
မီးလင်းကတ္တား
၀၉.၇၃၀၀.၉၆၄၁၊ ၀၉.၉၁၀၀၀.၇၅၃



ပညာရှင် စာပေတိုက်
အမှတ်(၁၃၀)၊မြေညီထပ်၊ (၃၅) လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁-၂၃၃၃၁၀၊၀၉-၄၂၀၂၈၉၁
Professionalpublishing2010@gmail.com

ဝါဒတစ္ဆေတွင်...
◆ အနာဂါတ်သာသနာကို ကြိုတင်တွေးမြင်သဖြင့် "ဘိက္ခုနီသာသနာပဒေသကျမ်း" ကိုရေးသားမိရာမှ ရဟန်း ရှင်လူ ပြည်သူတစ်ရပ်လုံး၏အုံကြွမှုကို ဖြေရှင်းခဲ့ရသည့် "ရှင်အာဒိစ္စဝံသ" ၏ဖြစ်ရပ်မှန်...။
◆ သာသနာသန့်ရှင်းစေလိုရင်းအကြောင်းပြု၍ "တက်ဘုန်းကြီး" ကိုရေးသားစရာမှ ဝန်ကြီးချုပ်ဦးနုနှင့် သိန်းဖေမြင့်တို့အား သံဃာထုတစ်ရပ်လုံးမကျေနပ်ကြရာ... ရွှေတိဂုံရင်ပြင်၌ တောင်းပန်လိုက်ရသည့် ဖြစ်ရပ်မှန်...။
◆ ကုန်းဘောင်ခေတ်မင်းတုန်းမင်းကြီး၏ "မှန်နန်းဆောင်အရုပ်တော်ပုံ" များကို သမိုင်းတွင် မထိန်မချန် - ဖွင့်အံပြထားချက်များအား ပြန်လည်သုံးသပ်ထားသည့်ဖြစ်ရပ်မှန်များ....။

စသည်....စသည်များကို စာရေးဆရာ သန်းထွန်း(လှည်းကူး) က "ဝါဒတစ္ဆေ" စာအုပ်တွင် ဖွင့်လှစ်ပြထားပြီး။ မောင်ပြည့်ဝ စီစဉ်လျှက် "ပညာရှင်စာပေတိုက်" မှ "ဒုတိယအကြိမ်" ရှားပါးဓါတ်ပုံများနှင့်အတူ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါသည်။

တန်ဖိုး - ၂၅၀၀ ကျပ်

# ဒေါက်တာတူးဂျာကချင်တိုင်းရင်းသားကိုယ်စားပြု ကချင်ပြည်နယ်ဒီမိုကရေစီပါတီတည်ထောင်မှတ်ပုံတင်မည်



မကြာမီ ကချင်တိုင်းရင်း သားကိုယ်စားပြုပါတီအဖြစ် ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (Kachin State Democracy Party)အဖြစ် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲဝင်ရန် မှတ်ပုံတင်သွားမည်ဖြစ်ကြောင်း တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါက်တာတူးဂျာက ပြောသည်။

"ကျွန်တော် KIOအဖွဲ့ကို ၁၉၇၅ ခုနှစ်ဇွန်(၃၀)ရက်နေ့မှာ မိုးကောင်းမြို့ကနေတစ်ဆင့်ခေါ် ဆောင်သွားခြင်းခံခဲ့ရပါတယ်။ အဲဒီအချိန်က သွားဘက်ဆိုင်ရာဆရာဝန်ပါ။ KIO မှာဆေးရုံ အုပ်လုပ်ခဲ့ပါတယ်။ KIO ကိုယ်စားလှယ်အဖွဲ့အတွင်းရေးမှူးအဖြစ် ယိုးဒယား၊ မာနယ်ပလောဘက်မှာ ကိုးနှစ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၉၂/၉၃/၉၄ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။အမျိုးသားညီ လာခံကိုလည်းလေ့လာသူအဖြစ်တက်ရောက်ခဲ့ပါသည်။၂၀၀၃ ဩဂုတ်လမှာ Road Mapပေါ်လာတော့ကျွန်တော်အပါအဝင် (၅)ဦးတက်ခဲ့ပါတယ်။ ၂၀၀၈မှာ အခြေခံဥပဒေပေါ်လာပြီဖြစ်တယ်။ ဒါကြောင့် ကျွန်တော် ၂၀၀၉ စက်တင်ဘာ (၉)ရက်နေ့မှာ KIOအဖွဲ့ ဒုဥက္ကဋ္ဌ (၂)တာဝန်မှ နုတ်ထွက်ခဲ့ပြီး KSPP ပါတီကိုတရား ဝင်တည်ထောင်မှတ်ပုံတင်ခဲ့ပါတယ်။ ဒါပေမဲ့ကေအိုင်အိုမှအသွင်ကူးပြောင်းလာလို့ဆိုပြီး ပါတီမှတ် ပုံတင်ထုတ်မပေးခဲ့ပါဘူး။ ဒါကြောင့် ၂၀၁၂ ခုကြားဖြတ်ရွေး ကောက်ပွဲမှာတစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံဖို့ကြိုးစားခဲ့ရာမှာတော့မိုး ကောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်ရွေးကောက် ပွဲကော်မရှင်ကလက်ခံခဲ့ပါတယ်။ ရွေးကော်ပွဲကျင်းပရန် (၉)ရက် အလိုမှာ နယ်မြေလုံခြုံရေးအရဆိုပြီး ရွေးကောက်ပွဲပြုလုပ်ရန် ရပ်ဆိုင်းထားခဲ့ပါတယ်။

ယခုအခါတစ်သီးပုဂ္ဂလကိုယ် စားလှယ်လောင်းအဖြစ်မ တရားဝင်နုတ်ထွက်လိုက်ပြီဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း တရားဝင်နုတ်ထွက်ခွင့်ပြုကြောင်း စာကို ကျွန်တော်ရရှိပြီးဖြစ်ပါတယ်။ ကျွန်တော်ဟာသူများတွေ ထူထောင်ထားတဲ့ပါတီကိုဝင်ဖို့ ကေအိုင်အိုမှ နုတ်ထွက်ခဲ့တာမဟုတ်ပါဘူး'ဟု ဒေါက်တာတူးဂျာကပြောသည်။

ကချင်တိုင်းရင်းသားကိုယ်စားပြုပါတီတစ်ရပ်ထူထောင်ဖို့ စောင့်ဆိုင်းနေခြင်းသာဖြစ်ကြောင်း သမိုင်းပေးတာဝန်အရ ကချင်တိုင်းရင်းသားပါတီတစ်ခုအဖြစ် ကချင်ပြည်နယ်ဒီမိုကရေစီပါတီကိုမကြာမီ မှတ်ပုံတင်ထူထောင်သွားမည်ဖြစ်ကြောင်း ဒေါက်တာတူးဂျာက ပြောသည်။

**ငြိမ်းချမ်း(MPA)**

## တပ်သိမ်းမြေများပြန်ပေးမှတပ်နှင့်ပြည်သူစိတ်ဝမ်းမကွဲနိုင်

ဩဂုတ်လ (၁၅)ရက်က ပြုလုပ်ခဲ့သောပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက်စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း(၃)နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဆွေးနွေးမှု ပြုလုပ်နေစဉ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်၏ကန့်ကွက်မှုကြောင့်ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်းက တပ်မတော်နှင့် ဆိုင်သည့်အပိုင်း





ကိုဆက်လက်ဆွေးနွေးခြင်းမပြုဘဲ ကျန်သည့်အပိုင်းများကိုသာဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည့်အပေါ် စစမျိုးဆက်(ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)မှလယ်ယာစီးပွားရေးနှင့်တောင်သူလယ်သမားရေးရာ ကော်မတီတာဝန်ခံ ကိုထွန်းမြင့်အောင်နှင့် မြန်မာလူမှုဘဝဖွံ့ဖြိုးရေးကွန်ရက်မှ ကိုနေမျိုးဇင်တို့က ကန့်ကွက်ကြောင်း ဩဂုတ်လ(၁၉)ရက်နေ့တွင် ပြုလုပ်ခဲ့သည့် "လယ်သမားအသံတောင်သူလယ်သမားများ၏အသံကိုစုစည်းခြင်းအခမ်းအနား" တွင် ဖြေကြားခဲ့သည်။

အဆိုပါ တပ်သိမ်းမြေကိစ္စများဆွေးနွေးခြင်းကို ကန့်ကွက်ခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ကိုထွန်းမြင့်အောင်က "မကြာမီ လွှတ်တော်ထဲမှာစစ်တပ်ကသိမ်းထားတဲ့မြေနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က တင်ပြဆွေးနွေးတဲ့အခါ ကန့်ကွက်လို့ လွှတ်တော်ဥက္ကဋ္ဌကတားမြစ်ခဲ့တယ်။ နောက်တစ်ခါအမတ်အဖြစ် ယှဉ်ပြိုင်ရွေးချယ်ခံခြင်းမှရှိဘဲ၊ လွှတ်တော်ရဲ့ ထိုင်ခုံနေတွေကို တစ်ဖက်သတ် ရယူထားတဲ့တပ်မတော်သားကိုယ်စားလှယ်တွေကနေပြီးတော့၊တပ်သိမ်းမြေကိစ္စတွေကို ဆက်မဆွေးနွေးပါနဲ့တော့တဲ့။ ဒါဟာတပ်နဲ့ပြည်သူတွေကြားကို စိတ်ဝမ်းကွဲစေတယ်တဲ့။ ကျွန်တော် ပြောချင်ပါတယ်။ တပ်နဲ့ပြည်သူကြားစိတ်ဝမ်းမကွဲ စေချင်ဘူးဆိုရင် စစ်တပ်ကမတရားသိမ်းပိုက်ထားတဲ့လယ်မြေတွေကိုတောင်သူလယ်သမားတွေဆီကိုချက်ချင်းပြန်ပေးစေချင်ပါတယ်။ ဒါမှသာစိတ်ဝမ်းမကွဲစေနိုင်တာပါ" ဟုဂင်း၏အမြင်ကို ပြောကြားသည်။

မြန်မာ့ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကွန်ယက်မှကိုနေမျိုးဇင်ကလည်းယခုထက်တိုင်တပ်မှသိမ်းဆည်းထားသည့် မြေကိစ္စများနှင့်ပတ်သက်၍ပွင့်ပွင့်လင်းလင်းအစမှအဆုံးပြန်လည်တူးဆွပြီးဖြေရှင်းသင့်ကြောင်း၊ ယင်းအဆိုကို ကန့်ကွက်သည့်ဗိုလ်မှူးချုပ်ကြီးအနေဖြင့် အောက်ခြေတွင်ဖြစ် ပေါ်နေသည့်လယ်သမားထုအကျိုးစီးပွားများကို ထိခိုက်နစ်နာစေခဲ့သည့် တပ်သိမ်းမြေကိစ္စနှင့်လက်ရှိအချိန်ထိထိန်းချုပ်နေဆဲဖြစ်သည့်မြေသိမ်းဆည်းမှုများအပေါ် ရှင်းရှင်းလင်းလင်းအမှန်တရားအတိုင်း မသိဟု မိမိအနေဖြင့် ထင်မြင်ကြောင်း ပြောကြားခဲ့သည်။

**ဝင်းကိုကို**

## လယ်ယာမြေအသိမ်းခံရလို့စွန့်ခွာသွားရင် အမျိုးသားရေး တာဝန်မကျေပွန်ရာရောက်တော့မယ်ဟု သာသနာရေးဝန်ကြီးဦးဆန်းဆင့်ထောက်ပြ



(၁၉. ၈. ၂၀၁၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်ကျုံပျော်ရှိဒေသခံလယ်သမားများအတွက် မြေအဆိပ်ဖြေဆေးပေးအပ်လှူဒါန်းပွဲ၌ သာသနာရေးဝန်ကြီးဌာနသာသနာရေးဝန်ကြီး ဦးဆန်းဆင့်က လယ်သမားတွေ လယ်ယာမြေမစွန့်ဖို့လိုနေပါပြီဟုပြောကြားသည်။

'ကျွန်တော်ဒီနေ့ မြေအဆိပ်ပြေဆေးပေးအပ်လှူဒါန်းပွဲမှာ လယ်သမားများအတွက် စိတ်မကောင်းကြီးစွာပြေရမယ့် စကားကတော့ သူများနိုင်ငံတွေမှာ အလုပ်ကြမ်းသမားဘဝနဲ့ ညှိုးညှိုးငယ်ငယ်သွားရောက် နေကြရတဲ့ လယ်သမားများဘဝကို ကျွန်တော် တွေ့မြင်ခဲ့ရပါတယ်။

'လယ်သမားဘဝသည်အခုဆိုရင် ပြည်ပမှာ လုပ်ကိုင်စားသလိုပြည်ပ မသွားနိုင်တဲ့သူများကြတော့ မြို့ပြကြီးများမှာ ကြုံရာမကျပမ်းလုပ်ကိုင် စားသောက်ရတဲ့အဖြစ်မျိုးနဲ့ ဒ့ါအပြင် တချို့သားသမီးတွေမှာကာရာအိုကေ၊ အနှိပ်ခန်းဇိမ်ခန်းတွေမှာရောက်ရှိသွားရတဲ့ဘဝကို မြင်တွေ့ကြားသိရတဲ့အတွက် ဒီဧရာဝတီတိုင်းရင်းသားညီအစ်ကို မောင်နှမတွေကို ထပ်မံပြီး အသိပေးသင့်လို့ အသိပေးရခြင်းဖြစ်ပါတယ်။

'ကျွန်တော်က ကျုံပျော်မြို့နယ်မှာ မွေးပါတယ်။ ကျုံပျော်မှာကြီးပါတယ်။ ကျွန်တော့်အဖေက ပြည်သူပိုင်မသိမ်းခင် လယ်ဧက (၁၀၀) ရှိပါတယ်။ လယ်ဧက (၅၀) နဲ့ ကျွန်တော်တို့ကို ကျောင်းထားခဲ့တယ်။ ဒီနေ့အချိန်ထိ ဧရာဝတီတိုင်းမှာ လယ်ဧက (၅၀) ရှိပါတယ်။ တိုက်ကြီးမှော်ဘီမှာ ကျွန်တော်လယ်ဧက (၃၇) ဧကရှိပါတယ်။ ကျွန်တော်တို့နေရာတွေမှာ ရေနက်ကွင်းဖြစ်တဲ့အတွက် မြုပ်ချည်တစ်ခါ၊ ပေါ်ချည်တစ်လှည့်ဖြစ်နေပါတယ်။ ရှုံးတဲ့အခါက များပါတယ်။ ဒါကြောင့် လယ်သမားဘဝကို ကျွန်တော် ကိုယ်ချင်းစာပါတယ်။ လယ်သမားသားသမီးဖြစ်တဲ့အတွက် လယ်ကိုမစွန့်နိုင်ပါဘူး။ လယ်ကိုဖက်တွယ်ထားဆဲ ဖြစ်ပါတယ်။ ဘယ်အချိန်ကိုပဲရောက်ရောက် လယ်ကို မစွန့်လွှတ်နိုင်တဲ့သံယောဇဉ်ရှိပါတယ်။ ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံရဲ့စပါးကျီဖြစ်ပြီးပျက်စီးသွားရင် နိမ့်ပါး၍ စီးပွားရေးနောက်ကျပြီး ဆင်းရဲတဲ့ဘဝကိုတဖြည်းဖြည်းရောက်သွားမှာဖြစ်ပါတယ်။ နည်းပညာတွေဖွံ့ဖြိုးတဲ့ ရုပ်ဝါဒတွေဟာ အမတန်ပဲတိုးတက်တယ်ဆိုတာကို လက်ခံပေမဲ့ အစာရေစာမစားဘဲ ဘယ်လူမျိုးဘယ်တိုင်းပြည်မှ မနေနိုင်ပါဘူး။ ရေနံဘယ်လောက်ပဲထွက်ထွက်၊ ဂက်(စ်)တွေဘယ်လောက်ပဲထွက်ထွက်၊ ထမင်းမစားဘဲ ဘယ်သူနေနိုင်လို့လဲ၊ မုန့်မစားဘဲ ဘယ်သူနေနိုင်လို့လဲ အစာရေစာသည် တစ်ကမ္ဘာလုံး အသက်ရှင်ဖို့ပါပဲ။

နောက်တစ်ခုပြောလိုတာက လယ်ယာမြေ အသိမ်းခံရလို့စွန့်ခွာသွားရင် ကျွန်တော်တို့အတွက် အမျိုးသားရေးတာဝန် မကျေပွန်တဲ့သူဖြစ်မယ်။ လယ်ယာမြေကို ဘယ်လိုအကြောင်းကြောင့်မှ စွန့်လို့မဖြစ်ဘူးလို့ပြောချင်ပါတယ်။ လယ်သမားတွေသည် မတတ်သာလို့ လယ်စွန့်ရ တယ်ဆိုတာတော့သိပါတယ်။ ကိုယ့်သားသမီးတွေ ဒီနိုင်ငံမှာ ဘာလို့နိမ့်ကျတဲ့ အလုပ်လုပ်နေရလဲ။ ဘာတွေအမွေပေးခဲ့လဲ။ ဒီကျေးဇူးကို ကျွန်တော် မမေ့ဘူးဆိုတာပြောတာ ဖြစ်ပါတယ်။

ကျွန်တော် ၂၀၁၁ ခုနှစ်က ဗီယက်နမ်တောင်ပိုင်းကို ရောက်သွားတယ်။ ဗီယက်နမ်တောင်ပိုင်းက ကျွန်တော်တို့နိုင်ငံနဲ့ တူပါတယ်။ ဆက်သွားတဲ့ လမ်းတိုင်းမှာလည်း သချိုင်းကုန်းတွေ တွေ့ရတယ်။ စိုက်ပျိုးရေးကို အဓိကထားတဲ့အတွက် ပိန်ပိန်သွယ်သွယ်နဲ့ အလုပ်လုပ်ကြတာတွေ့ရတယ်။ ဝတာသိပ်မတွေ့ရဘူး။ မြန်မာသံရုံးမှာပဲ ဝတာတွေ့ရတယ်။ ဗီယက်နမ်တွေဟာ မြေကြီးကို သိပ်တန်ဖိုးထားတယ်။ သူတို့နိုင်ငံမှာ သူတို့အစိုးရကိုယ်တိုင်ပြည်သူတွေရဲ့ လယ်မြေတွေကို အဆုံးရှုံးမခံဘူး။ လက်ရှိ သချိုင်းအုတ်ဂူတွေကြားမှာတောင် စပါးပင်တွေ စိုက်ထားတယ်။

အစိုးရက သူတို့လယ်သမားတွေအပေါ် အဆုံးရှုံးမခံဖူးသလိုပဲ။ န. ဝ. တ ခေတ်ကတည်းက ဥပဒေရှိပြီးသားပါ။ လယ်ယာမြေတွေကို ပေးချင်တဲ့သူကို ပေးလို့မရဘူး။ လယ်မြေတွေအပေါ် အဆောက်အအုံအခိုင်အမာ ဆောက်လို့မရဘူး။ ကျွန်တော် ရန်ကုန်တိုင်းစစ်ဒေသမှူးဘဝကတည်းက လူကြီးတွေတွေ့မယ့်နေရာ လယ်ကွက်တွေအပေါ် အခိုင်အမာ အဆောက်အအုံရှိရင် ဖျက်ခိုင်းတယ်။ နောက်ကျရင် အိုးအိမ်တွေဖြစ်ပြီး လယ်ယာမြေ ဆုံးရှုံးမှာစိုးလို့ပါ။

အခုဧရာဝတီတိုင်းဒေသကြီးမှာ လယ်တွေယာတွေ ပေါ်နေတယ်ထင်သလား၊ မရှိတော့ဘူး။ လမ်းဘေးပေါ်ပေါ်ထင်ထင်ကြီးတွေမှာဓာတ်ဆီဆိုင်ကြီးတွေ ဂိုထောင်ကြီးတွေဆောက်နေပြီ လယ်သမားတွေလယ်ယာမြေဆုံးရှုံးတဲ့အတွက် ဘယ်လောက်နစ်နာမလဲ လွှတ်တော်မှာအဆိုတင်သွင်းဖူးတယ်။ ကျွန်တော်တို့အောက်ခြေမှာ ဒီအတိုင်းဖြစ်ခဲ့သလားခင်ဗျားတို့စဉ်းစားကြည့်ပါ။ လယ်ယာမြေစွန့်လွှတ်လို့ လယ်ယာမြေဆုံးရှုံးမယ်ဆိုရင် ကျွန်တော်တို့ အနာဂတ်နိုင်ငံ စိုက်ပျိုးရေးဟာ ရင်လေးဖွယ်ဖြစ်မယ်ဆိုတာကို ပြောချင်ပါတယ်'

**နိုးဝင်းနိုင်**

F A C E S Media Group

E-mail. admin@hotnewsweekly.com

**အမှုဆောင်အရာရှိချုပ်နှင့် အယ်ဒီတာချုပ်**
မြမြ
**အတိုင်ပင်ခံ**
မောင်ခိုင်ခန့်(အမျိုးသားစာပေဆု)
**အုပ်ချုပ်ရေးမှူး**
အာရုဏ
**အယ်ဒီတာ**
ကျော်စိန်၊ ဝင်းဇော်(သုံးဆယ်)၊
သေတင်းအေးချမ်း၊ အန်ထော်ဇာ၊
သိုးထိန်း(မြန်မာပြည်သား)

**သတင်း အယ်ဒီတာ**
စွန်ရဲနက်(ရွှေမော်ဝန်း)၊ ဂျော်လီထွန်း၊
**လ/ထ အယ်ဒီတာ (စီမံ)**
မိုးမြင့်ဆွေ
**လ/ထ အယ်ဒီတာ (သတင်း)**
စိုးဝင်းနိုင်၊ အောင်မျိုးဝင်း
**အကြီးတန်းသတင်းထောက်**
ဖြိုးအောင်၊
**သတင်းထောက်များ**
တူးတူး၊ဘိုဘိုမင်း၊ယဉ်ပပထွန်း၊ညီထွေး၊
ညီညီအောင်၊ဝင်းကိုကို၊နောင်နောင်၊ကျော်မာယ

**စာမြင်**
နောင်တင်စိုး
**နယ်သတင်းထောက်များ**
မြင့်အောင်(နေပြည်တော်)
ငြိမ်းချမ်းကို (ပန်းတနော်)
စိုးမိုးကျော်(ရွှေဘို)
ဟသ်ာတောင်တွင်းကြီး
စိုးမိုးထွန်း(မုံရွာ)
အရိန္ဒမာ(ဘိုကလေး)
ကျော်ကျော်ဦး(မြစ်ကြီးနား)
ဦးတင့်လွင်(ဒေးဒရဲ)
ဦးရွှေထူး(ပဲခူး)

**လိုဂိုဒီဇိုင်း**
ဦးတင်ထွဏ်း
**ဘဏ္ဍာရေးနှင့် ငွေစာရင်း**
စုစုဖြိုးအောင်၊ သက်သက်စိုးဦး
**ဒီဇိုင်းအဖွဲ့**
ကိုမျိုး၊ နေလင်း
**စာစီ စာပြု**
နီနီ၊ မေမိုးလှိုင်၊ စိုးမောင်၊ မြတ်သူ
**Website**
သော်ဇင်၊ အောင်သူလင်း
**ပင်တိုင်ဓာတ်ပုံ**
ခင်မောင်ဝင်း(ရွှေအင်းသား)၊

**ဈေးကွက်နှင့် ကြော်ငြာ**
နှင်းနုနုရီ
**ဖြန့်ချိရေးတာဝန်ခံ**
ဟန်ဝေမျိုး၊ ဖြိုးမောင်မောင်
**မြင်ပဆက်သွယ်ရေး**
ဘိုဘိုထွန်း၊ ကောင်းဆက်လင်း၊
အောင်ဆက်ပိုင်၊ အေးကြူ
**ထုတ်ဝေသူ**
ဦးဝေဖြိုးမင်း(ယာယီ-၁၃၉၅)
CTP - ကမ္ဘာဦး
**ပုံနှိပ်** - မိဘအေးရိပ်
၁၅၀၊ ၄၇လမ်း၊ ဗိုလ်တထောင်
**စောင်ရေ - ၃၀၀၀**
**တန်ဖိုး - ၅၀၀**

# တိုင်းပြည်အတွက် အမေကိုနှုတ်ဆက်သွားတဲ့သား အမေမသေခင်တွေ့ပါရစေ အမြန်ဆုံးပြန်လာခွင့်ပေးပါ

ခေတ်စနစ်အခြေအနေအရ အဖေရော၊ အမေရော၊ သားရော ဘဝများစတေးခဲ့ရပြီး လောက ဒဏ်ကိုကြံကြံခံရင်း သားလေး ပြန်အလာကိုမျှော်နေတဲ့ အသက် (၇၅)နှစ်အရွယ်ရှိနိုင်ငံရေးအကျဉ်းသူ အမေဒေါ်တင့်တင့်ဟန်က




"အဖွားက ထူးထူးဟန်ရဲ့ အမေပါကွယ်။ ထူးထူးဟန် (၈၈) ငွေရတုမှာလာမယ်ပြောလို့ အမေစောင့်နေခဲ့တာပါ။ သားနဲ့ခွဲခွာရတာ (၂၂)နှစ်တောင်ကျော်ပါပြီ။ နောက်တော့ သိလိုက်ရတာက ပြည်ဝင်ခွင့်ဗီဇာကိုသြစတေးလျှမှာရှိတဲ့မြန်မာသံရုံးကထူးထူးဟန်ကိုမပေးလို့ မလာရတာဆိုတော့ အဖွား ရင်ထဲဆို့သွားခဲ့ရတယ်။ မကြာသေးခင်ကပဲ သမ္မတကြီးက ပြည်ဝင်ခွင့်တွေပေးတယ် ဆိုတော့ သားက ပြည်ဝင်ခွင့်တင်တာ(၄)ခါရှိသွားပြီ မြန်မာအစိုးအရဘက်က Black list တွေကို ဝင်ခွင့် မပြုလို့ဝင်ခွင့်မရတာလို့ အမေ့ကို ပြောတယ်။ အဖွားကလည်း (၇၅)နှစ်ရှိပြီ။ အဖေကြီးကလည်း(၈၆)နှစ်ဆိုတော့ မသေခင်လေးတော့ ကိုယ့်သားလေးကို တွေ့ချင်တာပေါ့နော်။ အဖွားမှာ သားသုံးယောက်ရှိတာ ဒီနိုင်ငံရေးနဲ့ပဲပြည်ပရောက်ကုန်ကြတယ်။ သားလေး(၅)ညပုဒ်မနဲ့ သာယာဝတီထောင်မှာ ထောင်ကျပြီး ထောင်လွတ်ရက် မှာလွှတ်မပေးပဲ နောက်ထပ် အမှုတပ်ပြီး အစိုးရက (၂၂၄)နဲ့ပြန်စွဲတယ်။ သားလေးမျက်နှာတောင် မြင်ခွင့်မရဘူး။ (၂၂၄)ဆိုတာ ဘာမှုလည်းလို့မသိလို့မေးကြည့်တော့ ထောင်ဖောက်ပြေးရန်ကြံစည်မှုတဲ့ကွယ်။ ထောင်ကထွက်လာတော့လည်း ခဏခဏ လာဖမ်းတော့ ညညတံခါးခေါက်သံကို အဖွားအရမ်းကြောက်တယ်။

သားလေးက အမေ့ဒီအရိပ်မဲကြီးကြောင့် ဒီလိုပဲ ခဏခဏ လာဖမ်းပြီး နှိပ်စက်ညှင်းပမ်းနေဦးမှာပဲ သားသွားတော့မယ်ဆိုပြီး ပထမတော့ တောခိုတယ်လို့ သိလိုက်ရတယ်။နောက်တော့ပြည်ပထွက်ပြေးသွားတယ်။ ညညတံခါးခေါက်ပြီး သားတွေလာဖမ်းလာရှာတဲ့ ဒဏ်မခံနိုင်လို့ အိမ်ရောင်း၊ အိုးရောင်းခွက်ရောင်းပြီး ထွက်ပြေးတာပေါ့။ နောက်ဆုံးကျတော့ ဟိုပြောင်း ဒီပြောင်းနဲ့ အိမ်ငှားနေရတဲ့အဆင့်ဖြစ်သွားတယ်။ နောက်တနေရာရောက်တော့လည်း ဒီလိုပဲ ထူးထူးဟန်ကို အကြောင်းပြုပြီး အဖွားကို ယောနသံစာဖတ်ဝိုင်းအတွက် အဖွားက ငွေသုံးသောင်း ထောက်ပံ့တယ် ဆိုပြီး (၂. ၃. ၉၈)ဖမ်းဆီးချုပ်နှောင်တယ်။ပြီးတော့ကြေးမုံသတင်းစာနဲ့ မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြပြီးအဖွားကိုထောင်ချလိုက်တယ်။

အဖေကြီးကပြောတယ်။ ငါအိမ်ထောင်ဦးစီး ငါ့ကိုဖမ်းလို့ပြောတော့မဖမ်းဘူး "သားဆိုတာ အမေကိုဖမ်းမှထိတာ"အမေပဲဖမ်းမယ်လို့ပြောပြီး စစ်ကြောရေးမှာ နေ့မအိပ် ညမအိပ် စစ်တယ်။ I.C.R.C လာတော့အဖွားကို ခွေးဆောင်မှာဝှက်ထားခဲ့တယ်။ သားက နိုင်ငံခြားကနေ ထောင်ထဲက အမေနဲ့ လူချင်းလဲဖို့ပြန်လာပေမဲ့ အဖွားကခွင့်မပြုခဲ့ဘူး။

အဖွားက ထူးထူးဟန် သြစတေးလျရောက်တာသိရတော့နင်ကတော့ကောင်းတဲ့နေရာ ရောက်နေပြီငှါသားကြီးကတော့ တောခိုသွားတာ ဘယ်ရောက်လို့ ဘယ်ပေါက်နေလဲ မသိဘူး"လို့ ဖုန်းနဲ့ပြောလိုက်တယ်။

အမေက အမေ့ အတ္တပဲ အမေ ပြောတယ်၊ အမေ့သားတွေကိုပဲ သားလို့ ထင်သလား၊ အမေ့သားတွေလိုပဲ သားတို့လို ကျောင်းသားလေးတွေ သေကြ၊ ကြေကြဘဝ ပျက်ကြထောင်ထဲမှာ နှိပ်စက်ညှင်းပမ်းခံကြရတဲ့ သားတို့လို အမေ့သားလေးတွေ အများကြီးပဲလို့ အောင်းမေ့ပြီး အမေဖြေသိမ့်ပါ" အမေတဲ့လို့ ထူးထူးဟန်က ပြန်ပြောတယ်။

ဒီလိုအမေကို ဆုံးမတတ်ပြီး အများကိုကြည့်တဲ့သားလေးမို့ မသေခင်လေး သားလေး ထူးထူးဟန်ကိုတွေ့ရပါစေဟု ရင်နင့်ဖွယ် ပြောပြပါသည်။

**စိုးစိုးနွယ်(ဟိုပင်)**

# ပဋိပက္ခတွေပြေရှင်းနိုင်ဖို့ငါးပါးသီလလုံခြုံရန်လိုအပ်ကြောင်း ဂျပန်ပါမောက္ခပြော



အမေရိကန်နိုင်ငံဗားမောင့်ရှိ နိုင်ငံတကာလေ့ကျင့်ရေးသင်းတန်းကျောင်း (SIT) တွင် ပဋိပက္ခ လေ့လာရေးနှင့် ငြိမ်းချမ်းမှုတည် ဆောက်ရေးဆိုင်ရာတွဲဖက်ပါမောက္ခ လည်းဖြစ် ဗာဂျီနီယာရှိဂျော့မေဆန် တက္ကသိုလ်၊ ပဋိပက္ခလေ့လာရေး နှင့် ဖြေရှင်းရေးဌာန (SCAR) ၏ သုတေသနအဖွဲ့ဝင်လည်းဖြစ် သည့်ပါမောက္ခဒေါက်တာတတ်(စ်) ဆုရှိအရိုင် (Prof:Dr. Tatsush iArai) 'ဗုဒ္ဓနည်းကျပဋိပက္ခလေ့လာရေးနှင့် ငြိမ်းချမ်းရေးချမ်းရေးတည်ဆောက်ရေး' ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၁၈ရက်နေ့ နေ့လယ် ၂နာရီတွင် တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးရှိ အဓိပတိခန်းမ၌ပြုလုပ်သည်။

ပဋိပက္ခများဖြေရှင်းခြင်းနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးများ အတွက် ပါမောက္ခက ပဋိပက္ခတွေကို ဖြေရှင်းနည်း (၂၀၀) ကျော်ရှိပါတယ်။ ဗုဒ္ဓဘာသာနည်းနဲ့ ဖြေရှင်းနည်းတွေကိုပြောချင်ပါတယ်။ ပဋိပက္ခတွေဖြစ်ပြီးရင် ဆူပူအကြမ်းဖက်တွေဖြစ်လာမယ်။ တစ်ဦးနဲ့တစ်ဦးကြားဖြစ်ပဋိပက္ခကို ဘယ်လိုကူးပြောင်းပြီး လေ့လာဖြေရှင်းမလဲ။ လူတစ်ဦးချင်းကနေ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ဖြစ်ပေါ်လာတဲ့ပဋိပက္ခကို ဖြေရှင်းဖို့အတွက် ငါးပါးသီလလုံခြုံမှုဟာ အရေးကြီးတယ်။ သူများမပေးဘဲမယူဘူး ဆိုတာနဲ့ ရပ်တန့်မနေပါနဲ့ သမာအာဇီဝလုပ်ပြီး ရပ်တည်ဖို့လိုတယ်။ သူတစ်ပါးအသက်ကို မသတ်ရုံနဲ့မပြီးပါဘူး။ သူတစ်ပါးအပေါ်ကို မေတ္တာထားတတ်ဖို့လိုအပ်တယ်။ အရက်သေစာမသောက်စားဘူးဆိုတာနဲ့ မပြီးဘူး၊ ဘယ်လိုသတိပြု နေမလဲဆိုတာ စဉ်းစားရမှာဖြစ် တယ်။ သူတစ်ပါးကို မလိမ်ဘူးဆိုတာနဲ့ ရပ်မနေဘဲ အမှန်တရားကိုလည်း ပြောတတ်ဖို့ကျင့်ကြံရမယ်။ မိမိလည်းအမှန်တရား ပြောတတ်အောင် လေ့ကျင့်သလို ပတ်ဝန်းကျင်ကိုလည်း အမှန်တရားတွေ ပြောတတ်လာအောင် ပျိုးထောင်ပေးရမှာဖြစ်'ဟု ထည့်သွင်းဆွေးနွေးသွားပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ဆရာတော်ဓမ္မပိယ၊ ဒေါက်တာ ခင်မောင်ညို၊ ဦးလှမြင့်တို့ကလည်း ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

**မျိုးကျော်**

# ခွေးရူးကိုက်ခံရသော ကလေးငယ် ဆေးမကုနိုင်လို့ကူပါကယ်ပါဖြစ်

ဩဂုတ် ၁၆ ရက်နေ့ ည ၈ နာရီခန့်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ၁၀၅ ရပ်ကွက်ရှိအသက် ၆ နှစ်အရွယ်ကလေးငယ်တစ်ဦး ခွေးရူးအကိုက်ခံရသဖြင့် ရောင်နီသစ်ပရဟိတအဖွဲ့နှင့် NLDပါတီမှ လိုက်လံကူညီပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဌာနသို့ပို့ ဆောင်ပေးရာတာဝန်ကျဆရာဝန်မှ ငွေတစ်သိန်းခွဲမပါလျှင် ခွေးရူးကာကွယ်ဆေးထိုးပေးရန်မဖြစ်နိုင်ကြောင်း နိုင်ငံတော်ကလည်းက ဆေးချပေးမထားကြောင်း ပြောလိုက်သည်ဟု ကာယကံရှင်များက ပြောပါသည်။

ခွေးရူးကိုက်ခံရသည့်ကလေးမှာ လည်ပင်းကို ကိုက်မိသောအစွယ်ပေါက်ရာနေရာမှ သွေးများပန်းထွက်နေသဖြင့် ပတ်ဝန်းကျင်မှ ရပ်ကွက်သူရပ်ကွက်သားများနှင့်အတူ ရောင်နီသစ်ပရဟိတအဖွဲ့ဝင်များ ၁၀၅ ရပ်ကွက် NLD ပါတီဝင်များက သယ်န်းကျွန်း စံပြဆေးရုံသို့ ဦးစွာလိုက်ပို့ကြသည်။ သယ်န်းကျွန်းစံပြဆေးရုံတာဝန်ခံဆရာဝန်မှ ၎င်းတို့ဆေးရုံတွင် ခွေးရူးရောဂါတိုးဆေးမရှိကြောင်း ရန်ကုန်ဆေးရုံကြီးကို အမြန်ဆုံးသွားရန်လိုကြောင်း ပြောသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ရာ ဆေးရုံကြီးအရေးပေါ်ဌာနတာဝန်ခံဆရာဝန်တစ်ဦးမှ ည ၉နာရီခွဲ အချိန်ခန့်တွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

'စံပြဆေးရုံဆိုရင် တကယ်ကောင်းပါတယ်။ ဒါပေမဲ့သူတို့မှာ ဆေးမရှိလို့ ရန်ကင်းဆေးရုံကို ဖုံး ဆက်သေးတယ်။ ရန်ကင်းကဖုံးပြန်ဝင်လာတယ်။ သူတို့မှာလဲ ဆေးမရှိဘူးတဲ့ဒါနဲ့ ရန်ကုန်ဆေးရုံကြီးကိုသွားရတာ ဆေးရုံကြီးရောက်တော့ ၉နာရီကျော်ပြီ အရေးပေါ်ဌာနကိုရောက်တာနဲ့ ပိုက်ဆံပါလားလို့ အရင်မေးတယ်။ တစ်သိန်းခွဲနဲ့ဆေးထိုးရမယ်။ လောလောဆယ်ထိန်းထားတဲ့ ဆေးကိုလေးသောင်းခွဲပေးရမယ်။ သမီးတို့လည်းပါသွားတဲ့ ပိုက်ဆံနဲ့လေးသောင်းခွဲတန်ဆေးထိုးထားတယ်။ ဒဏ်ရာလေး နေရာပေါ်ကို ထိုးတာ ဆေးရုံတင်ထားဖို့လည်းမပြောလို့ ပြန်ခေါ်လာရတယ်။ အခုလမ်းထဲမှာရှိတဲ့လူကြီးတွေဆီမှာ လိုက်အလှူခံတာ နှစ်သောင်းခွဲတော့ရထားတယ်။ ၂၃ ရက်နေ့နဲ့ ရှေ့လ ၇ရက်နေ့မှာက တစ်သိန်းခွဲဆေးထိုးရမှာ နိုင်ငံတော်က ချပေးထထားတဲ့ ဆေးမရှိဘူးလို့ ပြောလိုက်တာကိုသမီးတို့က မခံချင်တာဟု မခင်မျိုးချစ်ကပြောသည်။ ကလေး၏ဖခင်ဖြစ်သူဦးမောင်ဇော်မှာ စိတ်ဝေဒနာရှင်တစ်ဦးဖြစ်ပြီး မိခင်မှာလည်း မရှိတော့သဖြင့် ကလေးကို ရပ်ကွက်ကပင်ကျွေးမွေးစောင့်ရှောက်ထားရကြောင်း သိရသည်။

ရန်ကုန်ဆေးရုံကြီး လက်ထောက် ဆေးရုံအုပ်ကြီးက'ကျွန်မက ပြင်ပလူနာဌာနကဆိုတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီးဘာမှမသိပါဘူး။ ဒါနဲ့ပတ်သက်ပြီးတိုင်းကြားချင်တယ်ဆိုရင် ဆေးရုံအုပ်ကြီးထံကို စာနဲ့ရေးပြီး တိုင်လို့ရပါတယ်'ဟု ပြောကြားခဲ့သည်။

ခွေးရူးကိုက်ခံရသော ကလေးငယ်ကို ယခုအခါနာ/ကူ (ရန်ကုန်)မှ ထူတောင်ထားသော သုခဆေးခန်းမှ ကုန်ကျခံကုသပေးနေကြောင်း အဆိုပါဆေးခန်းတာဝန်ရှိသူတစ်ဦးထံက သိရသည်။

**ဇော်မြင့်၊ မြိုးအောင်**

# မူလတန်းကျောင်းသားတစ်ဦး ဆရာမကတ်ကြေးကြောင့် သေဆုံး

ဩဂုတ် ၉ရက် ညနေ ၄း၃၀ နာရီခန့်က နန်းတက်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ခူးပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကလေး တစ်ဦး ကတ်ကြေးဖြင့် ထိုးမိ၍ သေဆုံးကြောင်း သတင်းပေးပို့လာသဖြင့် နန်းတပ် ရဲစခန်းမှူး ဒုရဲအုပ်ကျော်သန်းနှင့်အဖွဲ့ သည် သက်သေခူးပန်း ကျေးရွာ အဖွဲ့ခေါင်းဆောင်ဦးမောင်အောင်တို့နှင့်အတူ သွားရောက်စစ်ဆေးကြရာခူးပန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းစတုတ္ထကျောင်းသား ကျော်နိုင်ဦး(၁၁)နှစ်သည် ဆရာမဒေါ်ဝင်းလှဲ့လှဲ့နိုင်၏ကျောင်းအသုံးအဆောင်ထည့်သောဆွဲခြင်းမှ ကတ်ကြေးကို ဆရာမ မရှိခိုက်ခံ့ပေါ်တက်ယူပြီး ပြန်အဆင်းတွင် ခြေချော်၍လဲကျရာမှ ၎င်းကိုင်ဆောင်ထားသောကတ်ကြေးဖြင့် ညာဘက် လည်ပင်းကို စိုက်ဝင်ပြီးသွေးထွက်လွန်ကာသေဆုံးရသည်ဟုဆို၏။ အဆိုပါ သေမှုသေခင်းတွင်သေဆုံးသူကျော်နိုင်ဦး(၁၁)နှစ်၊ စတုတ္ထတန်းကျောင်းသား၊ ခူးပန်းကျေးရွာ၊ အခြေခံမူလတန်းကျောင်း၊ ပင်လည်ဘူးမြို့နယ်ကို ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ်ကို ပင်လည်ဘူးမြို့နယ် ရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုငြိမ်း(ကောလင်း)**

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug 2013

# စည်ပင်က ကားပါကင်ပြုလုပ်ခြင်းကို(ဖဆပလ)ပြည်သူများကန့်ကွက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်းရှိ တိုက်အမှတ်(၅၅)ရှေ့တွင် ခြံစည်းရိုးနယ်နိမိတ်ကိုကျော်လွန်၍ တိုက်ရှေ့မျက်နှာစာဖိနပ်ချွတ်မှတစ်ပေခန့်သာသာ အကွာအထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကားပါကင်ပြုလုပ်ရန်ဆောင်ရွက်နေမှုကို အဆိုပါတိုက်နေပြည်သူများကကန့်ကွက်ကြောင်းသတင်းစာရှင်းလင်းပွဲကို ဩဂုတ်လ (၁၆) ရက်နေ့တွင် မြန်မာဂျာနယ်ကွန်ရက်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည်ရန်ကုန်မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုလျော့နည်းစေရန် လမ်းများတိုးချဲ့၍ ယာဉ်ရပ်နားရန် နေရာများဖော်ထုတ်သည့် စီမံကိန်းတွင်ပါဝင်သော ဒေါ်သိန်းတင်လမ်းနှင့် အထက်ပန်းဆိုးတန်းလမ်းဆုံရာနေရာမှ မြို့ထဲဘက်သို့ ဦးတည်၍ လမ်း၏ယာဘက်လမ်းတစ်လျှောက်ကို ကားပါကင်ပြုလုပ်ရန် (၃၄) ပေခန့်ကျယ်ဝန်းသော လမ်းမြေနေရာအကျယ်အဝန်းကို တိုးချဲ့ခဲ့ပါသည်။ အဆိုပါတိုးချဲ့မှုမှာ ယခုအခါ မိမိတို့ တိုက်ရှေ့သို့ ရောက်လာကြောင်း၊ ယခင်က မိမိတို့ တိုက်ရှေ့ (၁၂) ပေခန့်အကွာတွင် အိုးအိမ်ဦးစီးဌာနမှ သတ်မှတ်ပေးထားသော တိုက်ခြံစည်းရိုးကို ကျော်လွန်၍ စည်ပင်မှ တိုက်ရှေ့ဖိနပ်ချွတ်အထိ ၎င်းတို့ပိုင်နက်ဟု ပြောဆို၍ မြေနေရာရှင်းလင်းတိုးချဲ့ကာ ကားပါကင်ပြုလုပ်မည်ဖြစ်သောကြောင့် ယခုလိုကန့်ကွက်ရခြင်းဖြစ်ကြောင်း ဦးသက်ဒွေးအောင်က ပြောကြားသည်။



"ကျွန်တော်တို့နေတဲ့အမှတ်(၅၅) ကို အိုးအိမ်ဦးစီးဌာနက ဖဆပလ ရပ်ကွက်ဆိုပြီး အိမ်ယာမဖော်ကတည်းက ခြံစည်းရိုးနဲ့ သေသေချာချာလုပ်ပေးထားတာ။ စည်ပင်က အခုကားပါကင်လုပ်ဖို့ဆိုပြီး လမ်းချဲ့ဖို့ မြေတိုင်းတော့ ပန်းဆိုးတန်းလမ်းအလယ်ကိုလမ်းအလယ်မယူဘဲ ကျွန်တော်တို့ဘက်ခြမ်းလမ်းဘေးကနေတိုင်းပြီး ကျွန်တော်တို့တိုက်ရှေ့ဖိနပ်ချွတ် (မြေညီထပ်ခန်းမျက်နှာစာနှင့် ၁ ပေခန့်အကွာ)အထိ စည်ပင်ပိုင်မြေထဲပါတယ်ဆိုပြီး တိုက်ရှေ့က မလွတ်တဲ့အမိုးတွေဖယ်ခိုင်းတယ်။ ကျွန်တော်တို့ကို ၁၉၈၈ ခုနှစ်ကတည်းက အိုးအိမ်ဦးစီးအဆက်ဆက်ကတိုက်ခြံစည်းရိုးရှေ့မြောင်းအထိ အိုးအိမ်ဦးစီးဌာနပိုင်မြေလို့ ပြောခဲ့ကြတယ်။ အခုတိုက်ရဲ့တစ်ပေလောက်အကွာထိ သူတို့ပိုင်တယ်ဆိုပြီး ကားပါကင်လုပ်မယ်ဆိုတော့ တိုက်နေပြည်သူတွေရဲ့ လုံခြုံရေးနဲ့ အခုရှိခြံစည်းရိုးကို မထိခိုက်ဘဲ ကားပါကင်ပြုလုပ်ထားတဲ့ အကျယ်အဝန်းက ပေ၂၀ ကျော်ရှိတဲ့အတွက် လုံလောက်တယ်လို့ ထင်ပါတယ်"ဟုအထက်ပါပုဂ္ဂိုလ်ကထပ်မံပြောကြားသည်။

တိုက်အမှတ် (၅၅) မြေညီထပ်တွင်နေထိုင်သော ဒေါ်ခင်ထွားကလည်း မိမိတို့လက်ရှိနေထိုင်နေသည့် တိုက်ခန်းသည် ဘေးပြူတင်းပေါက်များမပါရှိ၍ ရှေ့ဝင်ပေါက်တစ်ပေါက်သာရှိသောအခန်းဖြစ်သည့်အတွက်အိမ်ရှေ့ခန်းနားရောက်သည်အထိ ကားပါကင်ပြုလုပ်ပါကတိုက်နေပြည်သူများအနေဖြင့်အချိန်မရွေးရာဇဝတ်မှုကျူးလွန်ခံရနိုင်ကြောင်း၊ထို့အတူ ကားရပ်နားစဉ်ကားမှထွက်ရှိသော အိတ်ဇောငွေ့များရှူရှိုက်ရခြင်းကြောင့် ကျန်းမာရေးထိခိုက်ခြင်းနှင့် တိုက်ခန်းနေပြည်သူများ၏ အေးချမ်းသာယာစွာနေထိုင်နိုင်ခြင်းမရှိသည့်ကိစ္စရပ်များဖြစ်ပေါ်လာပါက ယာဉ်ရပ်နားသည့်ကားပိုင်ရှင်များ၊ လမ်းသွားလမ်းလာများနှင့် ပြဿနာဖြစ်ပွားနိုင်သောကြောင့် တာဝန်ရှိသူများအနေဖြင့် သိရှိနိုင်ရန် ယခုလို ကန့်ကွက်ရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အဆိုပါ ဖဆပလ တိုက်အမှတ် (၅၅) တိုက်ခန်းသည် ၆ ခန်းတွဲပါ (၄) ထပ်အဆောက်အအုံဖြစ်၍ လူဦးရေ ၈၀ ကျော်ခန့်နေထိုင်လျက်ရှိကြောင်း သိရသည်။

ဝင်းကိုကို

## ဆင်းရဲမှုလျှော့ချဖို့ စိုက်ပျိုးရေးစရိတ်ငွေချေးခြင်းမှာ အကောင်းဆုံးနည်းလမ်းမဟုတ်သေး



ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်၌ တောင်သူလယ် သမားများအား စိုက်ပျိုးစရိတ် ထုတ်ချေးခြင်းသည် အကောင်းဆုံး နည်းလမ်းမဟုတ်ကြောင်း Country Agency For Rural Development (CAD) မှ Founding Director ဂျိုးဇက်ကုန်ဇမှုန်းက ပြောသည်။

၎င်း၏ လေ့လာတွေ့ရှိချက်များအရ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းသည် ငွေချေးသူသာချမ်းသာသွားပြီး ဆင်းရဲသားများသည် ပိုပို၍ဆင်းရဲသွားကြောင်းဂျိုးဇက်ကုန်ဇမှုန်းကဆို သည်။

"ကျွန်တော်နိုင်ငံတကာကို လေ့လာကြည့်တဲ့အခါမှာစိုက်ပျိုး စရိတ်ထုတ်ချေးတယ်ဆိုတာရှိပါတယ်။ ဒါပေမယ့် ချေးငွေဆိုတာ ချေးပြီးပြန်ပေးရမှာလေ။ ချေးလိုက်တယ်။ စိုက်တယ်။ ဘယ်လောက်ပြန်ထွက်မလည်းဆိုတာ အာမမခံနိုင်ဘူး။ သဘာဝဘေးအန္တရာယ်တွေ ဖြစ်လာရင် ဒီချေးငွေတွေက ဒီနှစ်သဘာဝဘေးအန္တရာယ်တွေကြောင့် စပါးမထွက်ဘူးလို့ ပြောလို့မရဘူး။ ခင်ဗျားတို့ဆီက တစ်ခုခုကိုသိမ်းမှာပဲ။ ချေးငွေချေးတယ်ဆိုရင် လုံလုံလောက်လောက်ပေးပါ။ တစ်ဧကကို ငါးသောင်း၊ ရှစ်သောင်းပေးတာဟာသူတို့တွေ အတွက် မလုံလောက်ပါဘူး"ဟု ဂျိုးဇက်ကုန်ဇမှုန်းကပြောသည်။

ငွေချေးသူ၁၀၀၌၈၀ရာခိုင်နှုန်းသည် မချမ်းသာကြောင်း အရပ်ဖက်လူမှုအဖွဲ့အစည်း NGO, INGO ကုလသမဂ္ဂနှင့် မြန်မာ နိုင်ငံအစိုးရတို့သည် ငွေချေးသည့်စနစ်အားပယ်ဖျက်သင့် ကြောင်း၎င်းက ဆက်လက်ပြောသည်။

"ပေးချင်ရင်ပေးလိုက်ပါ။ ချေးတယ်ဆိုတာတော့မလုပ်ပါနဲ့။ ကျွန်တော်တို့လည်း အဲ့ဒီလိုပဲချင်းတောင်ကလယ်သမားတွေဆိုရင် တစ်ဧကကို ငွေနှစ်သိန်းပေးပါတယ်။ အဲ့ဒီနှစ်သိန်းဟာသူတို့ စိုက်ပျိုးရေးအတွက် စရိတ်ပါပြန်ပေးစရာမလိုပါဘူး။ ငွေချေး တဲ့သူတွေကအချိန်တန်ရင် အတိုးကော အရင်းကောပြန်ရတယ်။ ဆင်းရဲသားတွေကသာ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး ဒီသံသရာထဲမှာကျန်နေခဲ့တာပါ" ဟုပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်များတွင် နေထိုင်လျက်ရှိပြီး ယင်း၇၀ ရာခိုင်နှုန်းမှ၅၀ရာခိုင်နှုန်းသည် လယ်သမားများဖြစ်သည်။

HN.009

## အပြည်ပြည်ဆိုင်ရာသင်္ဘောများမှအပအခြားရေယာဉ်များကို တရားမဝင်ပစ္စည်းများ သယ်ဆောင်ခြင်းရှိ မရှိ စစ်ဆေးတော့မည်

တရားမဝင်ကုန်သွယ်မှုပပျောက်ရေးအဖွဲ့ Mobile Team အနေဖြင့်ကုန်းလမ်းဖြင့်ဝင်ရောက်လာသော တရားမဝင်ကုန်ပစ္စည်းများအား စစ်ဆေးကာ အရေးယူလျက်ရှိနေသကဲ့သို့ ယခုအခါ တရားမဝင်ကုန်ပစ္စည်းများအားရေကြောင်းမှတစ်ဆင့်တင်သွင်းခြင်းများကိုပါ စစ်ဆေးကာအရေး ယူသွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ် ရေးဗဟိုကော်မတီမှ သိရသည်။

ယင်းကဲ့သို့ ရေကြောင်းမှ တင်သွင်းသောတရားမဝင်ပစ္စည်းများကို စစ်ဆေးအရေးယူမှုကို ပညာပေးကာလအဖြစ် ဩဂုတ် ၁၂ ရက်နေ့မှ ၃၁ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း Mobile Team အဖွဲ့မှ ဒုညွှန်ကြားရေးမှူးဦးတင်လက်ကပြောသည်။

"ဒီပညာပေးကာလအတွင်းမှာတော့ဒဏ်ကြေးငွေပေးဆောင်ပြီးတော့ အရေးယူမယ်။ ပညာပေးကာလကျော်ရင်တော့ ပို့ကုန်သွင်းကုန်ဥပဒေနဲ့အရေးယူဆောင်ရွက်မှာပါ" ဟု ဦးတင်လက်က ဆိုသည်။

အဆိုပါကဲ့သို့ တရားမဝင် ကုန်ပစ္စည်းများအား စစ်ဆေးရာ၌ (တောကလှ) ပင်လယ်ဝတွင် စစ်ဆေးမည်ဖြစ်ပြီး စစ်ဆေးခံရ မည့် ရေယာဉ်များတွင် အပြည် ပြည်ဆိုင်ရာရေကြောင်းလိုင်း သင်္ဘောများမှအပ ပြည်တွင်းကမ်းရိုးတန်းသွားရေယာဉ်များ၊ ခရီးသည်တင်ရေယာဉ်များ၊ စက်မဲ့ရေယာဉ်တွဲများပါဝင်ကြောင်း သိရသည်။

"ကျွန်တော်တို့ Mobile Team အဖွဲ့အနေနဲ့ တရားမဝင်ကုန်ပစ္စည်းစစ်ဆေးတဲ့အခါမှာ(တောကလှ) ပင်လယ်ဝ၊ ရန်ကုန်မြစ်၊ လှိုင်မြစ်နဲ့ ကမ်းရိုးတန်း ရေယာဉ်တွေဆိုက်ကပ်တတ်တဲ့ ယုဇန၊ သာကေတ၊ နန်းသီတာ၊ ဝါးတန်း၊ ချောင်းဝ၊ ဘုရင့်နောင်၊ ဗားဂရာဆိပ်ကမ်းတွေမှာစပြီးတော့ စစ်ဆေးနေပါပြီ။ နောင်ဆိုလည်း အမြဲတန်းစစ်ဆေးသွားမှာပါ"ဟု ဦးတင်လတ်က ထပ်လောင်းပြောသည်။

မျိုးအောင်



## ရန်ကုန်တိုင်းစည်ပင်သာယာနယ်နမိတ်အတွင်း ဆိုင်ကယ်မစီးရသတ်မှတ်ထားသော နယ်မြေများအတွင်း ဆိုင်ကယ်စီးနင်းပါက ဆိုင်ကယ်ရောလူပါအရေးယူမည်

"ဆိုင်ကယ်မစီးရ"ဟု ဥပဒေတစ်ရပ်အဖြစ် ထုတ်ပြန်ထားသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆိုင်ကယ်မစီးရ နယ်မြေများတွင် ဆိုင်ကယ်များပိုမိုဆိုးရွားစွာ စီးနင်းမှုဖြစ်ပေါ်နေခြင်း ဆိုင်ကယ်စီးသူများမှာ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနားမလည်ခြင်း၊ ဆိုင်ကယ်စီးနင်းခွင့်လိုင်စင်မရှိခြင်း ဆိုင်ကယ်လိုင်စင်မရှိခြင်း၊ ဆိုင်ကယ်ကိုဖြစ်သလို ကုန်နှင့်လူအမြောက်အမြားတင်၍ စီးနင်းခြင်းတို့မှာ တစ်နေ့တစ်ခြား သက်ဆိုင်ရာနယ်မြေများအလိုက် ထိန်းသိမ်းကြပ်မတ်နေသော်လည်းပိုမိုဆိုးရွားလာခြင်းကြောင့် ယခင်က ဆိုင်ကယ်သိမ်း အရေးယူနေရာမှ ယခုအခါဆိုင်ကယ်ရောလူပါဥပဒေအရအရေးယူရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူများမှ ဩဂုတ်လ ၁၆ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးတာဝန်ရှိသူများအား ညွှန်ကြားလိုက်ကြောင်း သိရသည်။

ရပ်ကွက်နေပြည်သူများအနေဖြင့် ဥပဒေနှင့်အညီ ထုတ်ပြန်သည့်အမိန့်များကိုပြည်သူများကလည်း တစ်လေးတစ်စားလိုက်နာဖို့ လိုအပ်ကြောင်း၊ တာဝန်ရှိသူများကလည်းလိုအပ်လျှင် ပြန်လည်ပြင်ဆင်သင့်ကြောင်း၊ဥပဒေကို ပြည်သူတွေလေးစားလိုက်နာအောင်တိတိကျကျ လုပ်ဆောင်သင့်ကြောင်း၊ မလုပ်ဆောင်လျှင် ထုတ်ပြန်ထားသည့်ဥပဒေမှာမည်သူမှဂရုမစိုက်ဘဲအဂတိလိုက်စားမှုတွေ ဖြစ်လာကြောင်း၊ တချို့ပြည်သူတွေကတော့ သွားရေးလာရေး အဆင်ပြေတယ်။ ယခင်က ဆိုက္ကားတွေရှိတယ်။ အခု ဆိုက္ကားတွေ မရှိတော့ဘူး။ ဆိုင်ကယ်တွေကို စနစ်တကျ ဥပဒေနဲ့အညီ ပြေးဆွဲခွင့်ပေးရင်တော့ ဥပဒေနှင့်အညီ ထိန်းကျောင်းလို့ရမယ်။ အခုဟာက ခွင့်မပြုတော့ ခိုးကြောင်ခိုးဝှက်စီးနင်းရတာရယ်။ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနားမလည်ဘဲ အကုန်တက်စီးနေကြတယ်။ ဖြစ်ပေါ်နေတာကတော့ ရပ်ကွက်တွေထဲမှာ သွားရေးလာရေး အဆင်ပြေတယ်။ ယာဉ်တိုက်မှုတွေကတော့ ပိုများလာတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေမှလုပ်ထုံး လုပ်နည်းများကိုသေချာစွာချမှတ်ပေးရင်တော့ ကောင်းမှာပဲဟုပြောဆိုနေလျက်ရှိပါသည်။ ဆိုက်ကယ်တွေအများစုကတော့ လမ်းပိတ်ဆို့ရပ်ပြီး လူခေါ်ခြင်း၊ ဆိုင်ကယ်အများစုမှာ အုပ်စုဖွဲ့၍ ရမ်းကားမှုများပြုလုပ်ခြင်း၊ တချို့စည်းစနစ်နှင့် ပြုလုပ်ဖို့ ပြေးဆွဲဖို့ ဆိုဆုံးမသူများကိုလည်း စည်းကမ်းမဲ့သူများက ရမ်းကားခြင်းများဖြစ်ပေါ်နေသလိုရပ်ကွက်ထဲမှာမဆင်မခြင်ဖြစ်သလို မောင်းနှင်ပြီး ညအချိန်မှာပါ ဆိုင်ကယ်တွေကို အိပ်ဆောဖြုတ်သီချင်းဖွင့်လုပ်ရပ်တွေက တအားဆိုးကြောင်းပြောဆိုနေမှုအား ရေးသားတင်ပြလိုက်ရပြီး လူကိုပါအရေး ယူရင်တော့ လိုင်စင်မဲ့ဆိုလျှင် သွင်းကုန်ထုတ်ကုန် ဥပဒေနှင့်ပါအရေးယူလာဖို့ဖြစ်နိုင်ကြောင်း ဥပဒေပညာရှင်တစ်ဦးမှလည်း ထောက်ပြပြောသည်။

အောင်ဇင်

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug, 2013




မနေးမြန်စွာ
ဆက်သွယ်ပါ
ဩဂုတ်လ ၃၀ ရက် မှ ၃၁ ရက်ထိ

စင်ကာပူနိုင်ငံ Parkway Cancer Centre မှ
ကင်ဆာအထူးကုဆရာဝန်ကြီး Dr.Khoo Kei Siong နှင့်
ဓာတ်ရောင်ခြည်သုံးကင်ဆာအထူးကုဆရာဝန်ကြီး Dr.Lee Kim Shang တို့သည်
မြန်မာနိုင်ငံသို့ လာရောက်၍ လူနာကြည့်ရှုမည်ဖြစ်ပြီး
သွေးရောဂါနှင့်ကလေးကင်ဆာအထူးကုဆရာဝန်ကြီး Dr.Aung Le Le သည်
ကျန်းမာရေးဟောပြောပွဲ ပြုလုပ်မည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ
အောက်ပါ မြန်မာပြည်ရုံးခွဲများတွင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

PCC
PARKWAY CANCER CENTRE

CANHOPE REGIONAL CENTRE

ရန်ကုန် အခန်း(G-07)၊ မြေညီထပ်၊ ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်။ ဖုန်း - ၀၁ ၅၃၂၄၃၈၊ ၀၁ ၅၃၂၄၄၇
မန္တလေး ဒုတိယထပ်၊ Royal Rose ဆေးရုံကြီး ၊ အမှတ်(၂) ၊
၃၁ x ၃၂ လမ်းကြား၊ ၇၇ x ၇၈ လမ်း ကြား၊
ချမ်းအေးသာဇံမြို့နယ်။ ဖုန်း - ၀၉ ၄၀၂၆၅၇၈၂၇၊
၀၂ ၆၉၄၈၇၊ ၀၂ ၆၉၈၀၅ ၊ ၀၂ ၆၉၅၅၄ လိုင်းခွဲ -၂၇၄

24-HR HOTLINE : 09 5136584, 09 43119729, 09 73147817

ရွှေမြင်းရာဇာဆေးခန်း

✚ ကျောက်တည်သော ဝေဒနာရှင်များအတွက်

ရွှေမြင်းရာဇာ ဆေးခန်းမှ ကျောက်ကပ်၌ ကျောက်တည်ခြင်း။ ဆီးအိမ်၌ကျောက်တည်ခြင်း။ သည်းခြေ၌ ကျောက်တည်ခြင်း။ ဆီးလမ်းကြောင်း၌ ကျောက်တည်ခြင်းများကို ခွဲစိတ်စရာမလိုဘဲ ဆေးသောက်ရုံဖြင့် သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ခေတ်မီတိုင်းရင်းဆေး နည်းပညာဖြင့် ထုတ်လုပ်ထားသောကြောင့် ဘေးထွက်ဆိုးကျိုးမရှိ အာမခံဖြင့်ကုသပေးနေပါသည်။

✚ အသည်းရောဂါ ဝေဒနာရှင်များအတွက်

အသည်းရောင်အသားဝါရောဂါ၊ အသည်းခြောက်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ ရေဖျဉ်းစွဲခြင်းစသော အသည်းရောဂါ အမျိုးမျိုးတို့ကို ကုသပေးနေပါသည်။ ဤဆေးကို တစ်ခါသောက် ဆေး ၂ တောင့်၊ တစ်နေ့ ၂ ကြိမ်မှ ၃ ကြိမ်ထိ သောက်သုံးခြင်းဖြင့် ၃ လအတွင်း မိမိခံစားနေရသော ဝေဒနာများ ထူးခြားသိသာစွာသက်သာစေပါသည်။ ၃လအတွင်း ထူးခြားမှုမရှိပါက ကုန်ကျငွေအားလုံးပြန်အမ်းပေးပါမည်။

လိင်ခေါင်းရောဂါ၊ ဂရင်ဂျိနာ ဝေဒနာရှင်များအတွက်

ခွဲစိတ်ရန် မလိုပါ။ နာကျင်မှုမရှိပါ။ အလုပ်အကိုင်မပျက်ပါ။ ဆေးရုံတက်စရာမလိုပါ။ ဈေးနှုန်းသက်သာစွာဖြင့် ဘေးထွက်ဆိုးကျိုးမရှိ ကုသပေးနေပါသည်။

မြောက်ဥက္ကလာပ -၁၂၈၊ ၁၂၁ - ၄၃ (အဖြူ)မြို့ထဲ - ရွှေစည်သည်(၂)၊ ၈၆၊ ၉၆
ဗိုလ်တထောင် - ၉၆၊ ၁၀၀ သဃ်န်းကျွန်း - ၉၆(လှိုင်သာယာကားစီး) တောင်ဥက္ကလာပ - ၁၇၆၊
မင်္ဂလာဒုံ ၁၄၆ စီး၍အဆင့်မြင့်မှတ်တိုင်စီးပါ။

လိပ်စာ - တိုက် (၂၁)၊ အခန်း ၆ ၊ နဝဒေးအိမ်ရာ ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-689711 , 689710 , 09 5003436 , 09 4200 53888

POPULAR PLASTIC Industry Group

SINCE : 1985

လူသုံးကုန်ပစ္စည်းအမျိုးပေါင်း(၆၀၀)ကျော် ထုတ်လုပ်ရောင်းချလျက်ရှိပါသည် . . .

Hot Line: 09 730 73014






အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

# ရန်ကုန်မြို့ ရေဖြန့်ဝေပေးရာတွင် ရေဆိုးရေညစ်များ မပါဝင်အောင်ပြုလုပ်ပေးသွားမည်ဟု ရန်ကုန်စည်ပင်ပြော



ရန်ကုန်မြို့တွင်း ရေဖြန့်ဝေ ပေးရာတွင် ရေဆိုးရေညစ်များ မပါဝင်အောင်လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ YCDC မှ လက်ထောက်ဌာနမှူးက ပြောကြားသည်။ 'တစ်နေ့ကို ရေဂါလန်သန်း ၁၆၀ ဖြန့်ဝေပေးနေရတယ်။ အဲဒီမှာ ရေဆိုးရေ ညစ်တွေမပါအောင်လည်း သန့်စင်ပေးနေပါတယ်။ အခုငမိုးရိပ် ဒုတိယအဆင့်အနေနှင့်လည်း ၂၂ သန်းခွဲပေးနေတော့ စုစုပေါင်း ၁၈၂ သန်းခွဲပေးနေပါပြီ။ Project ဒုတိယအဆင့်ပြီးသွားရင်တော့ ၄၅သန်းလုံးအပြည့်အဝပေးနိုင်မှာပါ။ အခုတော့ မပြီးသေးလို့တစ်ဝက်ပဲ ပေးနေရတာပါ။နောက်ထပ်ရေရရှိ ရေးအတွက်တိုးမြစ် (တွံတေးတောင်ဘက်)ကနေ ရေချိုရဖို့အတွက် လေ့လာနေပါတယ်။ မြစ်ကနေ ရေရယူဖို့က ရေအရင်းအမြစ်ရှား ပါးတဲ့ နိုင်ငံမှာလိုမျိုးမြစ်ရေကို Treatment တွေနဲ့ သန့်စင်ပေးပြီး WHO Standard နဲ့အညီ လုပ်ပေးမှာပါ။ တိုးမြစ်က တစ်နေ့ကို ရေဂါလန် ၂၀၈ သန်းလောက်ထုတ် ယူလို့ရနိုင်ပါတယ်'ဟုပြောသည်။ ရန်ကုန်မြို့တွင်းလက်ရှိရေဖြန့်ဝေပေးရာတွင် တစ်နေ့လျှင် ရေဂါလန် သန်း ၁၆၀ ပေးဝေလျက်ရှိရာ ရေ လုံလောက်မှုမရှိသေးတာကြောင့် ငမိုးရိပ်ဒုတိယအဆင့်စီမံချက်မပြီးပြတ်သေးသော်လည်း သဃ်န်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံ (မြောက်)၊ ဒဂုံ (တောင်) တို့သို့စမ်းသပ်ပေး ဝေလျှက်ရှိကြောင်း ၎င်းကပြောကြားသည်။ ဆက်လက်ပြီး 'မြို့တော်သစ်အတွက်က စီမံကိန်း ၂ ခုရေးဆွဲနေပါတယ်။ မြို့ပြမှာရှိတဲ့ ရေဆိုးသန့်စင်မှုနဲ့ ရေစီးရေလာကောင်းမွန်စေဖို့အတွက်ပါ။ JICA အနေနဲ့ နောင်အနာဂတ် ၂၀၄၀ ခုနှစ်ကို Target ထားပြီး ရေအရင်းအမြစ် ဘယ်က ရနိုင်မလဲဆိုတာကို Public ခေါ်ပြီးဆွေးနွေးပွဲလုပ်တာ ပါ'ဟု၎င်းကပြောကြားသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ YCDC ရေနှင့်သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးက '၂၀၄၀ မြို့တော်စီမံကိန်းအတွက် ဒီ JICA တစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ တစ်ခြားကုမ္ပဏီတွေနဲ့လည်း ချိတ်ဆက်သွားဖို့ရှိပါတယ်'ဟု ပြောသည်။

**မင်းထက်သာ-မွန်ဌေးနေ**

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug, 2013

# မေတ္တာအရင်းခံသော လက်နက်စွန့်ပွဲ



ကမ္ဘာလှည့်တင်တင်စိန်

စာရေးသူမှာ ၁၉၅၅-၅၆ ခုနှစ်တွင် ကမ္ဘာအနှံ့မော်တော်ဆိုင်ကယ်ဖြင့်သွားရန် စတင်ထွက်ခဲ့ပါသည်။ မြန်မာသမိုင်း၏ပထမဆုံးသောခရီးကြမ်းကိုမော်တော်ဆိုင်ကယ်ဖြင့် စာရေးသူနှင့် သစ်တောအရေးပိုင် ဦးဘတုတ်တို့ စတင်၍ သွားဖူးပါသည်။ သာယာသောခရီးစဉ်အစားဒုက္ခဘုံဘဝခရီးစဉ်ပါ။

မော်တော်ဆိုင်ကယ်မှာ ဗြိတိသျှနိုင်ငံ လုပ်ဘီအက်(စ်)အေမော်တော်ဆိုင်ကယ် ဖြစ်ပါသည်။ ၁၉၄၂ ခုနှစ်တွင် ထုတ်လုပ်သော မြင်းကောင်ရေ ၅ ကောင်အားဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးတွင် အသုံးပြုခဲ့သည်။ စစ်ကျန်ရဲဘော်ကြီးမှာ က-၄၅၈၁ အမည်ဖြင့် မှတ်ပုံတင်ခွင့်ရခဲ့ဖူးပါ သည်။

မြန်မာငွေဖြင့် ထိုစဉ်က (၅၀၀) ကျပ်ငါးရာတိတိဖြင့် ဝယ်ယူခဲ့ပါသည်။ ကီလီလမ်း၌ နေထိုင်သောမစ္စတာဂေါလဆင်က အခမဲ့ပြင်ဆင်ပေးပါသည်။

မြန်မာနိုင်ငံ၏ပထမဆုံးသောကမ္ဘာလှည့်ရန်ခရီးကြမ်းဖြင့် ကြံစည်သူများဟု နေရှင်း Nation သတင်းစာထဲတွင် ဖော်ပြထားခဲ့ပါသည်။

မြန်မာနိုင်ငံမှစတင်ထွက်ခွာပါသည်။ လီဒိုတောင်ကြားလမ်းကိုသွားရန်ပြင်ဆင်ပါသည်။ တမူးမှနေ၍ အင်းဖာလ်မြို့မှ ကုန်းလမ်းခရီးဖြင့် ပထမဆုံးအိန္ဒိယသို့ ခြေလှမ်းရန် စတင်ပြင်ဆင်ခဲ့ဖူးပါသည်။ သို့သော် တောင်ပြိုနေသည်။ လမ်းပိတ်နေသည်။ ချင်းသူပုန်များထနေကြပါသည်။ မိဆူအဖွဲ့က လက်နက်ကိုင်ကာ နိုင်ငံတော်ကို ဒုက္ခပေးနေကြပါသည်။

သင်္ဘောတော်သက်သာခရီးသွားရန် ပြင်ဆင်ပါသည်။ မုံရွာမြို့သို့ရောက်ပါသည်။ ခရီးဆက်ကာ အိန္ဒိယနိုင်ငံကို မြောက်ပိုင်းဒေသမှ စတင်ဝင်လိုပါသည်။ မဖြစ်တော့ပါ။ လမ်းမကောင်းသဖြင့် ဤအကြံကို ပြန်လည်ကာ ရုပ်သိမ်းလိုက်ရပါသည်။ ခရီးကို ပြန်ခေါက်ခဲ့သည်။ ရန်ကုန်မြို့တော်သို့ ပြန်ဆင်းခဲ့သည်။

တစ်မျိုးကြံစည်ရပြန်ပါသည်။ သင်္ဘောခရီးဖြင့်သာ အိန္ဒိယနိုင်ငံသို့ စတင်သွားကြပါမည်။ နိုင်ငံခြားသွားရန် ပင် တွေးမရအောင် ခက်ခဲနေပါသည်။

သင်္ဘောဖြင့် စီစဉ်ပါမည်။ ထိုစဉ်က B.I.S.N (British India Steam Navigation) သည် ဗိုလ်အောင်ကျော်လမ်း ကမ်းနားဘလောက်မှာ တည်ရှိနေပါသည်။ သင်္ဘောလက်မှတ် ၂စောင်ဝယ်ပါသည်။ မော်တော်ဆိုင်ကယ်တန်ဆာခ ပေးရပါသည်။

လက်မှတ်ကို အသင့်အတင့်အတန်း (Tourist Class) ဝယ်ယူထားပါသည်။

နိုင်ငံတော်အစိုးရသည် ထိုစဉ်က သဘောကောင်းသောသူများ အုပ်ချုပ်နေသဖြင့် နိုင်ငံကူးလက်မှတ်ကို အိမ်သို့ လာပို့ပါသည်။

မြန်မာနိုင်ငံ၏စွန့်စားဝံ့သူများအနေဖြင့် အသိအမှတ်ပြုပါသည်။ ထိုစဉ်က နိုင်ငံကူးလက်မှတ် (Passport) မှာ ငွေ ၅ကျပ်သာ ပေးသွင်းရကြောင်းနောက်မှ သိခဲ့ရပါသည်။

ဦးနုအုပ်ချုပ်သော ဖဆပလ အစိုးရပါ။ ဝန်ကြီးချုပ်မှာ ဦးနုဖြစ်ပါသည်။ သစ်တောရေးရာဝန်ကြီးမှာ သခင်ကျော်ထွန်းဖြစ်ပါသည်။ ဦးဘတုတ်သစ်တောအရေးပိုင်ကို ရှေ့ယခင်အင်္ဂလိပ်ခေတ်မှ ချမှတ်ထားသော S.R (Service Regulation) F.R (Finance Regulation) များအရ ခွင့်တစ်နှစ် လစာပြည့်ရခဲ့ပါသည်။

ရှေ့မျက်နှာဖြူများ၏ အခွင့်အရေးကို ယခု ၁၉၄၈ ခု လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် တည်ဆဲဖြစ်ပါသည်။ ဤဥပဒေကို ပယ်ဖျက်ခြင်းမပြုသဖြင့် ရှိနေပါသေးသည်။ မြန်မာနိုင်ငံတွင်း လစာပြည့်ခွင့် ၄လ၊ အာရှတိုက်အတွင်း ထပ်မံလစာပြည့်ခွင့် ၄လပေးပါသည်။ မိမိ၏ နေရင်းနိုင်ငံဖြစ်သော အင်္ဂလန်သို့သွားပါက ထပ်မံ၍ လစာပြည့်ခွင့် ၄လ။ စုစုပေါင်း တစ်နှစ်ကို လစာပြည့်ပေးပါသည်။ ၄နှစ်တစ်ခါ မဖြစ်မနေအင်္ဂလန်သို့ သွားရပါသည်။ မဖြစ်မနေ မိမိနိုင်ငံကို လုံးဝမေ့ရန် မဖြစ်စေရပါ။ အင်္ဂလိပ်များ၏ ဥပဒေအရ မိမိနိုင်ငံကို ထာဝရသစ္စာရှိရန် ထားခဲ့သော ဥပဒေကို ဦးဘတုတ်အသုံးချခဲ့ပါသည်။ ဤဥပဒေကို အသုံးချသောမြန်မာ အရာရှိဖြစ်ခဲ့ဖူးပါသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသောကမ္ဘာကို အကြမ်းနည်းဖြင့် လှည့်ခဲ့သူများ ဖြစ်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံသို့ရောက်သော အခါတွင် ထပ်မံ၍ အိန္ဒိယသမ္မတ ရာဂျင်ဒရာပရဆပ်နှင့် ဝန်ကြီးချုပ် ဂျဝါလဟာနေရူးတို့မှာ အာရှတိုက်၏ စွန့်စားဝံ့သူအဖြစ်ဖြင့် အသိအမှတ်ပြုပါသည်။ အိန္ဒိယ၏ လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဆောင်ဘွဲ့များပေးခဲ့ပါသည်။

ထိုစဉ်တွင် မြန်မာနိုင်ငံမှ ဝန်ကြီးချုပ် ဦးနုနှင့် ဇနီးဒေါ်မြရီတို့လိုက်လံ ဂုဏ်ပြုကြပါသေးသည်။

နိုင်ငံတကာမှ အသံလွှင့်ရုံများတွင် အစီအစဉ်အမျိုးမျိုးဖြင့် အသံသွင်းကာ ရေဒီယိုစကားပြောခွင့်ရခဲ့ပါသည်။ အင်္ဂလိပ်ဘာသာစကားဖြင့် ပြောရပါသည်။ အခါအားလျော်စွာ ဉာဏ်ပူဇော်ခရပါသည်။ ကောင်းကောင်းကျွေးကြပါသည်။ မောပန်းနေသော ခရီးသည်များအတွက် မဟာအခွင့်အရေးကြီးတစ်ခုပါ။

မြန်မာနိုင်ငံမှ စတင်ထွက်ခွာစဉ် တစ်ဦးကို ၈၈ ပေါင်စီပေးပါသည်။ ထိုစဉ်က မှောင်ခိုဈေးမရှိခဲ့ပါ။ တစ်ပေါင်လျှင် ၁၃ကျပ်ခွဲ။ တစ်ဒေါ်လာလျှင် ၆ကျပ် ၄၀ ပြားတိကျစွာ လဲလှယ်သုံးခွင့်ရခဲ့ဖူးသည်။ ရှစ်ဆယ့်ရှစ်ပေါင်ကို လွိုက် (Lioyds Bank) ဘဏ်မှတစ်ဆင့် ခရီးသည်များကိုင်ဆောင်သော နိုင်ငံတကာတွင် လဲလှယ်သုံးစွဲပိုင်ခွင့် (Travellers Cheque) ကို ပေးခဲ့ပါသည်။ ငွေကြေးလုံလောက်မှု မရှိခဲ့ပါ။ စွန့်စားလက်စနှင့် ငွေကြေးလုံလောက်မှု မပြည့်စုံပါ။ လမ်းတွင် ရှာဖွေရပါသည်။ ခေတ်ပုံရောင်းပါသည်။

အခြေအနေအရ စာရေးပါသည်။ စာမူခရပါသည်။ အသံလွှင့်ရုံများကို အားကိုးရပါသည်။

ခရီးစတွင် မော်တော်ဆိုင်ကယ် အသိမ်းခံရပါသည်။ စာတစ်တန်ပေတစ်တန်နှင့်နိုင်ငံတကာသို့မော်တော်ဆိုင်ကယ် သယ်ယူခွင့်နှင့် နိုင်ငံတကာ ဖြတ်သန်းခွင့်ကို ၂လကြာစောင့်ဆိုင်းပြီးမှသာလျှင် အိန္ဒိယနိုင်ငံ၏ အကျိုးတူပူးပေါင်းသော (affiliated) စာပေကို ရယူထားပါသည်။ B.I (British India) နှင့် WBM 4098 ဖြစ်သွားသော က/၄၅၈၁ မှာ ဒေသပြောင်းပြန်ပါသည်။ (West Bengal Moter) ၄၀၉၈ ဖြစ်နေရရှာပြန်ပါသည်။ ကေနေးဒီပါစေ့ (Carney De Passage) ပြင်သစ်နိုင်ငံမှထွင်သော နိုင်ငံတကာဖြတ်သန်းခွင့်ကို ရရှိခဲ့ပါသည်။

အိန္ဒိယနိုင်ငံ မဟာ အုကြောင်းလမ်းမကြီး (Grand Trunk Road) ကို ဖြတ်သန်းပါသည်။ ကမ္ဘာတွင်အထူးလမ်းများ(KHYBER PASS)ကိုင်ဘာတောင်ကြားလမ်းနှင့် မာကိုပိုလို ဖြတ်သန်းခဲ့သောဒေသများ ပိုးလမ်းကြောင်းများ (SILK ROAD)၊ စမာကခန်သွားရာလမ်းများအားလုံးကို ဖြတ်သန်းခဲ့ဖူးပါသည်။

အရှေ့အလယ်ပိုင်းဒေသ၊ ဥရောပဒေသများ (Black Sea) (Red Sea) (Medeterrian Sea)(Dead Sea)ပင်လယ်ပေါင်းများစွာကို ကျော်ဖြတ်ခဲ့ဖူးပါသည်။

ဘေဘီလွန်ယဉ်ကျေးမှု၊ ကောလ်ဒီယန်ယဉ်ကျေးမှု၊ ဗေဒယဉ်ကျေးမှု၊ အီဂျစ်ယဉ်ကျေးမှု၊ ဂရိယဉ်ကျေးမှုများ၊ ခေါမယဉ်ကျေးမှု၊ ရောမယဉ်ကျေးမှု မျိုးစုံကို တွေ့ဖူး၊ မြင်ဖူး၊ ဖြတ်သန်းသွားခဲ့ရပါသည်။ မဟာမဟာ ဟရာပယဉ်ကျေးမှု။ မိုဟင်ဒီယိုဂျာဒိုး ယဉ်ကျေးမှု HARRAPA Civilization, Mobindagaro Civilization များထူးခြား ပါသည်။

ရှေးဟိန္ဒူဝါဒနှင့် ဘာသာများ၊ ဂျိန်း Jain ဘာသာဝင်များဆရာကြီးများ၊ ဗုဒ္ဓလမ်းစဉ်ကို ဆုံးမခဲ့သော ဒေသကြီးများ၊ ဗုဒ္ဓဘာသာလမ်းစဉ်များ ချမှတ်ခဲ့သော နိုင်ငံကြီးများ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမဘုရား ၄ဆူ မွေးဖွားခဲ့သော ဒေသများတရားဦးဟောခဲ့သော ဒေသများ၊ ပွင့်ခဲ့သောဒေသများသို့ စုံလင်စွာရောက်ခဲ့ရပါသည်။

ယေရှုခရစ်တော်မွေးဖွားရာ၊ ကြီးပြင်းရာနှင့် တိဘက်နိုင်ငံတွင် ရက်ပေါင်း ၄၀ တရားကျင့်ခဲ့ပါသည်။ မြေလျှိုးမိုးပျံသောအတတ်များတတ်ခဲ့ပါသည်။အရှေ့အလယ်ပိုင်းဒေသများတွင် ကျင့်ကြံအားထုတ်ဟောပြောခဲ့ဖူးပါသည်။ ဘက်တလီဟမ်ဒေသ၊ ဂျေရုစလင်ဒေသများ သို့ စုံလင်စွာရောက်ဖူးခဲ့ပါသည်။

မိုဟာမက်မွေးဖွားရာဒေသများနှင့် တရားဟောခဲ့သောဒေသများ၊ ဂျေရုစလင်ဒေသရှိ ရွှေကျောင်းတော်ဗလီကြီးများ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ဂျစ်ဒါမြို့ရှိ အစ္စလာမ်ဘာသာဝင်များ၏ အထွတ်အထိပ်ဒေသများသို့ တိုးရစ်အနေဖြင့် ရောက်ဖူးခဲ့ကြပါသည်။ ဂျေရုစလင်မြို့၊ (Mosque of Omar) တွင် ခရစ်ယာန်ဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များရောနှောနေသောဘုရားကျောင်းကြီးသို့ ရောက်ခဲ့ပါသည်။ ခရစ်ယာန်များမှာ ခရစ်တော်၏ လက်ရာဟုပြောပါသည်။ အစ္စလာမ်ဘာသာဝင်များမှာ မိုဟာမက်ပရော်ဖက်၏ လက်ထောက်သွားသောနေရာဟု ပြောကြပါသည်။ ဤဒေသတွင် ကျောက်ဆောင်ကို လက်ထောက်ပြီး မြင်းဖြူကြီးစီးကာ ကောင်းကင်ဘုံသို့ မိုဟာမက် တန်ခိုးဖြင့် တက်သွားသည်။ အားလုံးမှာ ဤနေရာကို အထူးတစ်လေးတစ်စားရှိသေစွာ ပွတ်ကြတိုက်ကြ၊ နဖူးနှင့် တိုက်ကြပါသည်။ အထူးစိတ်ဝင်စားစရာ နေရာကြီးတစ်ခုပါ။

ဂျေရုစလင်မြို့ရှိ ရှေးဟောင်း ဥယျာဉ်ကြီးတွင် ခရစ်တော်အစည်းအဝေးထိုင်ခဲ့သောနေရာ (Garden of Getsemany) သို့ ရောက်ပြန်ပါသည်။ ရှေးရှေးသံလွင်ပင်အိုကြီးများရှိပါသည်။

Mount of Olives တွင်တောင်ပေါ်တက်ပါသည်။ ခရစ်တော်မှာ တောင်ပေါ်တက်ပါသည်။ ကောင်းကင်ဘုံသို့ တန်ခိုးဖြင့် ကြွကာ အာကာသထဲတွင် ပျောက်ကွယ်သွားပါသည်။

အီတာလျံဗုဒ္ဓဘာသာဆရာတော် ဦးလောကနာထ၏ အဆိုအရ ခရစ်တော်မှာ တိဘက်ရှိမြေလျှိုးမိုးပျံသော ရဟန်းတော်များထံမှ ဝေဒနာလိုက်ကာ စိတ်တန်ခိုးရှင်ဖြစ်လာသောကြောင့်ခရစ်တော်၏ ရန်သူများလက်ဝါးကပ်တိုင်တွင် ဆူးများဖြင့် ခေါင်းကိုပတ်ကာ သံမှိုများစွာ ဖြင့်လက်များတွင်လည်းကောင်း၊ ခြေများတွင်လည်းကောင်း လက်ဝါးကပ်တိုင်ကို ထမ်းခိုင်းကာ မြို့ထဲတွင်လှည့်လည်ခိုင်းစေပါသည်။ ပြီးလျှင်လက်ဝါးကပ်တိုင်ကို သံမှိုနှက်ကာ ရိုက်ထားပါသည်။ လုံးဝပြန်လည်ရှင်သန်ခြင်းမပြုနိုင်စေရန် ကျောက်တောင်ကြီးဘေးတွင် ကျောက်များဖိပါသည်။ အပြီးမလှုပ်နိုင်ပါ။ ကျောက်များဖြင့် လူအားပိတ်ဆို့ထားပါသည်။ နောက်နောင်ပြန်လည်ရှင်သန်ထမြောက်ခြင်းမပြုစေရန် လူအုပ်ကြီး ဖြင့်ဂူကိုအသေပိတ်ထားခဲ့ကြပါသည်။ ၃ ရက်မြောက်သောနေ့တွင် ပြန်လည်ရှင်သန်ခဲ့ပါသည်။ ကောင်းကင်ဘုံသို့ mount of Olives မှ လူအုပ်ကြီးရှေ့မှ တက်သွားကြောင်းပြောပြကြပါသည်။ ထူးဆန်းပါသည်။

နေနတ်၊ လနတ်များ၊ ပင်လယ်နတ်များ၊ တောင်ဒေသရှိနတ်များကိုးကွယ်သည့် ရှေးဟောင်းနိုင်ငံ၊ ဂရိနိုင်ငံများကို စာရေးသူဖြတ်သန်းရပြန်ပါသည်။

ကမ္ဘာရှိ ဘာသာကြီးမျိုးစုံကို ခရီးစဉ်တွင် လေ့လာခွင့်ရခဲ့ဖူးပါသည်။ ယဉ်ကျေးမှုပေါင်းစုံကို ကိုယ်တိုင်ကိုယ်ကျမြင်တွေ့ကာ ပါဝင်ပိုင်ခွင့်များကို ရခဲ့ပြန်ပါသည်။ အထူးစိတ်ပါဝင်စားစရာ နိုင်ငံများ၊ လူမျိုးများ၊ ဘာသာများ၊ ယဉ်ကျေးမှုများကိုစိတ်ပါဝင်စားအားပါးတရ မြင်တွေ့ခွင့်များရခဲ့ဖူးပါသည်။

အာရှတိုက်၊ အာရှအလယ်ပိုင်း၊ ဂရိကျွန်းစုဒေသများ၊ အာရှမိုင်းနားဒေသ၊ ဥရောပနိုင်ငံများ၊ အာတိတ်စက်ဝိုင်းရေခဲပြင်ဒေသများနှင့် အင်္ဂလန်ကိုရောက်ခဲ့ရပါသည်။

တစ်နှစ်ကြာပါသည်။ နိုင်ငံပေါင်း ၃၀ ကိုရောက်ပါသည်။ စိတ်ခေတ်ပြောင်းလဲမှုကိုပင် ခံစားခဲ့ရပါသည်။

ငါ့နိုင်ငံတိုးတက်ကောင်းစားရေး၊ ငါ့လူမျိုးတိုးတက်ကောင်းစားရေး၊ ငါ၏ပြည်ထောင်စုရှိလူမျိုး ၁၃၅ မျိုးနွယ်စုများတိုးတက်ကောင်းစားရေး၊ သူတို့မျိုးနွယ်စုဝင်များ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ပျက်စေရန် စိတ်ထဲမှ အဓိဋ္ဌာန်ပါသည်။

ကမ္ဘာလှည့်ပြီးမိုင်ပေါင်း ၅သောင်းကျော်ဖြတ်သန်းပါသည်။ မော်တော်ဆိုင်ကယ်ခရီးကြမ်းပါ။ တောင်တန်းကြီးများစွာ ဖြတ်ကျော်ခဲ့ရပါသည်။ လူမျိုးစုများအမျိုးမျိုးအဖုံဖုံကို တွေ့ဆုံလေ့လာခွင့်ရခဲ့ပါသည်။

မြန်မာနိုင်ငံသို့ မောပမ်းနွမ်းချည့်စွာ ပြန်ရောက်လာပါသည်။ မိမိချစ်မြတ်နိုးသော အမိမြေကို နင်းခဲ့ရပါသောကြောင့် ကျေနပ်ပါသည်။

ဆက်ရန်

HOT NEWS
Vol - 4, No - 154, 23 - 29 Aug, 2013



# ပဋိပက္ခဖြေရှင်းတဲ့ COMPROMISE ,NEGOTIATE နဲ့ RECONCILIATION ဆိုတာ

လူထုပုံရိပ်ဂျာနယ် (9/Aug/13) နေ့ထုတ်တွင် စာမျက်နှာ (၃) ၌ ရေးသားချက်အရသိရသည့်ဇာတ်လမ်းတစ်ခုကတော့ တောတွင်းလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရကြားပြေလည်မှုရရန် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်တို့အားတစ်ဦးလျှင် တိုက်တစ်လုံးကားတစ်စီးပေး၍ ဖြေရှင်းလိုက်ရာငှင်းတို့နှင့် အစိုးရအကြားပဋိပက္ခဆက်လက်မဖြစ်တော့ဘဲပြဿနာပြီးသွားကြောင်း သိရပါတယ်။ ဒီလိုလုပ်တာကတော့ အပေးအယူလုပ်၍ ပြဿနာပြေလည်စေခြင်း (COMPROMISE) လုပ်ခြင်းလို့ဆိုချင်ပါတယ်။

COMPROMISE နှင့်တစ်ဆက်တည်း NEGOTIATE (စေ့စပ်ညှိနှိုင်းခြင်း)၊ ကွန်ဆင်းဆပ် CONSENSUS မတူကွဲပြားမှုများကို စုစည်းခြင်းတို့တဲ့ ဝေါဟာရတွေကိုပါငြိကာခဲ့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယနေ့နိုင်ငံရေးခေတ်မှာ ဒီစကားလုံးတွေဟာ အလွန်အရေးကြီးနေပါတယ်။ ဥပမာ NEGOTIATE နဲ့ ပတ်သက်လို့အထင်ကရနိုင်ငံရေးသမားတစ်ဦးဖြစ်သူဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပင်လျှင် စာရေးဆရာ WILLIAM URY ရေးသော NEGOTIATING WITH DIFFICULT PEOPLE အမည်ရှိစာအုပ်ကိုဘာသာပြန်ခဲ့ရာ ဟင့်အင်းကိုဖြတ်ကျော်ခြင်း၊ ခက်ခဲသောသူများနှင့်ညှိနှိုင်းခြင်းရယ်လို့အမည်ရစာအုပ်ဖြစ်လာပါတယ်။ တစ်ဖန် CONSENSUS (မတူကွဲပြားမှုများကို စုစည်းခြင်း) ဟူသောဝေါဟာရကလည်း နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏အစိုးရသစ်အဖွင့်မိန့်ခွန်း၌ထည့်၍ပြောကြားသော ကောင်းသောအုပ်ချုပ်ပုံစံစနစ် GOOD GOVERNANCE ၏ အစိတ်အပိုင်းတစ်ခုဖြစ်နေပါတယ်။ ရှေးဦးစွာ COMPROMISE ဆိုတဲ့ဝေါဟာရနဲ့ ပတ်သက်လို့ငြိကာခဲ့ရရင် အဘိဓာန်အလိုအရဆိုတာကတော့

**ဗိုလ်ချုပ်ဟာဘယ်သူ့ကိုမှ တိုက်တစ်လုံး ကားတစ်စီးပေးမယ်လို့ပြောပြီးမစည်းရုံး ပါဘူး။ ဒါကြောင့် ဗိုလ်ချုပ်လုပ်ခဲ့တာဟာ** COMPROMISE **မဟုတ်ဘူး။**

AGREEMENT MADE BETWEEN TWO GROUPS IN WHICH EACH SIDE GIVE UP SOME THING THEY WANT SO THAT BOTH SIDES ARE HAPPY AT THE END အဖွဲ့အစည်း (၂) ခုဟာ မိမိတို့လိုချင်တဲ့ အချို့အရာအသီးသီးကို စွန့်လွှတ်၍ သဘောတူညီချက်ကိုရယူနိုင်ပြီးနောက်ဆုံးမှာ နှစ်ဖက်လုံးပျော်ရွှင်အကျိုးဖြစ်ထွန်းစေတဲ့ ဘုံရလဒ်ကို ရှာဖွေခြင်းပဲဖြစ်ပါတယ်။ ဒီတော့ရင်ယခုဆောင်းပါးအစ၌ဖော်ပြခဲ့သလို ထိုင်းနိုင်ငံမှာ အစိုးရဲ့ တောတွင်းလက်နက်တို့ပြဿနာဖြစ်ရာမှာ အစိုးရက မိမိတို့ရန်ပုံငွေကိုသုံး၍တောတွင်းလက်နက်ကိုင်တို့အတွက် တိုက်တစ်လုံးကားတစ်စီးပေးပြီး တောတွင်းလက်နက်ကိုင်က တိုက်ခိုက်ခြင်းကို စွန့်လွှတ်လိုက်ပါတယ်။ ဒီတော့ COMPROMISE ဖြစ်တယ်လို့ဆိုနိုင်ပါတယ်။

ကွန်ပရိုမိုက်စ်ထက်လေးနက်တဲ့ စကား လုံးကတော့ CONSENSUS ဖြစ်ပါတယ်။ သူကတော့ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏မိန့်ခွန်းမှာပါတဲ့ ကောင်းသောအုပ်ချုပ်ပုံစနစ်ရဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ အဘိဓာန်မှာ CONSENSUS ရဲ့ အဓိပ္ပာယ်ကိုရေးထားတာကတော့ AN OPINION THAT ALL MEMBERS OF AGROUP AGREE WITH လို့ဆိုပါတယ်။ အဖွဲ့အစည်းတစ်ခုထဲမှာ အဖွဲ့ဝင်တွေအားလုံးသဘောတူနိုင်မယ့် ဘုံသဘောတူညီချက်အယူအဆ တွေကို ရှာခြင်းပဲဖြစ်ပါတယ်။ ဒီတော့ အထက်ကအမိန့်ပေးတယ်ဆိုတာထက်




အသင်းသားအဖွဲ့ဝင်တွေအားလုံးတင်ပြခွင့်ရှိပြီ။ အားလုံးရဲ့ သဘောတူညီမှုရအောင်စည်းလုံးညီညွတ်မှုကိုတည်ဆောက်နိုင်တဲ့ အနုပညာပဲဖြစ်ပါတယ်။

CONSENSUS ဆိုတာရဲ့ အကောင်းဆုံးဥပမာကတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှာ တိုင်းရင်းသားအားလုံးကို စည်းရုံးပြီး ပင်လုံစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့တယ်။ အဲဒါဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ QUALITY OF CONSENSUS ခေါ် စည်းလုံးနိုင်မှုစွမ်းရည်ပဲဖြစ်တယ်။ ဗိုလ်ချုပ်ဟာဘယ်သူ့ကိုမှ တိုက်တစ်လုံး ကားတစ်စီးပေးမယ်လို့ပြောပြီးမစည်းရုံးပါဘူး။ ဒါကြောင့် ဗိုလ်ချုပ်လုပ်ခဲ့တာဟာ COMPROMISE မဟုတ်ဘူး။ အေးအတူပူအမျှနေထိုင်ကြပြီး ကြိုးစားကြမယ်လို့ပြောရင် CONSENSUS ပဲဖြစ်တယ်။

ဒါကြောင့် CONSENSUS ဟာ COMPROMISE ထက်ပိုပြီး အနုပညာအဆင့်အတန်းပိုမြင့်တယ်။

နောက်တစ်ခုတင်ပြချင်တဲ့စကားလုံးကတော့ NEGOTIATE ဆိုတဲ့ စကားလုံးဖြစ်ပါတယ်။ အဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်တာကတော့ TRY TO REACH AN AGREEMENT BY FORMAL DISCUSSION လို့ဆိုပါတယ်။

ဆိုလိုတာကတော့ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ပြီး သဘောတူညီချက်ကို ရယူနိုင်တာမျိုးဖြစ်ပါတယ်။ NDGOTIATE ကိုဘယ်နေရာမှာအသုံးများသလဲဆိုရင် အတိတ်ကထိပ်တိုက်ရင်ဆိုင်မှုတွေကို ဖြေလျှော့နိုင်တဲ့အခါအသုံးများပါတယ်။

NEGOTIATE ဆိုတာကို ဥပမာပေးရရင်တော့ မြန်မာနိုင်ငံက ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗြိတိသျှကမစ္စတာအက်တလီတို့ချုပ်ဆိုတဲ့ အောင်ဆန်းအက်တလီစာချုပ်ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားတဲ့အခါနောင်တွင် ဝန်ကြီးချုပ်ဖြစ်လာမည့်ဦးနုကဆက်လက်

**ဒေါက်တာထွန်းဝင်း**

ဆောင်ရွက်ပြီး နုအက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ပါတယ်။ လွတ်လပ်ရေးကို စစ်မတိုက်ဘဲညှိနှိုင်းဆွေးနွေးပြီးရယူခဲ့ပါတယ်။ ဗိုလ်ချုပ်ဟာတိုင်းပြည်ကို ထိခိုက်နစ်နာမှုအနည်းဆုံးနည်းနဲ့ လွတ်လပ်ရေးကို ရယူပေးခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အင်္ဂလိပ်အစိုးရဟာတစ်ချိန်တုန်းက ထိပ်တိုက်တွေ့ဖူးပါတယ်။ ဥပမာဗိုလ်ချုပ်ကို ဖမ်းရန် အင်္ဂလိပ်ကဆုတော်ငွေငါးကျပ်ထုတ်ပြန်ကြေညာခဲ့ဘူးပါတယ်။ ဘာပဲဖြစ်ဖြစ်ဗိုလ်ချုပ်အောင်ဆန်းဟာဆွေးနွေးညှိနှိုင်းတဲ့နည်းနဲ့ လွတ်လပ်ရေးရအောင် လုပ်ခဲ့ပါတယ်။နောက်ထပ်တင်ပြလိုတဲ့ အင်္ဂလိပ် စကားတစ်လုံးကတော့တော်တော်ကြီး ကျယ်ပါတယ်။ အဲဒါကတော့ RECONCILIATION (ခေါ်) ပြန်လည်ရင်ကြား စေ့ရေးပဲ ဖြစ်ပါတယ်။ အဘိဓာန်မှာ ဘယ်လိုအဓိပ္ပာယ်ဖွင့်လဲဆိုရင် AN END TO A DISAGREEEMENT AND START OF A GOOD RELATION SHIP AGAIN လို့ဆိုပါတယ်။ မြန်မာလိုပြန်ရရင်တော့ သဘောထားကွဲမှုတွေ အဆုံးသတ်ပြီး တစ်ဖန်ပြန်လည်၍ ကောင်းမွန်သောသင့်မြတ်မှုရရှိခြင်းပဲဖြစ်တယ်။ ဒီအဓိပ္ပာယ်ရဲ့ထူးခြားချက်ကတော့ (AGAIN) ဆိုတာတော်တော်နက်နဲပါတယ်။ သဘောကတော့(အသစ်တစ်ဖန်) ဆိုတော့ ဟိုးယခင်ကသင့်မြတ်ပြီးတော့ တော်တော်လေးမတည့်ဖူးသော ရန်ဖြစ်ဖူးသောဆိုတဲ့ကာလကို ဖြတ်ကျော်ခဲ့ရတယ်လို့အဓိပ္ပာယ်ဆောင်တယ်။ အဲဒီကာလအလွန်မှာ ပြန်လည်သင့်မြတ်တာပါ။ ဒီတော့ စိတ်နာကျင်မှုဒဏ်ရာရဖူးတယ်။ အဲဒါကို ကုစားရမယ်'ဆိုတဲ့ ခြားချက်ပါတယ်။ CONSENSUS တို့၊ NEGOTIATE တို့ပြီး ပိုမိုနက်နဲပြီး ပိုမိုခက်ခဲတဲ့ အနုပညာဖြစ်ပါတယ်။ တော်ရုံတန်ရုံနိုင်ငံရေးသမားက RECONCILIATION ကို အောင်မြင်အောင်လုပ်နိုင်ဖို့မလွယ်ဘူး။ ဒါပေမဲ့ မဖြစ်နိုင်ဘူးဆိုတာမရှိဘူး။ ယခုကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒီစကားလုံးကို တော်တော်များများပြောနေကြပါတယ်။

နိုင်ငံရေးသမားတစ်ယောက်ရဲ့ အရည်အသွေးကို တိုင်းတဲ့ ပေတံအမျိုးမျိုးမှာ လူသိများတဲ့ ပေတံတွေကတော့ အကျင့်ပျက်ခြစားခြင်းကင်းစင်တာတို့၊ မျိုးချစ်စိတ်ရှိတာတို့၊ ပညာဉာဏ်ရှိတာတို့၊ သတ္တိရှိတာတို့၊ အနစ်နာခံတာတို့ဖြစ်ပါတယ်။ လူသိနည်းတဲ့ ပေတံတွေကတော့ COMPROMISE လုပ်နိုင်သောစွမ်းရည် CONSENSUS လုပ်နိုင်သောစွမ်းရည်၊ NEGOTIATE လုပ်နိုင်သောစွမ်းရည်နဲ့ RECONCILIATION လုပ်နိုင်သောစွမ်းရည်တွေဖြစ်ပါတယ်။

အထက်ပါစကားလုံးတွေဟာတစ်ခုနဲ့ တစ်ခုဘာမှမဆိုင်ဘဲ အဓိပ္ပာယ်သီးခြားစီဖြစ်နေတာမဟုတ်ပါဘူး။ တစ်ခါတစ်ရံ NEGOTIAIE လမ်းစဉ်မှာ COMPROMISE လုပ်ငန်းတွေပါသွားတာရှိပါတယ်။ ဥပမာအီရန်နိုင်ငံကအဏုမြူဗုံးထုတ်လုပ်ရန် နီးစပ်နေရာအစ္စရေးကအီရန်ကို တိုက်မယ်တကဲကဲဖြစ်နေတယ်။ အဲဒီအခါမှာ ရုရှားကအီရန်အဏုမြူမထုတ်ရေးအတွက်တော့ စေ့စပ်ညှိနှိုင်းရေးလမ်းစဉ် NEGOTIATION PROCESS ကိုပဲယုံတယ်လို့လုပ်လာလေရော။ အဲဒီအခါတခြားနိုင်ငံတွေက ဝိုင်းပြီး NEGOTIATION လုပ်ရတဲ့အခါမှာ အကယ်၍အဏုမြူဗုံးထုတ်ရန်ရည်မှန်းချက်ကို စွန့်ရင်အီရန်ကို ဖွံ့ဖြိုးရေးလှူမှုရေးအကူအညီတွေဘယ်လိုပေးမယ်ဆိုပြီးမက်လုံးတွေပြောရတော့ NEGOTIATION နဲ့ COMPROMSE နဲ့က သီးခြားလုံးလုံးလျားလျားခွဲထုတ်၍မရပြန်ပါဘူး။ ဒီမိုကရေစီဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေမှာအယူအဆမတူတဲ့နိုင်ငံရေးသမားတွေ ရန်ဖြစ်တဲ့လမ်းစဉ်ကို သိပ်မကျင့်သုံးတော့ဘဲ ယခုဖော်ပြခဲ့တဲ့အင်္ဂလိပ်စကားလုံးတွေရဲ့ ကျင့်စဉ်ကို ကျင့်သုံးတာမျိုးတွေ့နိုင်ပါတယ်။ ဥပမာတစ်ခါက အမေရိကန်သမ္မတရွေးပွဲမှာ သမ္မတလောင်းဂျော့ဘုရှ်(အငယ်) (ရီပတ်ဗလစ်တန်ပါတီ)နဲ့ သမ္မတလောင်းအယ်ဂိုး (ဒီမိုကရက်တစ်ပါတီ) တို့ပြိုင်ရာ ဘုရှ်ကနိုင်ပါတယ်။ ထိုအခါဘုရှ်က သမ္မတအဖြစ်မိန့်ခွန်းပြောရမှာ မိမိကိုမဲပေးတဲ့ ရီပတ်ဗလစ်ကန်တို့ရဲ့ သမ္မတသာမဟုတ်ဘဲနိုင်ငံသားအားလုံးရဲ့ သမ္မတဖြစ်တယ်၊ အားလုံးရဲ့ အကျိုးကို ဆောင်ရွက်မှာပါလို့ပြောတာက CONSENSUS လုပ်လိုက်တာဖြစ်ပါတယ်။

ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် NEGOTIATE, CONSENSUS, RECONCILIATION လမ်းစဉ်တွေဟာ နိုင်ငံသားတွေကို ထိခိုက်မှုအနည်းဆုံးဖြစ်စေ၍ အားလုံးတစ်ပေါင်းတစ်စည်းတည်းဒီမိုကရေစီပန်းတိုင်ကိုရောက်နိုင်သော နည်းလမ်းတွေဖြစ်တယ်လို့ဆိုချင်ပါကြောင်း။ ■



နာမည်ကျော် ရှမ်းဆရာထိပ်ခေါင်ခံ

ကောင်းကင်ဂြိုလ်၊ လက္ခဏာသမထအာရုံမနောစွမ်းအားပညာ
စိတ်တိုက်၊ မနောတိုက် မဟိဒ္ဓိဗေဒင်

စီးပွားစိတ်ညစ်နေလား၊ (အိမ်ထောင်ရေး၊ အချစ်ရေးအထူး) ဓနိုး၊ စင်ပွန်းအချစ်ရေးကြောင့် အစက်ကြုံနေလား၊ စင်ပွန်းအချစ် မြဲနေစေဖို့ ဓနိုး–စင်ပွန်း အချစ်များစွာ စိုင်မြဲရအောင် လင်သားမိမိအပေါ် အလိုလိုက် ချစ်နေစေရန်၊ ဓနိုး၊ စင်ပွန်း၊ ချစ်သူများ စိုင်မြဲသောမေတ္တာ တည်ဆောက်ကြရန်၊ ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနည်မည်ပေးခြင်း၊ တိုက်စန်း၊ အိမ်စန်း၊ မြေ၊ ကား အမြန်ရောင်းထွက်ဖို့ ဓာတ်ခွဲ၊ နတ်ခွဲ၊ သိုက်ခွဲကြောင့် အစက်အခဲကြုံနေသလား။ ထီပေါက်ကိန်း ရှိ/မရှိ၊ 09-73120453, 09-73072366

ကောင်းဆိုးအဖြစ်မှန်ကို ပွင့်လင်းစွာဟောမည်။ (လျှို့ဝှက်နက်နဲသော ပညာများစွာဖြင့်)

တိုက်အမှတ် (21) ခု–ဆယ်၊ ထီးတန်း(၃)လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ နေ့စဉ် နံနက် ၉ နာရီမှ ၄ နာရီအတွင်း
လမ်းညွှန်– ရန်ကုန်–ဟံသာဝတီသွားကား၊ (၃၃၊ ၃၄၊ ၉၄၊ ၂၁၃၊ ၂၁၀)စီးပြီး ကျောင်းရှေ့မှတ်တိုင်ဆင်း၊ တော်ဝင်လမ်းမှ ဆိုက္ကားဖြင့်လာပါ။

The Hot News
Vol - 4, No - 154, 23 - 29 Aug 2013

# နှစ်ဖက်သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ရန် KNPP က MPC အဖွဲ့နှင့် အလွတ်သဘောတွေ့ဆုံ



နှစ်ဖက်တွေ့ဆုံပွဲမှ ရရှိထားသော သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး ဗဟိုဌာန MPC အဖွဲ့ကိုယ်စားလှယ်နှင့် အလွတ်သဘောသွားရောက်တွေ့ဆုံခဲ့ကြောင်း KNPP တွဲဖက်အတွင်းရေးမှူး(၂) ဦးရွှေမျိုးသန့်က ပြောသည်။

"နှစ်ဖက်သဘောတူညီချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ကြားခံယာယီဖွဲ့စည်းထားတဲ့ လုပ်ငန်းအထောက်အကူပြု Technical Team အဖွဲ့အမည်စာရင်းသွားပို့တာပါ။ ဒီအဖွဲ့နဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း လာပြောတာပါ" ဟုဆိုပါသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ၏လုပ်ငန်းအထောက်အကူပြု Technical Team အဖွဲ့သည် အဖွဲ့၏တွဲဖက်အတွင်းရေးမှူး (၂) ဦးရွှေမျိုးသန့်ဦးဆောင် (၄) ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ကြောင်းကိုအလွတ်သဘောလာရောက်တွေ့ဆုံတင်ပြခြင်းဖြစ်သည်ဟု ဆိုသည်။

အလွတ်သဘောတွေ့ဆုံပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၉နာရီမှ ၁၀ နာရီခွဲအထိ MPC ရုံးအတွင်း၌ ကျင်းပခဲ့ရာ KNPP မှ တွဲဖက်အတွင်းရေးမှူး (၂) ဦးရွှေမျိုးသန့်ခေါင်းဆောင် ၂ဦး တက်ရောက်ခဲ့ကြပြီး MPC မှ ဦးလှမောင်ရွှေ ခေါင်းဆောင် ၆ ဦး လက်ခံတွေ့ဆုံခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ ဦးအောင်မင်း ဖော်ဆောင်နေသောလုပ်ငန်းစဉ်များကိုKNPP အားရှင်းလင်းဖြစ်ခဲ့ကြောင်း ဦးလှမောင်ရွှေက ဆိုသည်။ MPC အဖွဲ့ရှင်းလင်းချက်များအတွင်း၌ တစ်ပြည်လုံးအတိုင်းအတာဆောင်သည့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် ပါရှိကြောင်း KNPP မှ ဦးရွှေမျိုးသန့်ကဆိုသည်။

KNPPသည်ညီညွတ်သောတိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ UNFC အဖွဲ့ဝင်ဖြစ်သောကြောင့် KNPP ၏သဘောထားသည် UNFC နှင့် တစ်ထပ်တည်းပင်ဖြစ်ကြောင်း KNPP အဖွဲ့၏ ဒုဥက္ကဋ္ဌ ခူဦးရယ်က ပြောသည်။

"သွားတွေ့ဖြစ်တာကMPC ဘက်က ခဏခဏ ဖိတ်တာလဲပါတယ်။ ကျွန်တော်တို့တစ်ဖွဲ့ချင်းရဲ့ ရရှိထားတဲ့ သဘောတူညီချက်တွေကိုလည်း တိကျအောင်ဆောင်ရွက်နေတာပါ။ ရှေ့ဆက်ဘယ်လိုဆောင်ရွက်ကြမှာလဲဆိုတဲ့ အနေအထားနဲ့ သွားရောက်ဆွေးနွေးတိုင်ပင်တာပါ" ဟု ဆိုသည်။

KNPP သည် အစိုးရအဖွဲ့နှင့် ဒုတိယအကြိမ်ပြည်ထောင်စုအဆင့် တွေ့ဆုံပွဲကို ပြီးခဲ့သည့် ဇွန်လ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိကယားပြည်နယ် လွိုင်ကော်မြို့တွင် ကျင်းပခဲ့သော်လည်းတပ်နေရာချထားရေးကို ယနေ့အထိသတ်မှတ်နိုင်ခြင်းမရှိခဲ့ကြောင်း ၎င်းကဆိုပါသည်။

အစိုးရ ငြိမ်းချမ်းရေးကိုယ်စားလှယ်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီKNPPတို့သည် တရားဝင်ပြည်ထောင်စုအဆင့် (၂) ကြိမ်၊ တရားဝင်ပြည်နယ်အဆင့်(၁) ကြိမ်နှင့် အလွတ်သဘော (၄) ကြိမ်ခန့် တွေ့ဆုံဆွေးနွေးခဲ့သည်။

KNPP သည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် မတ်လ (၇) ရက်နေ့က အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကို သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

**တော်ဝင်ပန်း**

## နိုင်ပန်းညွှန့်အဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ နိုင်ကျနိုက်အဖွဲ့လက်နက်အပ်နှံပူးပေါင်းခဲ့

မွန်ပြည်နယ်သံဖြူဇရပ်စစ်ဘက်ရေးရာ လုံခြုံရေးတပ်စုသို့ ဟံသာဝတီ ပြန်လည်ထူထောင်ရေးပါတီ (H. R. P) နိုင်ပန်းညွှန့်အဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိနိုင်ကျနိုက်ဦးဆောင်သော အဖွဲ့ဝင်စဦးသည် လက်နက်မျိုးစုံဖြင့် ပူးပေါင်းရောက်လာကြောင်း သိရှိရသည်။

ဗိုလ်မှူးနိုင်ကျနိုက်နှင့် ဗိုလ်မှူးနိုင် ကလပ်စွန်း၊ ဗိုလ်ကြီးနိုင်ထူးစိန်၊ အရာခံဗိုလ်နိုင်အထူး၊ တပ်သားနိုင်ချန်ကရော့၊ တပ်သားနိုင်အဝ၊ တပ်သားနိုင်ပလိုင်စိုး၊ တပ်သား အောင်ကျနိုက်တို့သည် ဩဂုတ် ၁၁ရက်၊ ညနေ ၄နာရီတွင် သံဖြူဇရပ်စစ်ဘက်ရေးရာ လုံခြုံရေးတပ်စုတို့ လက်နက်နှင့်ပူးပေါင်းရောက်လာခဲ့ပြီး၎င်းအဖွဲ့သည် ထားဝယ်ခရိုင်ပကျွတ် ကျေးရွာအနီး အခြေပြုလှုပ်ရှားလျက်ရှိသော ဟံသာဝတီပြန်လည်ထူထောင်ရေးပါတီ (H.R.P) နိုင်ပန်းညွှန့်မှဖြစ်သည်။

အဆိုပါ ဗိုလ်မှူးနိုင်ကျနိုက်နှင့် အဖွဲ့ဝင် စဦးတို့သည် (WTK) လမ်းလျှောက်စကားပြောစက်တစ်လုံး၊ လက်ပစ်ဗုံးတစ်လုံး၊ AK-47 နှစ်လက်၊ ပွိုင့် (၃၀) ကာဘိုင်တစ်လက်ပွိုင့် (၃၂) နှစ်လက်၊ ခြောက်လုံးပြူးနှစ်လက်၊ လုပ်သေနတ်တိုတစ်လက်၊ ကျည် ၇၁တောင့်တို့ပါလာခဲ့သည်။ ၎င်းအဖွဲ့သည် ဩဂုတ်လ ၁၂ရက် နံနက်ပိုင်း၌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်သို့ သတင်းပို့အပ်နှံခဲ့ကြောင်း သိရှိရသည်။

**မင်းထက်သာ-မွန်ဌာနေ**

## တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အခြေခံဥပဒေပြင်ရန်လိုဟုဆို



တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် အစိုးရတို့ကြား ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ပေးရန်လိုအပ်ကြောင်းSNLD ပါတီမှ အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်ကပြောသည်။

"ငြိမ်းချမ်းရေးတည်ဆောက်တဲ့အခါမှာ နိုင်ငံရေးပြေလည်မှု ရှိဖို့လိုအပ်တယ်။ နိုင်ငံရေးပြေလည်မှု မရှိရင်တိုက်ပွဲ တွေက ဘယ်ပြီးမှာလဲ။ တိုက်ပွဲတွေမပြီးရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မလွယ်ဘူး။ ဒါတွေ ထည့်သွင်းစဉ်းစားသင့်တယ်"ဟု ဦးစိုင်းညွန့်လွင်က ဆိုသည်။

လက်ရှိတွင်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ၁၃ဖွဲ့နှင့် အပစ်အခတ်ရပ်စဲထားကြောင်း သိရသည်။"တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနဲ့ ငြိမ်းချမ်းရေးဆွေးနွေးတဲ့အခါမှာ သူတို့တောင်းဆိုတဲ့အတိုင်း ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ပြီးတော့ ဆွေးနွေးမှာပါ"ဟု ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးအောင်မင်းက ပြောသည်။

တပ်မတော်နှင့်အပစ်ရပ်၍ ငြိမ်းချမ်းရေးဆွေးနွေးရန်ကျန်ရှိသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှာ ရခိုင်တပ်မတော်နှင့် ပလောင်အဖွဲ့တို့သာ ကျန်ရှိတော့ပြီး ယင်းတပ်ဖွဲ့နှစ်ခု အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးဆွေး နွေးနိုင်မှသာပြည်ထောင်စုအဆင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် နိုင်ငံရေးဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးအောင်**

## အပစ်ရပ်နှစ်ဖက်သတ်မှတ်နယ်မြေမသိရှိသောကြောင့် နယ်ကျူံဝင်မိဟုအစိုးရဘက်ကပြော



မွန်ပြည်သစ်ပါတီ၏ လှုပ်ရှားလက်နက်ကိုင်တပ်စိတ်တစ်စိတ်

မြန်မာ့တပ်မတော်၏အစိတ်အပိုင်းအချို့မွန်ပြည်သစ်ပါတီ NMSP ၏ တပ်တည်နယ်မြေသို့ နယ်ကျူံပြီး ဝင်ရောက်မိသည်မှာ သက်ဆိုင်ရာနယ်မြေခံတပ်ဖွဲ့တို့က နှစ်ဖက် သတ်မှတ်နယ်မြေများ မသိရှိသောကြောင့်ဖြစ်သည်ဟု အစိုးရဘက်ကပြောကြားခဲ့ကြောင်း မွန်ပြည်သစ်ပါတီမော်လမြိုင်မြို့ဖွံ့ဖြိုးရေးရုံးတာဝန်ခံနိုင်အမ်စိုက်ချမ်းက ပြောသည်။

'ရေးချောင်းဖျားဒေသကို အစိုးရတပ်ဖွဲ့တွေနယ်ကျူံဝင်လာတဲ့အကြောင်းကို ကျွန်တော်တို့ခရိုင်မှူးတွေက ဩဂုတ် ၁၂ ရက်နေ့ကတည်းက စကခ ၁၉ ထံကန့်ကွက်စာပေးပို့ထားတဲ့ကိစ္စကို ဒီနေ့ မွန်ပြည်နယ်အစိုးရထံ ကျွန်တော်သွားရောက်မေးမြန်းခဲ့တယ်။ အကြောင်းပြန်ကြားချက်တွေ ရရှိခဲ့ပြီးဖြစ်တယ်'ဟုဆိုသည်။

မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး ဌေးမြင့်အောင်နှင့် ဩဂုတ်လ ၁၆ ရက်နေ့တွင် မွန်ပြည်နယ်သစ်ကိုယ်စားလှယ်အဖြစ်နိုင်အမ်စိုက်ချမ်းက သွားရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

မွန်ပြည်သစ်ပါတီနယ်မြေသို့ ကျူံဝင်သွားသော တပ်များနယ်လှည့်လှုပ်ရှားမှုသည်အရှေ့တောင်းတိုင်းစစ်ဌာနချုပ်၏စစ်ရေးအစီစဉ်များ မဟုတ်ကြောင်း တိုင်းမှ အကြောင်းကြားခဲ့ သည် ဟု ဗိုလ်မှူးကြီး ဌေးမြင့်အောင်ကပြောသည်ဆို၏။ ယင်းတပ်များ၏ လှုပ်ရှားမှုသည် ရေးမြို့နယ်ကျောင်းရွာအခြေစိုက် ခမရ ၅၈၃ တပ်ဖွဲ့များ၏ စစ်ရေးအစီစဉ်သာဖြစ်ကြောင်း ဗိုလ်မှူးကြီးကပြောသည်ဆို၏။ နှစ်ဖက်အပစ်ရပ်စဉ်က ရရှိထားသည့် သတ်မှတ်နယ်သဘောတူညီချက်များကို နယ်မြေခံတပ်ဖွဲ့များက မသိရှိသောကြောင့် ယင်းကဲ့သို့ဖြစ်ပွားခဲ့ရသဖြင့် မွန်ပြည်သစ်ပါတီနှင့် အစိုးရကိုကိုယ်စားလှယ်တို့ ရရှိထားသည့်သတ်မှတ်နယ် ၂၃ နေရာကို ပေးပို့ပါရန် သက်ဆိုင်ရာနယ်မြေခံအစိုးရတပ်တို့က တောင်းခံလာခဲ့သောကြောင့် မွန်ပြည်သစ်ပါတီမှ သတ်မှတ်နယ်မြေများစာရင်းကို ပြန်ပေးပို့ခဲ့ရသည်ဟုနိုင်အမ်စိုက်ချမ်းကဆိုသည်။ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးစဉ်က သဘောညီချက်များရရှိထားသည့် မွန်ပြည်သစ်ပါတီသတ်မှတ်နယ်ဖြစ်သော ရေးမြို့နယ် ရေးချောင်းဖျားဒေသအတွင်းသို့ဩဂုတ်လအတွင်း မြန်မာ့တပ်မတော်ဘက်က (၄) ကြိမ်ခန့်နယ်ကျူံဝင်ရောက်ခဲ့သည်ဟုဆိုသည်။

မွန်ပြည်သစ်ပါတီ (NMSP) သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးကိုလက်မှတ်ရေးထိုးခဲ့သည့်အချိန်မှ စပြီးယခုလှုပ်ရှားမှုသည် မြန်မာ့တပ်မတော်ဘက်ကပထမအကြိမ်နယ်ကျူံဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

**တော်ဝင်ပန်း**

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug, 2013

# ကြောက်တတ်ရင် နိုင်ငံရေးမလုပ်ပါနဲ့



**မောင်ခိုင်ခန့် (အမျိုးသားစာပေဆု)**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့က လွှတ်တော်ကအတည်ပြုခဲ့ပြီးဖြစ်သည်။ အတည်ပြုပြီးသည့်ဥပဒေကို စာနယ်ဇင်းကောင်စီက ကန့်ကွက်သည်။ ပြည်သူလူထု၏လက်မှတ်ရေးထိုး၍ကောက်ခံရန်ကြိုးပမ်းနေကြသည်။

ယင်းမှာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာနယ်ဇင်းကောင်စီ (ယာယီ) တို့၏ ငြင်းခုံကန့်ကွက်မှုတစ်ရပ်ဟုသာမန်အားဖြင့် မြင်တွေ့ကြားသိရမည်ဖြစ်သည်။

တကယ်တမ်းပြောဆိုရမည်ဆိုလျှင် စာနယ်ဇင်းကောင်စီ (အမြဲတေ)တွင်ပါဝင်သူအချို့ကို စာနယ်ဇင်းလောကသားများ ဝေဖန်ကန့်ကွက်သံများကြောင့် ဖျက်သိမ်းလိုက်ရသည်။ ယင်း စာနယ်ဇင်းကောင်စီ (အမြဲတေ) ဖျက်သိမ်းသည်၊ မသိမ်းသည်ကို တရားဝင်သတင်းထုတ်ပြန်သည်မထုတ်ပြန်သည်ကို သတိမထားမိ။

ပြန်ကြားရေးဝန်ကြီးပြောင်းသွားသည်။

နောက်ဝန်ကြီးအသစ်ရောက်လာသည်။ စာနယ်ဇင်းကောင်စီ (အမြဲတေ) အစားစာနယ်ဇင်းကောင်စီ (ယာယီ) ဖြစ်လာသည်။ ယခင် (အမြဲတေ) ကောင်စီမှအဖွဲ့ဝင်အချို့နှင့် နောက်ထပ်စာနယ်ဇင်းသမားအချို့ကန့်ကွက်ခဲ့သူများအပါအဝင်မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ကို ပြန်ကြားရေးဝန်ကြီးဌာနကြီးကြပ်မှုဖြင့် အသစ်ထပ်မံရွေးချယ်ဖွဲ့စည်းခဲ့သည်။

ယင်းဖြစ်စဉ်ကို ကြည့်လျှင်ပြန်ကြားရေးနှင့် စာနယ်ဇင်းကောင်စီ(ယာယီ) သည်လင်မယားလိုနေရမည်သာဖြစ်သည်။ ယခုမူ သုံးနှင့် လေးလို၊ခေါင်းနှင့် ပန်းလို တစ်သက်လုံးမျက်နှာချင်းမဆိုင်သလိုဖြစ်နေသည်။

နိုင်ငံတော်အစိုးရသည်ပင်လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ကြသည်။ အပစ်အခတ်ရပ်စဲနိုင်ခဲ့ကြသည်။ စားပွဲဝိုင်းတွင် ဆွေးနွေးနိုင်ခဲ့ကြသည်။

ကလောင်ကိုင်သောလက်များပိုင်ရှင်အချင်းချင်းစားပွဲဝိုင်းတွင် မဆွေးနွေးနိုင်သည်ကို ကျွန်တော်အံ့ဩမိသည်။ ကျွန်တော်လေ့လာမှတ်သားမိသမျှပြောဆိုရေးသားရမည်ဆိုလျှင် ဥပဒေကြမ်းပါအချက်များကို ပြန်ကြားရေးဝန်ကြီးဌာနက နိုင်ငံတကာစံနှုန်းများနှင့် အညီရေးဆွဲထားသည်ဟုဆိုသည်။ ထို့အတူ စာနယ်ကောင်စီ (ယာယီ) ကလည်း နိုင်ငံတကာတွင် ပြဋ္ဌာန်းထားသည့်ဥပဒေများအားလေ့လာရေးဆွဲထားသည်ဟုဆိုသည်။

ကျွန်တော့်အမြင်ပြောရလျှင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)တို့၏ လက်မခံငြင်းပယ်သည့်အချက် (၁၇) ချက်ကို ခြုံငုံသုံးသပ်လျှင် ချုပ်ခြယ်ခြင်းနှင့် လွတ်လပ်ခြင်းအတွက် တစ်ဖက်နှင့်တစ်ဖက်လက်မခံငြင်းဆန်နေကြခြင်းသာဖြစ်ပေလိမ့်မည်။

ပုံနှိပ်ဥပဒေကြမ်းနှင့်ပတ်သက်၍ ဩဂုတ်(၁၇)ရက်နေ့က ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)တို့ နှစ်ဖက်အကြားသဘောထားကွဲလွဲချက်(၁၇)ချက်ကို တွေ့ဆုံဆွေးနွေးခဲ့ရာ (၁၄)ချက် သဘောထားရရှိခဲ့ပြီး ကျန်ရှိနေသည့် အချက်(၃)ချက်ကို လွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်မည်ဟုဆိုသည်။ ယင်းသဘောတူညီချက်များကို လွှတ်တော်သို့ ပြန်လည်တင်ပြခြင်းရှိမရှိ မသိရှိရပေ။

ယင်းကိစ္စနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်မှာ ဩဂုတ်လ(၁၉) ရက်နေ့တွင် ဖြစ်သဖြင့် အမျိုးသားလွှတ်တော်တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဥပဒေကြမ်းပတ်သက်၍ ပြင်ဆင်ပယ်ဖျက်မှုအများအပြား ပြုလုပ်သင့်ကြောင်း အမျိုးသားလွှတ်တော်တွင် တင်ပြသည့် သတင်းထုတ်ပြန်ချက်နှင့် တိုက်ဆိုင်နေသည်ကို အံ့ဩဖွယ်ဖတ်ရှုရသည်။

ယခင်ကတည်းက နှစ်ဦးနှစ်ဖက်ကျေလည်အောင် မဆွေးနွေးခဲ့ကြသည်ကို နားမလည်နိုင်အောင် ဖြစ်ရသည်။

ဥပဒေတစ်ခုပြုပြီးလျှင် ပြင်ဆင်ရန်လွယ်ကူမည်မဟုတ်သကဲ့သို့ဖျက်သိမ်းရန်လည်းလွယ်ကူလှသည်မဟုတ်ပေ။

၁၉၁၄ ခုနှက် ပြဋ္ဌာန်းအတည်ပြုခဲ့သော မူပိုင်ခွင့်ဥပဒေသည်ပင်လာမည့်နှစ်တွင် သက်တမ်း (၁၀၀) ပြည့်တော့မည်ဖြစ်သည်။ ယနေ့တိုင် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပေ။

ခေတ်နှင့် မလျော်ညီသောမူပိုင်ခွင့်ဥပဒေကိုပြန်ကြားရေးဝန်ကြီးရေးဆွဲတော့မည်လိုလိုသိပွဲနှင့် နည်းပညာဝန်ကြီးဌာနက ရေးဆွဲတော့မည်ယောင်ယောင်နှင့် အလုမ်းဝေးကွာနေဆဲဖြစ်နေသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်လွှတ်တော်သက်တမ်းလပေါင်း (၃၀) အတွင်းတွင် ဥပဒေပေါင်း (၅၈) ခု ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း သိရ၍ဝမ်းသာမိသည်။ ယင်းဥပဒေများအနက်ပြည်ထောင်စုအစိုးရအဖွဲ့မှ ဥပဒေ (၄၉) ခုနှစ် လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသောဥပဒေ (၉) ခုရှိသည်။

ပြည်ထောင်စုအစိုးရကတင်သွင်းသောဥပဒေဟုဆိုရာတွင် ဝန်ကြီးဌာနများက တင်သွင်းသောဥပဒေများပါရှိမည်မှာသေချာသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဥပဒေမူကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက လွှတ်တော်သို့တင်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်သူမရှိထောက်ခံခဲ့ကြသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာခြင်း ပုဒ်မ ၁၀၅၊ ပိုဒ်ခွဲ (က)(ခ)(ဂ)အရ ဥပဒေကို ထုတ်ပြန်ကြေညာခြင်းမရှိသရွေ့အတည်မဖြစ်သေးပေ။

သို့သော်ပြည်သူ့လွှတ်တော်က ကန့်ကွက်သူမရှိအတည်ပြုထားသည့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့လျှင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးမူကြမ်းကို အတည်မပြုနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကုစားနိုင်ရန် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ၏ ကယ်တင်ရှင်မှာ အမျိုးသားလွှတ်တော်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေပြုခြင်း ပုဒ်မ ၉၅ (ခ) အရ ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သဘောထားကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဥပဒေကြမ်းကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)က ကန့်ကွက်မရသကဲ့သို့အမျိုးသားလွှတ်တော်က ယင်းဥပဒေကြမ်းကို အတည်မပြုခဲ့လျှင် ပြန်ကြားရေးဝန်ကြီးဌာနကလည်း ကန့်ကွက်၍ မရနိုင်သည်မှာသေချာသည်။

ယင်းအခြေအနေမျိုးသို့ဆိုက်ရောက်လျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်ဖြစ်သဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) တို့၏ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဥပဒေကြမ်းပါ အချက် (၁၇) ချက်အငြင်းပွားမှု ပြဿနာကို ပြည်ထောင်စုလွှတ်တော်ကအဆုံးအဖြတ်ပေးမည်မှာသေချာသည်။

သမရိုးကျတွေးလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေထက်များသဖြင့် စာနယ်ဇင်းကောင်စီ (ယာယီ) က ရှုံးနိုင်သည်။

သို့သော် ပြည်သူ့လွှတ်တော်ကိုယ်စားကြီးများသည့်နိုင်ငံရေးသမားကောင်းများပီပီ အမှားကို အမှန်အဖြစ်သိမြင်ရာမှ အမှားကို အမှားမှန်း သိမြင်ခဲ့လျှင်မူ မြန်မာစာနယ်ဇင်းကောင်စီ (ယာယီ) မှ တင်ပြသည်အချက်(၁၇) ချက်သည်လည်း အသာစီးရသွားနိုင်သည်။ အမှန်ကို အမှန်အတိုင်းမမြင်လျှင် ပြန်ကြားရေးဝန်ကြီးဌာနကတင်သွင်းသည့်ဥပဒေကြမ်းက အသာစီးရသွားနိုင်သည်။

မည်သို့ဆိုစေ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည့်အဆင့်ရောက်လာလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် အမျိုးသားလွှတ်တော် မှ ကိုယ်စားလှယ်ကြီးများသည် ပြည်သူတို့၏ ကိုယ်စားအဆုံးအဖြတ်ပေးကြမည်ဖြစ်ပေသည်။

ပြည်သူတို့ကိုယ်စားအဆုံးအဖြတ်ပေးမည့်ကိုယ်စားလှယ်တော်ကြီးများသည် အမှားကို အမှားမြင်၊ အမှန်ကို အမှန်အတိုင်းမြင်စေချင်ပါသည်။ ဆုံးဖြတ်စေချင်ပါသည်။

အမှားကို အမှန်မြင်၊ အမှန်ကို အမှားထင်ခဲ့လျှင် ပြည်သူများကိုယ်စားကျွန်တော်ပြောချင်သည်မှာ ကြောက်တတ်ရင်နိုင်ငံရေးမလုပ်ပါနဲ့ဟုသာဆိုချင်ပါသည်။ အကြောက်တရားကင်းမဲ့စွာဖြင့်သာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးစေချင်ပါသည်။

## ဖမ်းဆီးခံထားရသောဒီမိုကရက်တစ်အင်အားစုများ လွတ်မြောက်ရေး Signature Campaign ပြုလုပ်

နန်းထိုက်တော်ဝင်စားသောက် ဆိုင်ပိုင်ရှင်ဦးအိုက်လင်းနှင့်အမှု ရင်ဆိုင်နေရင်းပုဒ်မ ၅၀၅-ခ နှင့် ပုဒ်မ ၁၈တို့တပ်ကာအာမခံမပေး ဘဲဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကိုထင်ကျော်နှင့်မြေသိမ်းခံပြည် သူ၃ဦးကို ဩဂုတ် ၂၀ရက်နေ့က မြောက်ဥက္ကလာတရားရုံးတွင်ရုံး ထုတ်စဉ်တရားရုံးရှေ့လမ်းမဘေး၌ ဖမ်းဆီးခံထားရသောဒီမိုကရက် တစ်အင်အားစုများလွတ်မြောက် ရေးလက်မှတ်ထိုးကမ်ပိန်းတစ်ခု ပြုလုပ်ကြောင်းသိခဲ့ရသည်။

နိုင်ငံတော်ကိုအကြည်ညိုပျက် စေမှုပုဒ်မတပ်ကာဖမ်းဆီးခံထား ရသည့်ကိုထင်ကျော်နှင့်အတူအခြား ဖမ်းဆီးခံထားရသောဒီမိုကရက်တစ်အင်အားစုများလွတ်မြောက် ရေးအတွက်ပြည်သူများစုစည်း လက်မှတ်ထိုးကာတောင်းဆိုသွားမည်ဟုသိရသည်။

ယင်းလှုပ်ရှားမှုကမ်ပိန်းကို MDCFအဖွဲ့ကပံ့ပိုးကူညီကာမြေ သိမ်းခံပြည်သူများ၊လူထုအခြေပြုအဖွဲ့အစည်းများနှင့်အခြေခံလူတန်စားများထံမှလက်မှတ်များကောက်ခံသွားမည်ဖြစ်ကြောင်း၊ကိုထင် ကျော်တစ်ဦးတည်းအတွက်လုပ်ခြင်းမဟုတ်ဘဲအမှည့်ခြွေခြွေဖမ်းဆီးခံနေရသောဒီမိုကရက်တစ်အင်အား စုအားလုံးအတွက်လုပ်ခြင်းဖြစ်ကြောင်း MDCF အဖွဲ့နိုင်ငံခြား ရေးတာဝန်ခံကို ဇာနည်ကဆိုသည်။ **ဇော်မြင့်**

## ထားဝယ်မြို့တွင် ထိုင်းနံပါတ်ပြားတပ်ထားသည့် ယာဉ်များဖမ်းမိ

ထိုင်းနိုင်ငံမော်တော်ယာဉ် နံပါတ်ပြားများ တပ်ဆင်ကာဒေသအတွင်း မောင်းနှင်နေသော ထိုင်းဆောက်လုပ်ရေးကုမ္ပဏီ၊ အီတလျံ-ထိုင်းကုမ္ပဏီ (ITD) ပိုင်မော်တော်ယာဉ် ၁၅ စီးခန့် ကို ဩဂုတ်လအတွင်းဖမ်းဆီးခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းက ပြောကြားသည်။ထားဝယ်စီမံကိန်းအကောင်အထည်ဖော်နေသောယင်းကုမ္ပဏီသည် စီမံကိန်းစတင်ကတည်းက အချို့ယာဉ်များကို မြန်မာနံပါတ်ပြားသို့ပြောင်းလဲတပ် ဆင်ခြင်းမရှိဘဲ ထိုင်းနံပါတ်ပြား ဖြင့် နှစ်ချီ၍စီးနင်းလေ့ရှိသော် လည်းပြီးခဲ့သည့် မေလထဲဒီးနယ် စပ်ဖွင့်ပြီးနောက်ပိုင်းတွင် စတင်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ITD ကုမ္ပဏီမှယာဉ်မောင်းအားလုံးမြန်မာနိုင်ငံ၏ဥပဒေကို လိုက်နာရမည်ဖြစ်ပြီးမလိုက်နာလျှင် နိုင်ငံ၏ဥပဒေအတိုင်း အရေးယူခံရမည်ဖြစ်ကာ သတ်မှတ်ထားသည့်စတစ်ကာ၊ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (အုံနာဘုတ်) လိုင်စင်ပါရှိရမည်ဖြစ်ပြီးမလိုက်နာလျှင် ပိတ်သိမ်းသည်အထိအရေးယူသွားမည်ဖြစ်ကြောင်းရဲမှူးကြီးကရှင်းပြခဲ့သည်။ ထိုင်းနိုင်ငံဘက်တွင် မြန်မာနိုင်ငံမှ မော်တော်ယာဉ်များမောင်းနှင်ခွင့်မပြု ထားသကဲ့သို့မြန်မာနိုင်ငံဘက်တွင်လည်း ထိုင်းမှယာဉ်များ ခွင့်မပြုကြောင်း၊ ဩဂုတ်လအထိ စာရင်းများအရ အခွန်ဆောင်မောင်းနှင် ခွင့်ပြုထားသော ထိုင်းကုမ္ပဏီ ၃၀၀ ကျော်ရှိကြောင်း ရဲမှူးကြီး ကရှင်းပြသည်။

နယ်စပ်တွင် အခွန်ဆောင်ကာယာယီထုတ်ပေးသည့် နံပါတ်ပြားများ၊ စတစ်ကာများကို တပ်ဆင်ပြီးထားဝယ်ဒေသအတွင်းသို့ မောင်းနှင်ရမည်ဖြစ်သော်လည်း နယ်စပ်တွင်အခွန်ဆောင်ခဲ့ပြီး ပို့ဆောင်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ထပ်မံအခွန် မဆောင်ဘဲထိုင်းနိုင်ငံမှထုတ်ပေးထားသော မော်တော်ယာဉ်နံ ပါတ်ပြားများကို တပ်ဆင်ကာ ကုမ္ပဏီမှမော်တော်ယာဉ်များဒေ သအတွင်းဖြတ်သန်းမောင်းနှင်ခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ITD ယာဉ်မောင်းများကိုလည်း လာမည့်အပတ်အတွင်းတွေ့ဆုံရှင်း ပြသွားမည်ဟုသိရသည်။ **မင်းထက်သာ-မွန်ဌာနေ**

THE HOT NEWS
Vol - 4, No - 154, 23 - 29 Aug 2013





# ပြည်သူတွေကပဲ စည်းကမ်းမရှိတာလား မြို့နယ်စည်ပင်ကပဲ မလုပ်နိုင်တာလား

လှိုင်သာယာမြို့နယ်၊ ၁၉ ရပ်ကွက်၊ ပေါင်းကူးလမ်း၊ အုန်းတောဘုန်းတော်ကြီးကျောင်းအနီး ရွှေလင်ပန်းချောင်းကူးတံတားဘေးရှိ အမှိုက်သိမ်းကန်တွင် အမှိုက်များပြည့်၍ ရွှေလင်ပန်းချောင်းကူးတံတား အလယ်သို့ရောက်သည့်တိုင် အမှိုက်များစုပုံနေကြောင်း ပြည်တွင်း သတင်းဂျာနယ်အချို့တွင် ဖော်ပြခံရခြင်းနှင့် စပ်လျဉ်း၍ လှိုင်သာယာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက အမှိုက်များ ချောင်းကူးတံတား အလယ်သို့ ရောက်ရှိခြင်းသည် မိမိတို့တွင်သာ တာဝန်ရှိသည် မဟုတ်ဘဲ ပြည်သူများတွင်လည်း တာဝန်အပြည့်အဝရှိကြောင်း ပြောကြားလိုက်သည်။

"ကျွန်တော်တို့က အမှိုက်တွေကို ပုံမှန်လိုက်သိမ်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြို့နယ်စည်ပင်အနေနဲ့ ဘာပြဿနာရှိလဲဆိုတော့ အမှိုက်ကား များများစားစားမရှိတာရယ်၊ တချို့ကားတွေကစက်ချို့ယွင်းနေတာကြောင့် လှည့်ပတ်ပြီး အဆင်ပြေအောင် ဆောင်ရွက်ရပါတယ်။ဟိုနေရာကအော်ရင် ဟိုနေရာအမြန်ဖြေရှင်း၊ ဒီနေရာကအော်ရင် ဒီနေရာက မြန်ဖြေရှင်းပေးပါတယ်။

ဒါပေမဲ့ အဲဒီအမှိုက်ကန်ကတော့ ကျွန်တော်တို့အနေနဲ့ ဒီနေ့ အမှိုက်သိမ်းပြီး နောက်နှစ်ရက်ကြာရင် အမှိုက်ကန်ထဲမှာ အမှိုက်မရှိဘူး။ လမ်းပေါ်ကိုပဲ စွန့်ပစ်ကြတယ်။ ဒါကိုလည်း ဂျာနယ် အချို့ကလည်း ရေးကြတယ်။ ကျွန်တော်တို့ကလည်း တတ်နိုင်သလောက် ကြိုးစားတယ်။ ဒါပေမဲ့ ပြည်သူတွေကလည်း စည်းကမ်းမရှိတော့ စည်းကမ်းရှိဖို့လိုတယ်"ဟု အထက်ပါ တာဝန်ရှိသူတစ်ဦးက ထပ်မံပြောကြားသည်။

အဆိုပါရပ်ကွက်နေပြည်သူတစ်ဦးဖြစ်သူ ကိုလင်းလင်းကလည်း "ကျွန်တော်တို့မြင်တွေ့ရသလောက်ကတော့ စည်ပင်ကလည်း လာသိမ်းပေမဲ့ မေ့လောက်မှ တစ်ခါလာသိမ်းတာပါ။ အမှိုက်ပစ်တဲ့သူတွေကလည်း အမှိုက်ကန်ထဲကို ဝင်အောင်မပစ်ဘူး။ လမ်းသွားရင်းနဲ့ပဲ အမှိုက်ကန်ဘေးပစ်ထားခဲ့တာ။

အဆိုးဆုံးက စက်ရုံကပစ်တဲ့ အမှိုက်တွေပဲ။ စက်ရုံတွေက ညဘက်ဆို ကားတွေနဲ့လာပြီး လမ်းပေါ်တင် အမှိုက်ပစ်တဲ့အတွက် အမှိုက်ကန်ထဲ အမှိုက်နည်းပြီး အမှိုက်ပုံက လမ်းပေါ်ရောက်နေတာပါ" ဟု ၎င်း၏အမြင်ကိုပြောကြားသည်။

ဝင်းကိုကို

## အမှိုက်စွန့်ပစ်ခြင်းကြောင့် ဂနိုင်ရေထွက်များကို ဆိုးကျိုးဖြစ်ပေါ်နေတာရှိသူများသိစေ

တောင်ကြီး၊ တာချီလိတ်သွားကားလမ်း၊ တောင်ကြီးမြို့မှ မိုင်တိုင်၅အနီးရှိ တံတားတွင် ကားလမ်းပေါ်မှနေ၍ ကားများ ဖြင့်နံနက်စောစော၊ ညပိုင်းတို့ တွင် အမှိုက်များလာရောက်စွန့်ပစ်လျက်ရှိရာ အဆိုပါအမှိုက်များထဲတွင် ကြက်ဥပုပ်၊ ကြက်မွေးများလာရောက်စွန့်ပစ်ခြင်းကြောင့် ခရီးသွားများပါဝင် ဂနိုင်ရေအသုံးပြုနေသော မဲဟဲရွာ၊ ပင်ငိုရွာ၊ ခြောက်မိုင်ရာသစ်တို့ ကျေးရွာနေပြည်သူများ အနံ့အသက်မျိုးစုံကို ခံစားနေရကြောင်း၊ အဆိုပါနေရာကို သတင်းမှတ်တမ်းသွားယူနေစဉ် ခရီးသွားကားတစ်စီးက ၎င်းတို့ပါလာရောက်၍ဓာတ်ပုံမှတ်တမ်းရိုက်ယူပြီး သတင်းဂျာနယ် အင်တာနက်ထဲတွင် ထည့်ရမယ့်အဖြစ်မျိုးဖြစ်နေကြောင်း၊ တာဝန်ရှိသူတွေ ဒီလမ်းကမသွားဘူးလားမသိဘူးဟု ပြောဆိုပြီး ဂျာနယ်တွေထဲထည့်ဖို့ ရွာသားတွေကို လမ်းညွှန်မှုပေးပြီး မိမိတို့ကလည်း တစ်ဖက်တစ်လမ်းက ကူညီပေးမယ်ဟု ပြောဆိုကြောင်း၊ အဆိုပါ ခရီးသွားပြည်သူတစ်ဦးက ရွာသားများကိုကိုယ့်ရွာကိုယ့်ပတ်ဝန်းကျင်ကို ကိုယ်တိုင်လည်း ကာကွယ်သင့်ကြောင်း၊ သတင်းဂျာနယ်တိုင်ကြားမှုတွေဟာ မထိရောက်ဘူး၊ သူတို့ အဆင်သင့်သလို ဒီနေရာမှာ အလုပ်ရှိမှ လူကြီးတွေ မြေကွက်ဝယ်ထားတဲ့ နေရာဖြစ်မှ ဂျာနယ်တွေတိုင် ကြားစာတွေက ထိရောက်တာ ဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုးဖို့သာ ကင်းစောင့်ပြီး နေဖို့ကို အကြံပြုသွားခြင်းကိုလည်း ကြားသိနေတွေ့မြင်ရပြီး ဖြစ်ပေါ်နေသော အမှိုက်စွန့်ပစ်ခြင်းကြောင့် ဟိုးရှေးနှစ်ပေါင်းများစွာကတည်းက အသုံးပြုလာတဲ့ဂနိုင်ရေထွက်တွေ ထိခိုက်လာပြီး အောက်မှာ သုံးနေတဲ့ရွာတွေလည်း စွန့်ပစ်အမှိုက်များကြောင့် ရေအသုံးပြုနေသူများလည်း ရေသုံးဖို့အခက် အခဲဖြစ်နေကြောင်း ကျေးရွာသားများမှ ပြောဆိုနေလျက်ရှိပြီး တာဝန်ရှိသူများက အဆိုပါနေရာအမှိုက်ပုံကို အမြန်ဆုံးဖယ်ရှား ရှင်းလင်းပေးဖို့ သိရှိစေဖို့ ပြောဆိုနေလျက်ရှိကြောင်း သိရသည်။

အောင်ဇင်

## ရန်ကုန်အမှိုက်သိမ်းလုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံရန် ပုဂ္ဂလိကလုပ်ငန်းရှင်များတင်ပြလာမှုမရှိသေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်ရန်ကုန်မြို့အတွင်းအမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များမှလုပ်ကိုင်ရန် တင်ပြတောင်းဆိုလာပါက လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးသွားမည်ဟု ကြေညာထားသော်လည်း ပုဂ္ဂိုလကလုပ်ငန်းရှင်များအနေဖြင့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုလျော့နည်းကာ၊ လွှဲပြောင်းလုပ်ကိုင်ရန် တင်ပြတောင်းဆိုသူမရှိသေးကြောင်းသိရသည်။

ထိုသို့ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်မြို့တွင်း အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းတွင်ရင်း နှီးမြှုပ်နှံရန်စိတ်ဝင်စားမှုလျော့နည်းနေခြင်းမှာ ရန်ကုန်မြို့တော်စည် ပင်သာယာရေးကော်မတီအနေဖြင့် မိမိတို့လက်ရှိကောက်ခံနေသည့် သန့်ရှင်းရေးဆောင်ရွက်ခနှုန်းထားအတိုင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကောက်ခံနိုင်မှသာ လုပ်ပိုင်ခွင့် လွှဲပြောင်းပေးမည်ဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုလို စိတ်ဝင်စားမှုလျော့နည်းနေခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင်းသန့်ရှင်းရေးဆောင်ရွက်ခအနေဖြင့် ဗဟန်း၊တာမွေ၊ရန်ကင်း၊မင်္ဂလာတောင်ညွန့်၊စမ်းချောင်း၊အလုံ၊ကမာရွတ်စသည့်မြို့နယ်များတွင် သုံးလတစ်ကြိမ်လျှင် သန့်ရှင်းရေးဆောင်ရွက်ခ ငွေကျပ် ၁၃၅၀ ကောက်ခံ၍ မြို့တွင်း ၆ မြို့နယ်တွင် သုံးလတစ်ကြိမ်လျှင် ငွေကျပ် ၁၈၀၀နှင့် ကျန်မြို့နယ်များတွင် ငွေကျပ် ၉၀၀ သာကောက်ခံသောကြောင့် အမှိုက်တစ်တန်လျှင် သန့်ရှင်းရေးဆောင်ရွက်ခ အနေဖြင့် ငွေကျပ် ၄၀၀၀ ကျော်သာရရှိသော်လည်း အမှိုက်တစ်တန် သိမ်းဆည်းရန် ကုန်ကျငွေသည်ငွေကျပ် ၂၇၀၀၀ ကျော်ခန့်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဝင်းကိုကို

# စက်ရုံထွက်အမှိုက်များကိုသန့်စင်ပြီးမှ စွန့်ပစ်ရေးညွှန်ကြားထား

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် မြေထု၊ လေထု၊ ရေထု ထိန်းသိမ်းခြင်းလုပ်ငန်းများလုပ်ဆောင်လျက်ရှိပြီး စက်ရုံများမှ ထွက်ရှိသည့် မီးခိုးငွေ့များကြောင့်လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရန်အတွက် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ညွှန်ကြားထားကြောင်း သိရသည်။



စည်ပင်ပိုင်စက်ရုံမှမီးခိုးငွေ့များအား တွေ့ရစဉ်

"ဥပမာနေကြာပင်စိုက်ပျိုးခြင်းအားဖြင့် စက်ရုံကနေထွက်လာတဲ့ လေထုညစ်ညမ်းမှုတွေကို သစ်ပင်တွေကနေစုပ်ယူမှာပေါ့။ လေထုညစ်ညမ်းမှုမဖြစ်အောင် အဲဒီစစ်ဆေးချက်တွေလုပ်တယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စက်ရုံများမှ မြေပြင်ပေါ်သို့ စွန့်ပစ်လိုက်သည့်အမှိုက်များမှ ဓာတုပစ္စည်းများပါဝင်နိုင်ပြီး မြေဩဇာများကိုပျက်စီးစေနိုင်ကြောင်းနှင့် စွန့်ပစ်လိုက်သည့် အမှိုက်များကို သန့်စင်ခြင်း လုပ်ရမည်ဖြစ်ကြောင်း သိရသည်။

"မြေပြင်ပေါ်ကို အမှိုက်တွေပစ်တဲ့အခါအဲဒီအမှိုက်တွေကနေ ဓာတုပစ္စည်းတွေပါဝင်တဲ့အတွက် မြေဩဇာကို ပျက်စီးစေတယ်။ စက်ရုံဘေးမှာရှိတဲ့ စိုက်ခင်းတွေ ကို ပျက်စီးစေတယ်။ အဲဒါတွေ မဖြစ်အောင် စက်ရုံကနေစွန့်ပစ်တဲ့ အမှိုက်တွေ စွန့်ပစ်ပစ္စည်းတွေကို Treatment လုပ်ရတယ်။ မြေပြင်သန့်စင်ပြီးတော့မှ အညစ်အကြေးတွေကို စွန့်ပစ်ရမယ်" ဟု ၎င်းကပြောသည်။

စွန့်ပစ်လိုက်သည့် ရေများမှာလည်း မြစ်ချောင်းများအတွင်း ရောက်ရှိသွားမည်ဆိုပါက ရေနေသတ္တဝါများသေကြေပျက်စီးနိုင်ခြင်း၊ စိုက်ခင်းများအတွင်းသို့ ရောက်ရှိသွားပါကလည်းစိုက်ခင်းများကို ပျက်စီးစေနိုင်ကြောင်း သိရသည်။

"ရေဆိုးရဲ့ထွက်ရှိမှုပေါ်မှာ ရေဆိုးပါဝင်မှု၊ မပါဝင်မှုနှုန်းကို စစ်ဆေးရမယ်။ ပါဝင်ရင် အဲဒီမှာ ရေသန့်စက်ရုံဆောက်ရမယ်။ အဓိကက မြေရယ်၊ လေထုညစ်ညမ်းမှုရယ်၊ ရေထုညစ်ညမ်းမှုရယ် အဲဒါတွေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးကလုပ်ဆောင်နေတယ်" ဟု ၎င်းကထပ်မံပြောသည်။

ယဉ်ပပထွန်း

# Environment

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug, 2013

# မြစ်သံလွင်ကိုလွတ်လပ်စွာစီးဆင်းပါစေ



စောမိုးမြင့်

ကမ္ဘာ့မှာ နံပါတ် (၂၆) မြောက် အရှည်ဆုံးဖြစ်တဲ့ သံလွင်မြစ်ဟာ တိဗက်ပြည်ကနေ တရုတ်နိုင်ငံယူနန်ပြည်နယ်၊ မြန်မာနိုင်ငံရှမ်းပြည်နယ်၊ ကယားပြည်နယ် ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့ကိုဖြတ်သန်းပြီး၊ မော်လမြိုင်မြို့မှာ ဘင်္ဂလားပင်လယ်အော်ထဲစီးဝင်တဲ့အထိ (၂၈၁၅) ကီလိုမီတာ (၁၈၄၉) မိုင်ရှည်လျားပါတယ်။ ရေစီးနှုန်းတစ်စက္ကန့်ကို (၄၈၇၆) ကုဗမီတာ (၁၇၂၁၉၄ ကုဗပေ) ရှိတဲ့ သံလွင်မြစ်ဟာ မြန်မာနိုင်ငံအပိုင်းမှာရေကာတာကင်းမဲ့တဲ့၊ လွတ်လပ်စွာစီးဆင်းနေတဲ့ မြစ်တစ်စင်းအနေနဲ့ ယနေ့တိုင်တည်ရှိနေပါတယ်။

မြန်မာနိုင်ငံမှာမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေဟာ သံလွင်မြစ်တစ်လျောက် (၇) သန်းကျော်နေထိုင်ကြပြီးမိရိုးဖလာ လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်း၊ သစ်လုပ်ငန်းနဲ့ သားငါးရှာဖွေတဲ့ လုပ်ငန်း တွေနဲ့ အေးချမ်းသာယာစွာနေထိုင်ကြပါ တယ်။ သံလွင်မြစ်တစ်လျှောက်မှာဆေးဖက်ဝင်သစ်မျိုးနွယ်များအပါအဝင်သစ်ပင်မျိုးစိတ်ပေါင်း (၇၀၀၀) ခန့်ပေါက်ရောက်နေပြီး သားရဲတိရစ္ဆာန်မျိုးစိတ်ပေါင်း (၇၀၀)၊ ငါးမျိုးစိတ်ပေါင်း (၁၄၀) ကျော်၊ ကမ္ဘာမှာ အပေါများဆုံးလိပ်မျိုးနွယ်ပေါင်း (၁၅) မျိုးကျက်စားနေထိုင်ကြပါတယ်။

ကမ္ဘာမှာ ကျောက်မီးသွေးကနေ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့နေရာမှာ အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယလိုက်တဲ့တရုတ်ပြည်ဟာ ကျောက်မီးသွေးကထုတ်လွှင့်လိုက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့က ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့၊ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ နိုက်ထြိုဂျင်အောက်ဆိုက်ဓာတ်ငွေ့၊ လေလွင့်ပြာ (Ash) နဲ့ အမှုန်အမွှား (Suspended Particulated Matters) တွေဟာ ကမ္ဘာကြီးကိုပူနွေးလာစေတာတွေရယ်၊ အက်စစ်မိုးဖြစ်ပေါ်စေတာတွေရယ်၊ ပတ်ဝန်းကျင်ကလူနဲ့သက်ရှိကုန်း နေ၊ ရေနေသတ္တဝါများရဲ့ ကျန်းမာအသက်ရှင်ရေးကို အန္တရာယ်ပြုနေတာတွေရယ်။ ထွက်ပေါ်လာတဲ့ဓာတ်ငွေ့များအတွက် ကာဗွန်ကြွေးကတိလွှာ (Carbon Credit) တွေပေးရမှာတွေရယ်ကြောင့် ကျောက်မီးသွေးအသုံးလျှော့ချပြီး၊ ရေအားလျှပ်စစ်ပိုမိုထုတ်လုပ်ဖို့ လွန်ခဲ့တဲ့ဆယ်စုနှစ် (၃) စုလောက်ကတည်းကကြံစည်ခဲ့ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျကျန်နေတဲ့ ယူနန်ပြည်နယ် အနောက်ဘက်ခြမ်းကို တိုးတက်စေဖို့လိုတဲ့ လျှပ်စစ်ဓာတ်အား (၂၁၃၂၀) မီဂါဝပ်ကို သံလွင်မြစ်ကထုတ်ယူ ဖို့စီမံကိန်း (၁၃) ခု ရေးဆွဲခဲ့ပါတယ်။ ရေအားလျှပ်စစ်စီမံကိန်းတွေ အကောင်အထည်ဖော်ဖို့ သံလွင်မြစ်ပေါ်မှာရွေးချယ်ထားတဲ့ဒေသတွေဟာ ငလျင်အန္တရာယ်ဖြစ်ပေါ်စေနိုင်တဲ့ပြတ်ရွေ့ကြော တွေနဲ့နီးနေတာကိုတွေ့လို့ ဘူမိဗေဒပညာရှင်ဖြစ်တဲ့ ဝန်ကြီးချုပ်ဝမ်ကျားပေါင်ဟာစီမံကိန်းတွေကို (၁၃) ခုကနေ (၄) ခုအဖြစ်လျှော့ချလိုက်တဲ့အပြင် ပတ်ဝန်းကျင်အပေါ်ဆိုးကျိုးများသက်ရောက်နိုင်မှုကို ဆန်းစစ်လေ့လာဖို့ စီမံကိန်းတွေကိုဆိုင်းငံ့ခဲ့ပါတယ်။ ဒါပေမဲ့ ဝမ်ကျားပေါင်အနားယူပြီးတဲ့နောက်ပိုင်းအာဏာရလာကြတဲ့ တရုတ်နိုင်ငံခေါင်းဆောင်သစ်များဟာ အရင်ကရပ်ဆိုင်းခဲ့တဲ့ သံလွင်မြစ်ရေအားလျှပ်စစ်စီမံကိန်းတွေကို ပြန်အသက်သွင်းခဲ့ပါတယ်။ လောလောဆယ်သိရသလောက်တိဖက်ပြည်နယ်မှာရေကာတာ အမြင့် (၃၀၇) (သံလွင်မြစ်မှာအမြင့်ဆုံးရေကာတာ) မီတာရှိပြီး (၄၂၀၀) မီဂါဝပ် ထုတ်လုပ်နိုင်မည့်ဆောင်တာ ရေကာတာကို (၂၀၁၅) ခုနှစ် အပြီးတည်ဆောက်နေပါတယ်။ အဲဒီလိုပဲ မီတာ (၃၀၀) မြင့်ပြီး လျှပ်စစ်ဓာတ်အား (၄၂၀၀) မီဂါဝပ်ထုတ်ပေးနိုင်မည့် မာဂျီ (Maji)၊ (၁၃၃) မီတာမြင့်ပြီး (၁၈၀၀) မီဂါဝပ် ထုတ်ပေးနိုင်မည့် ယမ်ဘီလောင် (Yabiluo) နဲ့ (၃၅.၅) မီတာမြင့်ပြီး (၂၃၀၀) မီဂါဝပ်ထုတ်ပေးနိုင်မည့် လွိုကူး (Liu Ku) ရေအားလျှပ်စစ်စီမံကိန်းတွေကို ဦးစားပေးအဆင့်အနေနဲ့ သတ်မှတ်ပြီး အကောင်အထည်ဖော်နေပါတယ်။ Liu Ku ရေကာတာဆောက်မည့်ဝန်းကျင်ကရွာတွေကို ပြောင်းရွှေ့နေပြီလို့သိရပါတယ်။ ဒီရေကာတာတစ်ခုစီဟာ အနည်းဆုံးရေကုဗမီတာ (၃) သန်းအထက် ရေလှောင်နိုင်စွမ်းအားရှိတာမို့ဒီရေကာတာကြီး (၄) ခုသာပြီးလို့ရေစလှောင်ရင်မြစ်ခြေမှာရှိတဲ့ မြန်မာနိုင်ငံအဖို့သံလွင်မြစ်ခြေမှာရှိတဲ့ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတွေမှာ ရေစီးရေလာပျက်ပြားသွားလို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေထိခိုက်ခဲ့တာတွေ၊ အချိန်အခါမဟုတ်ရေကြီးခဲ့တာတွေကြုံတွေ့ရတဲ့သာဓကတွေရှိခဲ့ဖူးပါတယ်။ တရုတ်နိုင်ငံသံလွင်မြစ်ပေါ်က ဒီရေကာတာကြီး (၄) ခုကြောင့် မြန်မာနိုင်ငံမှာလည်း ဒီလိုထိခိုက်မှုတွေမဖြစ်နိုင်ပါဘူးလို့ ဘယ်သူမှပြောလို့မရပါဘူး။

ပြီးခဲ့တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီးက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကမေးလို့ ပြည်ထောင်စုအဆင့်လျှပ်စစ်စွမ်းအားက ဒုဝန်ကြီးတစ်ပါးက သံလွင်မြစ်ပေါ်မှာရေအားလျှပ်စစ်စီမံကိန်း (၆) ခုကို အကောင်အထည်ဖော်ဖို့ရှိတဲ့အကြောင်း ရှမ်းပြည်နယ်မှာ အထက်သံလွင် (ဟိုသီ) (၁၄၀၀) မီဂါဝပ်၊ တန့်ယန်း (နောင်ဖ) (၁၀၀၀) မီဂါဝပ်၊ မိုင်းမော (မန်တောင်) (၂၀၀) မီဂါဝပ် နဲ့ အထက်သံလွင် (မိုင်းတုံ/တာဆန်း) (၇၁၀၀) မီဂါဝပ်၊ ကယားပြည်နယ်မှာ ဘော်လခဲ (ရွာသစ်) (၄၀၀၀) မီဂါဝပ်နဲ့ ကရင်ပြည်နယ်မှာ လှိုင်းဘွဲ့/ဖာပွန် (ဟတ်ကြီး) (၁၃၆၀) မီဂါဝပ် အသီးသီး ထုတ်နိုင်မှာဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ လက်ရှိနိုင်ငံတကာကျင့်သုံးနေတဲ့ ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှု (Environmental Impect Assessment) နဲ့ လူမှုရေးအပေါ်အကျိုးသက်ရောက်မှု (Social Impect Assessment) တွေကို အထက်သံလွင် (ကွမ်းလုံ)နဲ့ ဟတ်ကြီးစီမံကိန်း (၂) ခုအတွက် သက်ဆိုင်ရာပတ်ဝန်းကျင်/သစ်တောဝန်ကြီးဌာနကို တင်ပြထားပြီးဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ယနေ့နိုင်ငံတကာမှာ ရေအားလျှပ်စစ်ထုတ်လုပ်မည့်ရေကာတာတည်ဆောက်နေတဲ့ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများလိုက်နာရမည့်လူမှုရေးအရ လုပ်ဆောင်ပေးရမည့်တာဝန် CST (Corporate Social Responsibilities) ဆိုတာရှိပါတယ်။ အဲဒီစည်းကမ်းချက်တာဝန်အရ ရင်းနှီးမြှုပ်နှံမည့်ဒေသ၊ ရေကာတာတည်ဆောက်မည့်ဒေသတွေမှာ စီမံကိန်းနဲ့ ပတ်သက်တဲ့သတင်းအချက်အလက်အမှန်တွေကို ထုတ်ပြန်ပေးရပါမယ်။ ဒေသအတွင်းမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ လူမှုရေးထိခိုက်မှုတွေကို လေ့လာပြီး လျော့နည်းအောင်ဘယ်လိုစီမံဆောင်ရွက်မည်ဆိုတာကို ထုတ်ပြန်ပေးရပါတယ်။ ဒေသမှာရှိတဲ့ လူသားအရင်းအမြစ်များအတွက် လုပ်ကိုင်စားသောက်ရေးကို ကာကွယ်လုပ်ဆောင်ပေးရပါမယ်။ အခုသိရသလောက်တော့ ဒီစီမံကိန်း (၂) ခုအကောင်အထည်ဖော်မည့်ဒေသတွေမှာထင်သာမြင်သာအောင် ထုတ်ပြန်လာခြင်းမရှိသေးဘူးလို့သိရပါတယ်။

ဒီစီမံကိန်း (၆) ခုကို အိမ်နီးချင်း နိုင်ငံ (၂) နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအကူအညီရယူပြီးဆောင်ရွက်ဖြစ်ပြီး၊ ရလာမည့်လျှပ်စစ်ဓာတ်အားအများစုကို ဒီနိုင်ငံ (၂) နိုင်ငံကိုတင်ပို့ရောင်းချသွားမှာဖြစ်တယ်လို့သိရပါတယ်။ တရုတ်နိုင်ငံဟာ ကျောက်မီးသွေးကနေလျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့နေရာမှာ အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယလိုက်နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာကြီးကိုပူနွေးစေတဲ့ဓာတ်ငွေ့တွေထုတ်လွှတ်လို့တစ်ကြောင်း အက်စစ်မိုးကိုဖြစ်ပေါ်စေတဲ့ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေထွက်ပေါ်လာတာမို့ တစ်ကြောင်း၊ ကာဗွန်ဓာတ်ငွေ့အမြောက်အများထုတ်လုပ်ရင် ကာဗွန်ကြွေးကတိလွှာ (Carbon Credit) ပေးရမှာမို့တစ်ကြောင်း၊ ကျောက်မီးသွေးအသုံးကိုလျှော့ချပြီး ရေအားလျှပ်စစ်ဖက်ကိုလှည့်လာပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ရေအားလျှပ်စစ်စီမံကိန်းတွေလိုက်ရင်းနှီးမြှုပ်နှံပြီး တရုတ်နိုင်ငံအတွက်လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားတွေကို တင်သွင်းဖို့ ကြိုးစားလာပါတယ်။ ထိုင်းနိုင်ငံကလည်း အလားတူပါပဲ။ လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀) ကစက်မှုဇုန်များထူထောင်ဖို့တည်ဆောက်လည်ပတ်ခဲ့တဲ့ မဲမော (Mae Moh) ဒေသနဲ့ မဲတဖွတ် (Mabta Phut) ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကြောင့် ပတ်ဝန်းကျင်နေပြည်သူတွေလေထုညစ်ညမ်းမှုကြောင့် ရောဂါတွေရ၊ သက်တမ်းတို၊ မွေးကင်းစကလေးသေနှုန်းမြင့်တက်လာလို့ပြည်သူများကကန့်ကွက်လာတာကြောင့် ကျောက်မီးသွေးအသုံးကို လျှော့ချခဲ့ရပါတယ်။ ကျောက်မီးသွေးနေရာမှာ ရေအားလျှပ်စစ်အစားထိုးဖို့ကလည်းထိုင်းနိုင်ငံမှာရေအရင်းအမြစ်နည်းပါးတာကြောင့် မြန်မာနိုင်ငံကသဘာဝဓာတ်ငွေ့တွေတင်သွင်းပြီး လျှပ်စစ်ထုတ်လုပ်နေရပါတယ်။ ရေရှည်မှာသဘာဝဓာတ်ငွေ့တစ်ခုတည်းအပေါ်ရပ်တည်ဖို့ခက်ခဲလာနိုင်တာမို့မြန်မာနိုင်ငံနဲ့လာအိုနိုင်ငံများမှာ ရေအားလျှပ်စစ်လုပ်ငန်းတွေရင်းနှီးမြှုပ်နှံပြီး လျှပ်စစ်ဓာတ်အားရယူဖို့ကြိုးစားလာပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိပါဘူး။ လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံရဲ့အထင်ကရအသက်သွေးကြောမြစ်ကြီးလေးသွယ်ဖြစ်တဲ့ ဧရာဝတီ၊ သံလွင်၊ စစ်တောင်းနဲ့ ချင်းတွင်းမြစ်တွေကို ပိတ်ပြီးရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကိုမလုပ်သင့်ပါဘူး။ ကမ္ဘာကြီးဟာ တစ်နေ့တခြားပူနွေးလာပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဖြုန်းတီးမှုတွေကြောင့် ရွာချလိုက်တဲ့မိုးရေကို ကာလတစ်ခုအထိထိန်းထားတဲ့ သစ်တောသစ်ပင်တွေမရှိတော့တာကြောင့် ရေကြီးရေလျှံမှုတွေ ရေစီးရေလာစနစ်တွေပျက်ကုန်ပါပြီ။ သဘာဝဂေဟစနစ်တွေလည်း ပျက်သုဉ်းစပြုလာပါပြီ။ မြစ်တွေကို ပိတ်ပြီးရေကာတာတွေတည်ဆောက်ရင်မြစ်ခြေကသဘာဝအရင်းအမြစ်တွေပျက်စီးကုန်ပါမယ်။ စိုက်ပျိုးမြေတွေ၊ မြေဩဇာကြွယ်ဝတဲ့နုန်းမြေဩဇာပို့ချမှုတွေလျော့နည်းပြီး စိုက်ပျိုးရေးကရတဲ့ ရိက္ခာတွေလျော့နည်းသွားပါမယ်။ ငါးသယံဇာတတွေမျိုးပွားမှုစနစ်ပျက်စီးလို့စားနပ်ရိက္ခာ၊ ငါးကရတဲ့ပရိုတိန်းဓာတ်တွေမဖူလုံမှုတွေဖြစ်ပေါ်လာပါမယ်။

ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်မယ့်နေရာဟာ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့နယ်နိမိတ် (Boundary River) ဖြစ်ကြတဲ့ သံလွင်မြစ်နဲ့ ဟောင်သရေမြစ် (၂) မြစ်ရဲ့ မြစ်ဆုံအောက်ဘက်မှာဖြစ်ပါတယ်။ ဒီနေရာမှာသံလွင်မြစ်ကိုပိတ်ပြီးရေကာတာတည်ဆောက်ရင်ရေကာတာအထက်မြင့်တက်လာမည့်ရေစုဆောင်းသိုလှောင်မှုဟာ မြန်မာဘက်ကမ်းမှာရော ထိုင်းဘက်ကမ်းမှာပါဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ စိုက်ပျိုးရေးနဲ့ လျှပ်စစ်ဓာတ်အားထုတ်ဖို့ပင်မြစ် (Ping River) မှာတည်ဆောက်ထားတဲ့ ဘူမိဘောလ် (Bumipol Dam) ကိုဖြည့်ပေးဖို့သံလွင်မြစ်လက်တက်တွေကရေကို မြေအောက်ဥမင် (Tunnel) နဲ့ နှစ်စဉ်ကုဗမီတာသန်းပေါင်း (၂၀၀၀)ဖြည့်တင်းဖို့ စီမံကိန်းကို (၂၀၀၅)ခုနှစ်ကတည်းက ရေးဆွဲခဲ့ပါတယ်။ တကယ်လို့သာ ဟတ်ကြီးရေကာတာစီမံကိန်း အကောင်အထည်ဖော်ဖြစ်ရင် သံလွင်မြစ်ထဲ စီးဝင်မယ့် ရေထုနှစ်စဉ်သန်းပေါင်း(၂၀၀၀) ကုဗမီတာဆုံးရှုံးမှာ ဖြစ်ပါတယ်။ အကျိုးဆက်ကတော့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာပင်လယ်ဆားငံရေတိုးပြီးဝင်ရောက်လာလို့ စိုက်ပျိုးမြေတွေလျော့ပါးဆုတ်ယုတ်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဟတ်ကြီးရေကာတာအထက် ဖာပွန်မြို့အရှေ့ဘက်အရပ်မှာသံလွင်မြစ်ဟာ ဘဲဥပုံသဏ္ဌာန်ကွေ့ဝိုက်စီးဆင်းနေတဲ့ ခိုကေးဒေသ (Khoe Kay) ဆိုတာရှိပါတယ်။ ဒီဒေသဟာ သစ်တောသယံဇာတပေါကြွယ်ရုံမက ဇီဝမျိုးနွယ်စုများပြားတာမို့ ထိုင်းနိုင်ငံ မဟီဒိုလ်ဒေါ (Mahidol Universety) က ပညာရှင်များရဲ့ လေ့လာတွေ့ရှိချက်အရ သဘာဝသားရဲဥယျာဉ်အနေနဲ့ ထိန်းသိမ်း ထားသင့်တယ်လို့မှတ်ချက်ပြုထားပါတယ်။ ဒီဒေသလည်းရေအောက်ရောက် သွားမှာမို့ ရှားပါးသားရဲတိရစ္ဆာန်များ ရှားပါးဆေး ဖက်ဝင်နွယ်ပင်သစ်ပင်များ မျိုးတုံးပျောက် ကွယ်မှာစိုးရပါတယ်။

ဒါကြောင့်မို့ မြန်မာနိုင်ငံမှာလုံလောက်မှုမရှိသေးတဲ့ လျှပ်စစ်ဓာတ်အားရရှိနိုင်မည့်အခြားနည်းလမ်းတွေ (Alternative Ways) ဖြစ်တဲ့ သဘာဝဓာတ်ငွေ့ (Natural Gas)၊ ဇီဝဓာတ်ငွေ့ (Bio Gas)၊ နေရောင်ခြည်စွမ်းအင် (Solar)၊ လေစွမ်းအင် (Wind) များကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်အောင်စီမံဆောင်ရွက်ဖို့နဲ့ မြန်မာနိုင်ငံရဲ့အသက်သွေးကြောမြစ်တွေဖြစ်တဲ့ ဧရာဝတီ၊ သံလွင်၊ စစ်တောင်းနဲ့ချင်းတွင်းမြစ်များကိုလွတ်လပ်စွာဆက်လက်စီးဆင်းခွင့်ပြုဖို့ ရေးသားတင်ပြလိုက်ရပါတယ်။

■

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug, 2013



# မြန်မာ့ကျေးလက်ဒေသအတွင်းက တရုတ်ရပ်ကွက်ပေလား

ဒေါက်တာကျော်သန်းထွန်း (ကန်တုန်ဆေးတက္ကသိုလ်)

နိုင်ငံတော်အစိုးရသစ် ဒီမိုကရေစီပန်းတိုင်ဆီ ဦးတည်ချီတက်နေတဲ့အချိန်မှာ နိုင်ငံတော်ရဲ့ နေရာစုံထောင့်စုံအတွက် စေ့စေ့စပ်စပ်ကြည့်ရှုပြင်ဆင်ပေးဖို့ဆိုတာ အတော်ခက်ခဲပါလိမ့်မယ်၊ မြင်တာရှိမယ်၊ လမ်းမှားသွားတာရှိမယ်။ ဖာထေးစရာဖာထေး၊ လုံးလုံးလျားလျားပြုပြင်မရရင် အသစ်ပြင်ဆင်တန် ပြင်ဆင်ရပါမယ်။

ပြင်ဦးလွင်ဒေသဘက် လုပ်ငန်းတစ်ရပ်နဲ့ ကွင်းဆင်းကြည့်တော့ ကြက်မွေးမြူရေးခြံကြီးတွေ၊ စားပင်သီးပင်ခြံကြီးတွေ၊ အုတ်တံတိုင်းဝင်းခတ်ထားတဲ့ မြေကွက်တွေ၊ ရောင်းရန်ဆိုပြီး ဆိုင်းဘုတ်ကပ်ထားတဲ့ နေရာတွေထားတဲ့နေရာတွေ အများအပြားတွေ့ခဲ့ရတယ်။ များသောအားဖြင့် ကြားရချက်က မသက်သာလှပါ။ အားလုံးလိုလိုက တရုတ်ပိုင်တွေ ဖြစ်နေတယ်။ ဒီထဲမှာသစ်တောကြိုးဝိုင်းမြေ တွေလည်းပါလိမ့်မယ်။

မြန်မာမြေတွေ အရောင်းအဝယ်ဖြစ်ရာမှာ မြန်မာမြေပိုင်ရှင်တွေ၊ မြန်မာမြေပွဲစားတွေကလည်း တရုတ်ဝယ်လက်တွေကို မျှော်လေ့ရှိတယ်။ ဘာကြောင့်လဲ။ တရုတ်ငွေကြေးက တစ်ယွမ်မှာ မြန်မာငွေကြေးနဲ့ နှိုင်းယှဉ်ရင် ငွေတန်ဖိုးကခိုင်မာပြီး ယွမ်ငွေခုနစ်ယွမ်ပတ်ဝန်းကျင်မှာ မြန်မာငွေတစ်ထောင်ဆိုတော့ သူတို့ဘက်က သုံးတဲ့ငွေခုဂဏန်းမှာ မြန်မာငွေကထောင်ဂဏန်း အဆတစ်ထောင်ကွာပါတယ်။ (ဒီကိစ္စက မြန်မာတွေအတွက် လက်ပံတောင်းတောင်မြေကိစ္စသိန်းထောင်ဂဏန်းချီပြီး ပေးချေပေမဲ့ တကယ်တမ်းတရုတ်ယွမ်ငွေခုဂဏန်းသာရှိတာသဘောပေါက်ဖို့လိုတယ်။ မြန်မာငွေက ထောင်မလဲ သဲကော်၊ တစ်ချိန်တစ်ခါက ဂျပန်ငွေကြေးလိုတန်ဖိုးက သိပ်ရှိတာမဟုတ်ဘူး။ မြန်မာလယ်သမား၊ ယာသမားတွေသာ မိမိမြေထာဝစဉ်ဆုံးရှုံးသွားပြီး ငွေကြေးမှာ မြန်မာငွေအနေနဲ့ သိန်းဆယ်ချီပေမဲ့၊ တရုတ်ယွမ်ငွေအနေနဲ့ သောင်းဂဏန်းမျှသာ ရတာသဘောပေါက်သင့်ပါတယ်။ လက်ပံတောင်းဒေသကို တရုတ်ငွေ ယွမ်တန်ဖိုးပေးချေ၊ ကမ္ဘာသုံးငွေဒေါ်လာနဲ့ပေးချေရင်တော့ညီမျှမှုအတိုင်းအတာက ကျေနပ်စရာလက္ခဏာရှိသေးတယ်မို့လား။ ဆောင်းပါးဖြစ်တည်ခြင်းအကြောင်း ဆက်ပါရစေ။

အဲဒီအပြင် ပြင်ဦးလွင် အနီးအပါးကမြေတွေ မြို့တွင်းကနေရာကောင်းတွေ မှန်သမျှ တပ်ထားတဲ့ဆိုင်းဘုတ်တွေကို ကြည့်ပါလား။ ခြံကျယ်ကျယ်ဆို ခပ်မြင့်မြင့် အုတ်တံတိုင်းကြီးတွေ ခတ်ထားတာတွေ့ရမယ်။ သေချာပြီ။ ဒီနေရာတရုတ်ပိုင်ပဲဆိုတာ အသေအချာမြင်နိုင်ပါတယ်။ အခုရေးပြတင်ဆက်မှာက မန္တလေးဒေသဆင်ခြေဖုံးနန်းဦးလွင်ဒေသအနီးအပါးမှာ တည်ဆောက်နေတဲ့ တရုတ်ရပ်ကွက်ငယ်လေးအကြောင်းပါပဲ။ ဒီကိစ္စမှာ စာရေးသူအနေနဲ့ အတော်လေးချိန်ဆရပါတယ်။

ဒေသဆိုင်ရာနဲ့ နိုင်ငံတော်ကခွင့်ပြုလို့ မြို့တည်၊ ရွာတည်တာက နိုင်ငံတော်လည်းအကျိုးရှိ၊ မြန်မာလုပ်သားတွေလည်းအလုပ်ရ သွယ်ဝိုက်သောအားဖြင့် ဧည့်သည်တွေလည်းဖိတ်ခေါ်၊ မြန်မာနိုင်ငံအတွင်းလာရောက်ရင်းနှီးကြဖို့ ဖိတ်ခေါ်၊ မြန်မာနိုင်ငံအတွင်းလာရောက်ရင်းနှီးကြဖို့စည်းရုံးလှုံ့ဆော်ပေးနေရသေးတာပဲ။ ထိုင်း၊ မလေးရှား၊ စင်ကာပူတို့မှာ စီးပွားရေးအောင်မြင်နေတာ ရင်းနှီးမြှုပ်နှံနေသူတွေကြောင့် ဒေသခံနိုင်ငံတိုးတက်နေတာပဲမို့လား။ အဲဒီလို ရှေ့ပြည်အေးတရားဟောပြတော့ အဲဒီလိုအနေအထား မဟုတ်ဘူးတဲ့။ ဒါဖြင့်ဘာတွေကြောင့်ပါလဲ။

မြေအမျိုးအစားက လယ်မြေပါတဲ့။ နှစ်စဉ်စပါးစိုက်ပျိုးနေပြီးမှ ဘယ်ကဘယ်လို တရုတ်တွေလက်ထဲရောက်သွားသလဲ။ ဈေးကောင်းရလို့ ရောင်းလိုက်ပြီး၊ တရုတ်ကလယ်မြေအလုပ် မလုပ်ဘဲ လမ်းတွေဖောက်၊ မြေတွေဖို့ မြေကွက်တွေအကွက်ရိုက်၊ လမ်းမီးတိုင်တွေထောင်ပြီး တရုတ်ရပ်ကွက်လုပ်လိုက်တာပါပဲတဲ့။

ပြီးတော့အဲဒီလို လုပ်လိုက်တော့ လယ်မြေက ရပ်ကွက်တွေဖြစ်၊ လမ်းတွေဖို့တော့ ဆည်မြောင်းက ရေသွင်းစနစ်လုပ်ပေးထားတဲ့ မြောင်းလက်တက်တွေကောပြီး ရေတွေကဦးတည်ချက်လမ်းလွဲပြီး ကျေးရွာထဲ ရေတွေဝင်တော့တယ်။ လယ်မြေကို ဝယ်ယူတဲ့တရုတ်က ပြည်တွင်းနေသူဖြစ်ပြီး ကျောထောက်နောက်ခံကတော့ ရှမ်းပြည်က ပုဂ္ဂိုလ်တစ်ယောက်ပါပဲ။ ရှမ်းပြည်ဆိုတာ မူဆယ်လားကြယ်ခေါင်လားဆိုတာ စဉ်းစားစရာပါပဲလို့ ဆိုတယ်။

ကျွန်တော့်မှာ တရုတ်မိတ်ဆွေအများအပြားရှိပါတယ်။ စိတ်ဓာတ်ရေးရာကောင်းသူလည်းရှိ၊ သိပ်စီးပွားရေးဆန်သူလည်းရှိပါတယ်။ ဒီကိစ္စမှာ မန္တလေးရဲ့ အထင်ကရ နေရာတိုင်းမှာ အနယ်နယ်အရပ်ရပ်ကလာတဲ့ (အထူးသဖြင့် ရှမ်းပြည်နယ်ဒေသက) တရုတ်လက်ထဲရောက်သွားကြပြီး လမ်း ၈၀(လမ်း ၂၆-၃၅ ကြား) ကို မူလက တရုတ်တန်းခေါ်ရာက ဒီကနေ့မှာ နိုင်ငံခြားကမီဒီယာတွေက ရှေးခေတ်ရတနာပုံရွှေမြို့တော်ကြီးကို တရုတ်မြို့လို့ခေါ်နေကြပြီး မန္တလေးမြို့လယ်ကောင်းက မြန်မာတွေရဲ့မြေကို ငွေကြေးမတန်တဆပေးပြီးဝယ်ယူတော့ ဒီငွေတွေနဲ့ ရင်နှီးစားဖို့ မိမိတို့ရဲ့ ဘိုးဘွားပိုင်မြေတွေကို မထိန်းသိမ်းကြတော့ဘဲ တရုတ်မြေတွေ ဖြစ်သွားတော့တယ်။ မန္တလေးမှာ အိမ်ဈေးမြေဈေးကြီးတာက မြန်မာငွေဖောင်းပွလွန်းတော့ သိန်းရာထောင်ချီကိန်းဂဏန်းတွေဖြစ်လာခဲ့တာပါ။ တရုတ်ယွမ်ငွေ၊ အမေရိကန်ဒေါ်လာတွေနဲ့ တွက်ကြည့်ပါလား။ လက်တစ်ဆုပ်စာဖြစ်သွားလိမ့်မယ်။

> ❝မန္တလေးအရှေ့ ဖျားပုသိမ်ကြီးမြို့နယ်ထဲက နန်းဦးလွင်ရဲ့ တောင်ဘက်ပိုင်းမှာ မြေလေးကေခွဲကဘယ်လိုလုပ်ပြီး တရုတ်ရပ်ကွက်အဖြစ် ပြောင်းသွားလဲဆိုတဲ့ ကိစ္စပါပဲ. . .❞

ကျွန်တော်တို့ငယ်ငယ် ဦးနုတို့ဒီမိုကရေစီခေတ်က ကွန်မြူနစ်ဝါဒလွှမ်းမိုးမှာစိုးရိမ်ပြီး ငွေကြေးဖောင်းပွမှုဟန့်တားတဲ့ကာတွန်းတွေပေါ်တာနဲ့ ဂွစာအရုပ်ဇာတ်လိုက်တွေနဲ့ ပုံဖော်ခဲ့ဖူးတယ်။ အဲဒီကာတွန်းထဲမှာ ဒီလိုဝါဒတွေဝင်လာရင် သောက်ရေတစ်ခွက် ငွေ-၅ကျပ် ဖြစ်မယ်တဲ့။ (အဲဒီအချိန်က ရွှေတစ်ကျပ်သား ၃၀၀ ကျပ်ဝန်းကျင်ခေတ်ကပါ) ယနေ့ခေတ်အသက် (၆၀) အရွယ်ကျော်လွန်သူတိုင်း သိရှိမှတ်မိနေဦးမယ့် ကိစ္စပါပဲ။ (အခုတော့ ရေသန့်တစ်ပုလင်းငွေ ၂၀၀ကျပ်ပါ) အခုတော့ စစ်အာဏာရှင်ခေတ်ကာလ မန္တလေးမြို့လယ်ကတော့ တရုတ်တွေရဲ့ဌာနေဖြစ်သွားခဲ့ပြီ။

ယနေ့ခေတ် မန္တလေးမြို့တွင်းက နေရာကောင်းအားလုံးမှန်သမျှ မြန်မာတွေ မလိုက်ကြတော့ပါ။ အခုကိစ္စက မန္တလေးမြို့လယ်ပြီးတော့ ကျေးလက်ဒေသဆီ ဦးတည်ကြပြန်ပြီ။ မန္တလေးရဲ့ အရှေ့ဖျားကျေးလက်ဒေသလမ်းတစ်လမ်းသာခြားတဲ့ နန်းဦးလွင်ဒေသရဲ့ တောင်ဘက်ကမြေလေးဧကခွဲမှာ တရုတ်ရပ်ကွက်တည်နေခြင်းကို တင်ပြနေတာပါ။ ဝယ်သူတရုတ်အမျိုးသားက ရှပ်ပြသက်သက်လို့ ကြားသိရတယ်။ သူကလယ်မြေကို လယ်မစိုက်ဘဲ နေရာအကွက်ထွင်ပြင်ဆင်ပြီး လမ်းတွေဖောက်၊ ဓာတ်တိုင်တွေစိုက်ပြီး ရပ်ကွက်တစ်ခုလိုဖန်တီးလိုက်တယ်။ ပြီးမှ မြေတစ်ကွက်ဘယ်ရွေ့ဘယ်မျှ သတ်မှတ်ပြီး မြန်မာဝယ်လက်တွေကို ရောင်းချလိုက်တော့ မန္တလေးမြို့လယ်ပိုင်းက လာဝယ်သူလည်းမရှိ၊ ဒီကိစ္စမှာ မြို့လယ်ကောင်းက ကုန်ကျလိုက်တဲ့ ငွေကြေးကို မြို့ဆင်ခြေဖုံးမှာ အကွက်ဖန်တီးပြီး ငွေရအောင်ယူတတ်တဲ့ တရုတ်တွေရဲ့ လုပ်နည်းလုပ်ဟန် စီးပွားရေးဈေးကွက်မြင်တတ်တာကို သတိပြုကြည့်ရင်မြင်နိုင်ပါတယ်။

ပြောစရာက အဲဒီမန္တလေးအရှေ့ဖျားပုသိမ်ကြီးမြို့နယ်ထဲက နန်းဦးလွင် ရဲ့ တောင်ဘက်ပိုင်းမှာ မြေလေးဧကခွဲက ဘယ်လိုလုပ်ပြီး တရုတ်ရပ်ကွက်အဖြစ် ပြောင်းသွားလဲဆိုတဲ့ ကိစ္စပါပဲ။ အဲဒီနန်းဦးလွင်ဒေသမှာ နှစ်ပေါင်း (၂၂) နှစ်ကျော်ရောက်ရှိနေတဲ့ ကျွန်တော်လုံးဝမသိခဲ့တာအမှန်ပါ။ ဘယ်လိုကဘယ်လို တရုတ်ရပ်ကွက်ဖြစ်သွားရသလဲ။ နိုင်ငံတော်ရဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ က ကွပ်ကဲပြီး မြေအကွက်ချဆင်းရဲသားပပျောက်ရေး အစီအစဉ်နဲ့ မြေနေရာချထားတယ်လို့ အစကရိုးသားစွာနားလည်ခဲ့မိပါတယ်။

ဒီကနေ့ခေတ် ဦးသိန်းစိန်အစိုးရသစ်ကာလမှာ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေလုပ်ရဲပါ့မလား။ လုပ်ရဲခဲ့ရင်တော့ မပြောင်းချင်တဲ့ လူဟောင်းအတွေးအခေါ်နဲ့ နိုင်ငံတော်ရဲ့ အစိုးရသစ် အပေါ်သစ္စာဖောက်ရာ၊ ရပ်ကျေးတရားဥပဒေကို ချိုးဖောက်ရာရောက်နေပြီ။

ရပ်ကျေးဥပဒေမှာ ဘယ်လိုဆိုထားပါသလဲ။ ပုဒ်မ ၁၃(ပ)မှာ နိုင်ငံပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်း၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင်ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေများမှာ ခွင့်ပြုချက်မရှိဘဲကျူးကျော်ခြင်း၊ရပ်ကွက်ကျေးရွာအသစ်ဖွဲ့စည်းခြင်းများကို တားမြစ်ထားတော့ တရုတ်ရပ်ကွက်ဖွဲ့စည်းနေခြင်းကမည်သည့် အဖွဲ့အစည်းက ခွင့်ပြုပါသလဲ။ နိုင်ငံတော်ရဲ့ အစိုးရနေပြည်တော်တိုင်း၊ ခရိုင်များက သိရှိပါသလား။

စည်းစနစ်ကျနစွာကျေးရွာလူဦးရေတိုးပွားလို့ ရွာမြေချဲ့ထွင်လျှင်လည်း ကျေးရွာနေပြည်သူများလည်း အကျိုးရှိ နိုင်ငံတော်အခွန်ဘဏ္ဍာတိုးပွားရေးအတွက်ဆိုလျှင်လည်း အမှန်တကယ်သက်ဆိုင်ရာနိုင်ငံတော်ဘဏ္ဍာသို့သာ စီးဝင်ဖို့သင့်ပါတယ်။ဆည်မြောင်းဘောင်ပေါ်မှာပင် ဝင်းခတ်ပိတ်ထားတော့ အရေးကြုံရင်ခက်မယ်။ ရေမြောင်းဘောင်ထိန်းသိမ်းရေးကဏ္ဍတွေမှာပါ ပုဂ္ဂိုလ်ရေးဆိုင်ရာတစ်ဦးတည်းပိုင်လို အတင့်ရဲစွာ ဝင်းခြံခတ်ထားတော့ ဒီအနေအထားကို နိုင်ငံတော်ရဲ့သက်ဆိုင်ရာဝန်ကြီးဌာနများက အခြေအနေမှန်ကိုရော သိရှိပါရဲ့လား။ အခုတော့ ဆည်မြောင်းတာတမံများကို ထိန်းသိမ်းပေးရမည့်အစား ပုဒ်မ ၁၃(ဖ)ပါ ဥပဒေကို စောင့်သိခြင်းမရှိဘဲ မြောင်းဘောင်ပေါ်မှာ ဝင်းခတ်ပိတ်ဆို့တားဆီးထားခြင်းက မသိနားမလည်ခြင်းလား။ အတင့်ရဲတင်းခြင်းပေလား။ တရုတ်ရပ်ကွက်ကတော့ ပီပီပြင်ပြင်လုပ်ဆောင်လျက်ရှိပါကြောင်း သက်ဆိုင်ရာဌာနများသိစေချင်တာအမိကပါလို့ ကျေးရွာမှာနေထိုင်သူတွေက ပြောပြပါတယ်။

ဒီလိုတင်ပြရေးသားချက်တွေရဲ့အဓိကရည်ရွယ်ချက်ကလည်း နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံရပ်ကျေးဒေသရဲ့ ပြောင်းလဲခြင်းအနေအထား (အထူးသဖြင့် တရုတ်ရပ်ကွက်တည်ဆောက်မှု) ကို သိပါရဲ့လား။ အကယ်၍ မသိရှိလျှင်လည်း သိရှိစေရန်နဲ့ လိုအပ်သလိုကိုင်တွယ်လုပ်ဆောင်နိုင်ဖို့၊ နိုင်ငံတော်အတွက် စစ်မှန်တဲ့အခွန်ဘဏ္ဍာကိစ္စ၊ အုပ်ချုပ်ရေး စနစ်တကျရှိရေး၊ ဒေသခံတို့အတွက် အကျိုးသက်ရောက်မှုရှိစေရေးနှင့် လုံခြုံရေး၊ အောက်ခြေအဖွဲ့အစည်းရဲ့ မိမိတို့ လုပ်ပိုင်ခွင့်ကို အထက်အဖွဲ့အစည်းမသိရှိဘဲ (ယခင်အစိုးရလက်ထက်က ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေ ထင်သလိုစားခဲ့၊ ဝါးခဲ့တဲ့ကိစ္စများ) ဒီကနေ့အစိုးရသစ်လက်ထက်မှာ ဆက်လက်ပါလာမယ့် အကျင့်ဆိုးများကင်းစင်ပပျောက်ရေး၊ သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေးပီပြင်အောင် စေတနာရှေ့ထားပြီး ရေးသားတင်ဆက်လိုက်ခြင်းဖြစ်ပါတယ်။

■



The Hot News

Vol - 4, No - 154, 23 - 29 Aug, 2013

# မီးခြစ်တစ်ဆံ ပြဇာတ်




## မောင်စင်ကြယ်

**နေရာ** – ရန်ကုန်မြို့၊ အင်းစိန်ဗဟိုအကျဉ်းထောင်၊ (ကြိုးတိုက်)။

**အချိန်ကာလ** – ၁၉၉၁ ခုနှစ်၊ (နဝတ) စစ်အစိုးရလက်ထက်။

**အခမ်းအနား** – ရှေ့ဖုံးကားချပ်သည် အင်းစိန်၊ ဗဟိုအကျဉ်းထောင် ထောင်ဘူးဝ မျက်နှာစာ မြင်ကွင်းဖြစ်၍ နောက်ခံကားချပ်သည် သံတိုင်အချုပ်ခန်းမြင်ကွင်းဖြစ်သည်။

**ပါဝင်သူများ** – စာရေးဆရာမောင်သော်က၊ စာရေးဆရာမောင်မိုး ရုပ်ရှင်ဒါရိုက်တာနှင့် သရုပ်ဆောင်အောင်လံ၊ ဒုတိယဗိုလ်မှူးကြီး ဦးစိတ်တို၊ ထောင်ပိုင်ကြီး ဦးအုံးဖေ (စစ်တပ်မှဗိုလ်မှူးဘဝဖြင့်အကျဉ်းဦးစီးသို့ ပြောင်းလာသူ)၊ ထောင်မှူးဦးပြုံး (စစ်တပ်ကတပ်ကြပ်ကြီးဘဝဖြင့်အကျဉ်းဌာနသို့ပြောင်းလာသူ)၊ ရဲထောက်လှမ်းရေးမှ ဒုတိယရဲမှူး (ဆွဲချ) မောင်ကြဲ၊ ထောင်ဝါဒါဟန်သိန်း (စစ်ထောက်လှမ်းရေးမှ မြှုပ်နှံထားသူ)နှင့် အင်းစိန်အကျဉ်းထောင်ရောက် နိုင်ငံရေးသမားများနှင့် ကျောင်းသားများပါဝင်သည်။

### အခန်း(၁) ပြကွက်

ရှေ့ဖုံးကားချပ် ချထားလျက်

အတွင်းမှလေပြင်းတိုက်ခတ်သံကြားနေရာမှ တဖြည်းဖြည်းတိတ်ဆိတ်သွားသည်နှင့် ထောင်ဘူးဝ မျှော်စင်ကြီးပေါ်မှ သံချောင်းခေါက်သံ (၁၂) ချက်တိတိပေါ်ထွက်လာ။

ဒင်. . ဒင်. . ဒင်. . ဒင်. . ဒင်. . ဒင်
ဒင်. . ဒင်. . ဒင်. . ဒင်. . ဒင်. . ဒင်

**ပထမအသံ** – "အားလုံးကောင်းကြရဲ့လား"

**ဒုတိယအသံ** – "အားလုံးကောင်းပါတယ် ခင်ဗျား"

### အခန်း(၂) ပြကွက်

(စာရေးဆရာမောင်သော်က၏ 'မီးခြစ်တစ်ဆံ' ကဗျာမှ နောက်ဆုံးအပိုဒ်ကို အားမာန်အပြည့်ဖြင့် ရွတ်ဆိုသံအတွင်း မှ ပေါ်ထွက်လာ)

*မီးပွားလေးကနေပြီး*
*မီးတောက်ကြီးဖြစ်လာတဲ့ အခါမှာ*
*ကမ္ဘာမြေပေါ်မှာ ရှိတဲ့*
*အညစ်အကြေး ဟူသမျှနဲ့*
*လူလေလူလွင့် ဂျပိုးတေလေတွေကို*
*လောင်စားသွားလိမ့်မယ်*
*မောင်သော်ကရဲ့ မီးခြစ်တစ်ဆံဟာ*
*နောင်. . အနှစ်(၂၀)ကြာသောအခါမှာ*
*လောင်စာများရဲ့ ပြာနဲ့ထုဆစ်*
*သမိုင်းဝင်ကျောက်တိုင်ဖြစ်လာမယ်။*

အသံတိုးရာမှ တဖြည်းဖြည်းတိတ်ဆိတ်သွား။

### အခန်း(၃) ပြကွက်

ကြိုးတိုက် အတွင်း

မောင်သော်က၊ မောင်မိုး၊ ဒါရိုက်တာအောင်လံအပါအဝင်နိုင်ငံရေးအကျဉ်းသားများ ထိုင်သူထိုင်၍ လဲလျောင်းနေသူလဲလျောင်းနေစဉ် နိုင်ငံရေးတိုက်တွေ အုပ်ချုပ်သော ထောင်မှူးဦးပြုံးနှင့်ထောင်ဝါဒါဟန်သိန်းတို့ ရောက်လာကြ။

**ဝါဒါဟန်သိန်း** – (အော်၍ပြောသံ)"ပုံစံ. ထိုင်မယ်. . "မောင်သော်ကတစ်ယောက်သာ ဒူးထောက်ရပ်လျက်ရှိပြီး ကျန်နိုင်ငံရေးအကျဉ်းသားများအားလုံး ထောင်ပုံစံထိုင်လိုက်ကြ။

**ထောင်မှူးဦးပြုံး** – (သားရေပြားတုတ်ကို ဝှေ့ရမ်းလျက် အသံမာမာဖြင့်ပြော) "ဟိုတစ်ယောက်က ဘာကိစ္စဒူးထောက်ရပ်နေတာလဲ။ အာဏာကို ဖီဆန်နေတာလား"

**ဝါဒါဟန်သိန်း** – (ထောင်မှူးဦးပြုံးနားတိုး၍) (စာရေးဆရာမောင်သော်ကမှာ ကျောရိုးကျိုးပေါင်းတက်ရောဂါကြောင့် ထောင်ပုံစံထိုင်၍ မရကြောင်း လေသံတိုးတိုးဖြင့် ရှင်းပြ)

**ထောင်မှူးဦးပြုံး** – (အသံမာမာဖြင့်ဆက်ပြော) ထောင်ထဲရောက်လာရင် ထောင်စည်းကမ်းအတိုင်းနေရတယ်။ တစ်ချိန်က ဘွဲ့ထူးတွေ ဂုဏ်ထူးတွေနဲ့ စည်းစိမ်ဥစ္စာတွေကို ထောင်ဘူးဝအပြင်ဘက်မှာ ပစ်ထားပစ်ခဲ့။ ဒီတိုက်ထဲမှာ တရားရုံးဆိုတာ၊ တရားသူကြီးဆိုတာ၊ တရားဥပဒေဆိုတာ မရှိဘူး။ ငါပဲရှိတယ်။ ငါပဲ တရားရုံး၊ ငါပဲ တရားသူကြီး၊ ငါကိုင်ထားတဲ့ ဒီသားရေပြားတုတ်ဟာ တရားဥပဒေဖြစ်တယ်။ အားလုံးမှတ်ထားကြ။

**နိုင်ငံရေးအကျဉ်းသားများ** – (ပြိုင်တူအသံ) "ဟုတ်ကဲ့ပါ ဆရာကြီး"

ထောင်မှူးဦးပြုံးနှင့် ထောင်ဝါဒါဟန်သိန်းတို့ ထွက်ခွာသွားသည်နှင့် စာရေးဆရာမောင်သော်က (မတ်တတ်ရပ်လျက်) "ဥပဒေတွေ နောက်ထပ်လဲ မတိုးလိုက်ပါနဲ့ ထောင်မှူးကိုပြုံးရယ်။ ကျွန်တော်တို့ဟာလေ ကြောက်တတ်တဲ့အမျိုးပါဗျ။ ကိုပြုံးရေ နင့်အမေ"

**နိုင်ငံရေးအကျဉ်းသားများ** – (ပြိုင်တူရယ်လိုက်ကြ) "ဝါး. . ဟား. . ဟား. . ဟား"

(ရှေ့ဖုံးကားချပ်ချ)

### အခန်း(၄) ပြကွက်

(ရှေ့ဖုံးကားချပ်ဖွင့်)

မောင်သော်က တစ်ဖက်သို့ လှည့်စောင်းအိပ်နေသဖြင့် မောင်မိုးနှင့် ဒါရိုက်တာအောင်လံတို့ စိုးရိမ်စွာအကဲခတ်လျက် စကားပြောသင့်၊မပြောသင့် ချိန်ဆနေစဉ်

**မောင်သော်က** – (လှည့်စောင်းရာမှ ထထိုင်၍ပြော) "ဗိုလ်စက်ရောင်၊ ကိုမောင်ကို၊ ကိုခင်မောင်မြင့်၊ ကိုစိန်ဝင်း၊ ကိုညီဝင်း၊ ကိုတင်မောင်ဝင်းနဲ့ မန်းဒါဝိတ်တို့လည်း ထောင်ထဲမှာ တစ်ယောက်ပြီး တစ်ယောက် သေကုန်ကြပြီ"

**ကိုအောင်လံ** – (မျက်နှာခက်ထန်စွာဖြင့်ပြော) "ဟုတ်တယ်ဆရာသော်၊ ထောက်လှမ်းရေးစခန်းမှာရော၊ ထောင်ထဲမှာရော၊ နှိပ်စက်ညှဉ်းပန်းခံရတဲ့အတွက် ကျောင်းသားတွေလည်း တော်တော်သေကုန်ကြပြီ"

**မောင်သော်က** – (မျက်နှာမသာမယာ ဖြင့်) "အေးလေ။ သူလက်ခုပ်ထဲရောက်နေ ပြီပဲ။ ကိုယ့်အလှည့်စောင့်ရင်းနဲ့ လုပ်သင့်လုပ်ထိုက်တာတွေလုပ်ရမှာပေါ့ဗျာ"

**မောင်မိုး** – (တက်ကြွစွာဖြင့်) "အဲဒီအတွက်ဆရာသော်ကို ပြောဖို့စောင့်နေတာပဲ။ ဆရာသော်ထောင်ထဲမှာရေးထားတဲ့ ကဗျာတွေကို အပြင်ကို ထုတ်ချင်တယ်။ ဒါကို ကိုဝင်းထင်အပါအဝင် အားလုံး သဘောတူကြတယ်"

**မောင်သော်က** – (သတိဖြင့်ပြော) "အားလုံးသဘောတူရင် ကျွန်တော်လည်း သဘောတူပါတယ်။ အပြင်အဆက်အသွယ်နဲ့ အပြင်ထုတ်ဖို့အလုပ်ကတော့ ကျွန်တော် မကျွမ်းကျင်ဘူး"

**ကိုအောင်လံ** – (တက်ကြွစွာဖြင့်) "ဒီအတွက်တော့ကော ကျွန်တော်နဲ့ ကိုမိုးတို့ တာဝန်ယူပါတယ် ဆရာသော်။ မနက်ဖြန်ရုံးထုတ်တဲ့လူတွေထဲမှာကျွန်တော်တို့လူတွေပါတယ်။တရားရုံးမှာကျွန်တော်တို့ ဆက်သွယ်နေကျအတိုင်း ဆက်သွယ်မယ်"

**မောင်သော်က** – (တက်ကြွစွာဖြင့်) "ကောင်းပြီလေ။ ဒီနေ့ညပဲ ကျွန်တော့်ကဗျာတွေကို ပြန်စိစစ်မယ်။ ပြီးတော့ကာ ကိုမိုးက ပလတ်စတစ်ပေါ်မှာ သံချွန်နဲ့ ပြန်ကူးရေးပေါ့ ဟုတ်လား။ ဒါနဲ့ ဒီနေ့ညတာဝန်ကျ ဝါဒါက ဘယ်သူပါလိမ့်"

**မောင်မိုး** – (တက်ကြွစွာဖြင့်) "အောင်စိုးပါဆရာသော်။ မနက်ကတည်းက ကျွန်တော်စုံစမ်းထားပြီးပြီ"

**မောင်သော်က** – (အေးဆေးစွာဖြင့်) "အရင် ကျွန်တော့်ကို ရေကန်လိုက်ပို့တဲ့ ဝါဒါအောင်စိုးလား"

**မောင်မိုး** – (တက်ကြွစွာဖြင့်) "ဟုတ်ကဲ့ ဆရာသော်"

(ရှေ့ဖုံးကားချပ်ချ)

### အခန်း(၅) ပြကွက်

ကြိုးတိုက်အတွင်း

(ရှေ့ဖုံးကားချပ်ဖွင့်)

ထောင်မှူးဦးပြုံးနှင့် ထောင်ဝါဒါဟန်သိန်းတို့ ရောက်လာကြ။

**ဝါဒါဟန်သိန်း** – (အော်၍ပြောသံ) "ပုံစံထိုင်မယ်"

နိုင်ငံရေးအကျဉ်းသားများ။ မောင်သော်ကတစ်ယောက်မှလွဲပြီး ကျန်နိုင်ငံရေးအကျဉ်းသားများအားလုံး ထောင်ပုံစံထိုင်လိုက်ကြ။

**ထောင်မှူးဦးပြုံး** – (အသံမာမာဖြင့်ဆက်ပြော) "မောင်သော်က ထွက်မယ်"

**ဝါဒဟန်သိန်း** – (ထောင်ဝါဒါဟန်သိန်း တိုက်တံခါးဖွင့်၍ မောင်သော်ကကို အပြင်ခေါ်ထုတ်ပြီးနောက် မောင်သော်ကခေါင်းအား စောင်ဖြင့်အုပ်လိုက်)

(ထို့နောက် မောင်သော်ကကို ခေါ်ထုတ်သွား)

**မောင်မိုး** – (စိတ်မသက်မသာဖြင့်) "တစ်ခုခုတော့ ဖြစ်ပြီထင်တယ်ဗျာ"

**နိုင်ငံရေးအကျဉ်းသားများ** – (စိုးရိမ်ကြောင့်ကြစွာဖြင့်) "ဟုတ်တယ်။ပြဿနာတော့ဖြစ်ပြီထင်တယ်"

(ရှေ့ဖုံးကားချပ်ချ)

### အခန်း(၆) ပြကွက်

ထောင်တွင်းစစ်ကြောရေးစခန်း

(ရှေ့ဖုံးကားချပ်ဖွင့်)

(ရဲထောက်လှမ်းရေး ဒုတိယရဲမှူးမောင်ကြဲ စားပွဲကုလားထိုင်ဖြင့်ထိုင်နေ စဉ် ထောင်မှူးဦးပြုံးနှင့် ထောင်ဝါဒါ ဟန်သိန်းတို့ မောင်သော်ကကို စောင်ခေါင်းခြုံလျက်ခေါ်ထုတ်လာ)

**ရဲမှူးမောင်ကြဲ** – (ဟန်ဆောင်အပြုံးဖြင့်) "ဆရာမောင်သော်က နေကောင်းတယ်နော်"

**မောင်သော်က** – (မျက်နှာမမြင်ရ စောင်ခေါင်းခြုံလျက်) "ဟုတ်ကဲ့။ ကောင်းပါတယ်"

**ရဲမှူးမောင်ကြဲ** – (ဟန်ဆောင်ချိုသာစွာဖြင့်) "ရှေ့အပတ်ထဲမှာ ဆရာ့ကို စစ်ခုံရုံးတင်ဖို့ သတ်မှတ်ထားပြီးပြီ။ ဒီလိုစစ်ခုံရုံးတင်ခါနီးမှာ ဆရာ့အတွက် အမှုတစ်ခု ကတိုးလာပြန်တယ်။ ဟုတ်တယ်ဆရာ။ ထောင်ထဲမှာ ဆရာကဗျာတွေခိုးရေးတယ်။ အဲဒီကဗျာတွေကို ထောင်အပြင်ဘက်ထုတ်တယ်။ ခုဆိုရင် ဆရာ့ကဗျာတွေကို လူတိုင်းလိုလိုဖတ်ကြပြီး နဝတအစိုးရအပေါ် မလိုမုန်းထားစိတ်တွေ တိုးပွားနေတယ်"

**မောင်သော်က** – (စောင်ခေါင်းခြုံလျက် တိတ်ဆိတ်စွာနေ)

**ရဲမှူးမောင်ကြဲ** – (ချိုသာစွာဆက်ပြော) "ဆရာ့အမှုမှာ ကျွန်တော်ကအမှုလိုက်ရဲ့အရာရှိပါ။ ထောင်ကတော့ကျမှာပဲဆရာ။ ဒါပေမဲ့ စစ်တပ်ပြိုကွဲအောင်လုပ်တာရယ်။ ထောင်ထဲမှာ ကဗျာတွေရေးပြီး ထောင်အပြင်ဘက်ကို ခိုးထုတ်တာရယ်။ အမှန်အတိုင်းဝန်ခံလိုက်ရင်တော့ ဆရာသက်သာမယ်။ ကျွန်တော်က ဆရာ့စာဖတ်ပရိသတ်တစ်ဦးပါ။ ဆရာ့ကို လေးလည်းလေးစားအမှုကလည်း သက်သာစေချင်တယ်။ဒါကြောင့် စစ်ခုံရုံးတင်တဲ့နေ့မှာ ဆရာ့မှာ အပြစ်တွေရှိကြောင်း ဝန်ခံစေချင်တယ်ဆရာ။ ဒါပါပဲ"

(ရဲထောက်လှမ်းရေး ဒုတိယရဲမှူးမောင်ကြဲအချက်ပြလိုက်သည်နှင့် ထောင်မှူးဦးပြုံးနှင့် ထောင်ဝါဒါဟန်သိန်းတို့ စာရေးဆရာမောင်သော်ကကို စောင်ခြုံလျက်ခေါ်ထုတ်သွား)

(ရှေ့ဖုံးကားချပ်ချ)

### အခန်း(၇) ပြကွက်

ကြိုးတိုက်အတွင်း

(ရှေ့ဖုံးကားချပ်ဖွင့်)

မောင်သော်ကကို စာရေးဆရာမောင်မိုး၊ ဒါရိုက်တာအောင်လံနှင့် နိုင်ငံရေးအကျဉ်းသားများက ဝိုင်းအုံကြည့်နေကြ။

**မောင်မိုး** – (စိုးရိမ်စွာဖြင့်မေး) "ထောက်လှမ်းရေးစစ်ကြောရေးစခန်းမှာ ဘာတွေများ အကြောင်းထူးခဲ့သလဲ ဆရာသော်"

**အကျဉ်းသားအားလုံး** – (မောင်သော်ကဘက်လှည့်၍ နားစွင့်နေကြ)

**မောင်သော်က** – (မျက်နှာတင်းမာစွာ ဖြင့်) "ရှေ့အပတ်ထဲမှာ ကျွန်တော့်ကို စစ်ခုံရုံးတင်မယ်။ ပထမပုဒ်မက စစ်တပ်ပြိုကွဲအောင် ကျွန်တော်လှုံ့ဆော်ဖြိုခွဲတယ်ဆိုတဲ့ ပုဒ်မ။ ဒုတိယပုဒ်မက ထောင်ထဲမှာ ကျွန်တော် နဝတ ဆန့်ကျင်ရေးကဗျာတွေရေးတယ်။ အဲဒီကဗျာတွေကိုလည်း ထောင်အပြင်ကို ခိုးထုတ်တယ်။ ခုဆိုရင် လူများစွာပဲ ကျွန်တော့်ကဗျာတွေဖတ်ပြီး နဝတအစိုးရကို မုန်းတီးကုန်ကြပြီတဲ့ဗျာ"

**ဒါရိုက်တာအောင်လံ** – (တောက်ခတ်လျက်) "တောက်၊ ရိုင်းလိုက်တဲ့ (နဝတ) အစိုးရ"

**မောင်သော်က** – (မျက်နှာထားတင်းတင်းဖြင့်) "အဲဒါ ဆွဲချမောင်ကြဲက စစ်ခုံရုံးထုတ်တဲ့နေ့မှာ ကျွန်တော်ထောင်ဒဏ်က သက်သာအောင် အမှန်အတိုင်းဝန်ခံဖို့ ပြောနေတယ်"

**မောင်မိုး** – (စိုးရိမ်စွာဖြင့်မေး) "ဆရာသော်က ဘာပြန်ပြောလိုက်သလဲ။ဆရာ့ဆန္ဒကကော ဘာရှိသလဲ"

**မောင်သော်က** – (မျက်နှာထားတင်းမာစွာဖြင့်) "ဟုတ်တယ်။ ကျွန်တော်ကဗျာတွေရေးတယ်။ ကျွန်တော့်ကဗျာတွေကို ဖတ်ပြီး ပြည်သူတွေက နဝတအစိုးရရဲ့ မှားယွင်းတဲ့ လုပ်ရပ်တွေကို ဆန့်ကျင်ကြတဲ့အတွက် ကျွန်တော်ဂုဏ်ယူတယ်။ ဒါကို ကျွန်တော်ဝန်ခံမယ်။ စစ်တပ်ပြိုကွဲအောင် ကျွန်တော်ဖြိုခွဲတယ်ဆိုတာတော့ မမှန်ဘူး။ ဘာကြောင့်လဲဆိုတော့စစ်တပ်ဟာ တစ်ကြိမ်အာဏာသိမ်းတိုင်းမှာ အမှားအယွင်းတွေ အမျိုးမျိုးကျူးလွန်ခဲ့တယ်။ ဒါကြောင့် စစ်တပ်အာဏာသိမ်းတာကို မလိုလားတဲ့အကြပ်၊ တပ်သားတွေ၊ စစ်တပ်ထဲမှာ အများစုရှိနေတယ်။ ဒီအတွက် အရင်ကတည်းက စစ်တပ်ဟာ ပြိုကွဲပြီးဖြစ်နေတယ်။ ဒီအတွက်ဒါကိုတော့ ကျွန်တော် ဝန်မခံနိုင်ဘူး"

**နိုင်ငံရေးအကျဉ်းသားများ** – (တက်ကြွစွာလက်သီးဆုပ်လျက်ပြော) "ဆရာမောင်သော်ကပြောတာမှန်တယ်။စစ်တပ်ဟာ အရင်ကတည်းက ပြိုကွဲနေပြီးဖြစ်တယ်"

(ရှေ့ဖုံးကားချပ်ချ)

### အခန်း(၈) ပြကွက်

ထောင်ဘူးဝ စစ်ခုံရုံး

(ရှေ့ဖုံးကားချပ်ဖွင့်)

စစ်ခုံရုံးဥက္ကဌ ဒုတိယဗိုလ်မှူးကြီး ဦးစိတ်တို စားပွဲတွင် ထိုင်နေပြီး မနီးမဝေးတွင်

စာ ၂၉ သို့

THE HOT NEWS

Vol - 4, No - 154, 23 - 29 Aug, 2013

**ချန်ပီယံပေါ်ဆန်းမွေးဦးမြင့်သိန်းသည် ကိုဝိအမည်ဖြင့် ပန်းချီရေးသည်။ သူ့ဇနီးကလည်း သီတာအမည်ဖြင့် ပန်းချီရေးသည်။ ယခုကိုဝိ၏တစ်ကိုယ်တော်ပန်းချီပြပွဲမှာ လောကနတ်တွင် ကျင်းပနေသည်။ ယင်အပေါ်ဦးညွန့်သစ်အင်တာဗျူးတွင် မင်းလူကဗျာကိစ္စမှာ အသံနားထောင်ရာတွင် မောင်ကိုကို၏မှားယွင်းခဲ့မှုဖြစ်ပါသည်။**



■ မောင်ကိုကို(အမရပူရ) ■

ကျွန်တော့်ကို ၁၉၅၆ နိုင်ဝင်ဘာ ၂၉ က မော်ကျွန်းမှာ မွေးပါတယ်။ ကျွန်တော်ကျောင်းစနေတော့ တရုတ်ကျောင်းမှာ စနေတာ။ တရုတ်ကျောင်းမှာ မြန်မာစာလည်း သင်ရတယ်။ တရုတ်ကျောင်းမှာ စာသင်တော့ရုပ်ပုံစာအုပ်လေးတွေကို ကျွန်တော်သဘောကျတယ်။ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝပေါ့။ မျက်နှာသစ်တာ၊ သွားတိုက်တာ၊ ရေချိုးတာ၊ ထမင်းစားတာ၊ ကျောင်းသွားတာ၊ ညအိပ်ရာဝင်ရေစာလုံမှာ ခြေဆေးတာ၊ အဲလိုရုပ်ပုံလေးတွေပါတဲ့ စာအုပ်ကို ကျွန်တော်သဘောကျတယ်။ အဲဒီမှာပဲ ကျွန်တော်ပန်းချီစပြီး ရေးဆွဲတာ။ ပန်းချီကို အဲဒီအရွယ်စပြီး ရေးဆွဲတာ။ ဆင်လေးတွေ ရေဇလုံထဲ ဆင်းပြီး ရေချိုးနေတဲ့ ပုံလေးက စပြီး ကျွန်တော်ပန်းချီရေးတာ။

ကျွန်တော်ငယ်ငယ်ကတည်းက ပန်းချီကို ဝါသနာပါတယ်။ ငယ်ငယ်ကတည်းက ပန်းချီးရေးတယ်ဆိုပေမဲ့ ပန်းချီဆရာတစ်ယောက်ရဲ့ ဘဝကိုတော့ မမျှော်မှန်းခဲ့ဘူး။ အခုလည်း ကျွန်တော်က ပန်းချီရေးပေမဲ့ ဆန်အရောင်းအဝယ်စီးပွားရေးနဲ့ မိသားစုဘဝရပ်တည်သူဖြစ်တယ်။

ပန်းချီကိုတော့ ချစ်တယ်။ ပန်းချီကားတွေကို ချစ်တယ်။ ပန်းချီဆရာတွေကို ချစ်ခင်တယ်။ ကျွန်တော် (၇) တန်းကျောင်းသားဘဝမှာတော့ ပန်းချီစာပေးစာယူသင်တန်းတက်တယ်။ နာမည်တော့ ကျွန်တော်မမှတ်မိဘူး။ ငွေကြေးတော့ တစ်ခါတည်းအပြီးသွင်းလိုက်ရတာပေါ့။ ပန်းချီရေးနည်းစာရွက်တွေ ရောက်လာပါတယ်။ ဒါပေမဲ့ တစ်ခါပဲရောက်လာတာ။ ငွေက သင်ရိုးတစ်ခုလုံးစာသွင်းလိုက်ပေမဲ့ လေ့ကျင့်ရမယ့်သင်ရိုးဆိုင်ရာစာရွက်တွေက တစ်ကြိမ်ပဲ ရောက်ပါတယ်။ အေးလေဘယ်တတ်နိုင်ပါ့မလဲ။ ကျွန်တော်လည်း သူပေးတာလေးနဲ့ လေ့ကျင့်တာပေါ့လေ။ အထက်တန်းကျောင်းမှာလည်း ကျောင်းစာလုပ်ရင်းပန်းချီကတော့ ရေးဆွဲနေတာပဲ။ အထက်တန်းအောင်တော့လည်း ပုသိမ်ကောလိပ်မှာ တက်ရင်း ကျွန်တော်ပန်းချီရေးနေတာပဲ။

ကျွန်တော့်သူငယ်ချင်းအောင်ကျော်ဦးကတော့ ပန်းချီကျောင်းတက်တယ်။ ကျွန်တော်ကတော့ ပန်းချီကျောင်းမတက်ဘူး။ ပုသိမ်ကောလိပ်တက်တယ်။ ကောလိပ်ကျောင်းမှာ ပန်းချီရေးတယ်။ ပုသိမ်ကောလိပ်မဂ္ဂဇင်းမှာ ပန်းချီသရုပ်ဖော်ရေးခွင့်ရတယ်။ ပုသိမ်ကောလိပ်မှာ ကျွန်တော်တက်စဉ်ကာလကပန်းချီပိုပိုလည်း ပုသိမ်ကောလိပ်မှာ တက်နေတယ်။ သူက အဲဒီကာလကတည်းက အဆင့်တစ်ခု ရောက်နေပြီပေါ့။

ကျွန်တော်က ဘုရင့်နောင်မှာ ချန်ပီယံပေါ် ဆန်းမွေးဆန်ပွဲရုံမဖွင့်မီက မန္တလေး (၆)လဖွင့်ခဲ့ပေးတယ်။ အခုတော့ မန္တလေးမှာ ကျွန်တော့်ညီပဲဆက်ဖွင့်ပါတယ်။ မန္တလေးကျွဲဆည်ကန်မှာ ဆန်ပွဲရုံဖွင့်ခဲ့တာက ၁၉၉၀ ပေါ့။ အဲဒီ ၁၉၉၀ က မန္တလေးမှာ ပန်းချီပေါ်ဦးသက်ရှိနေပါတယ်။ နောက်တော့ ဆရာပေါ်ဦးသက် မန္တလေးမှာပဲ ဆုံးသွားတယ်။ ကျွန်တော်လည်း ရန်ကုန်ပြန်ရောက်သွားပြီ။ ပန်းချီဆရာပေါ်ဦးသက်ကို လောကနတ်ပေါ်မှာကတည်းက မြင်ဖူးတာ။ ကျွန်တော်က မော်ကျွန်းမှာလူငယ်ဘဝဖြတ်သန်းခဲ့တာဆိုတော့ ပြောရရင်တောသားဆိုတော့ ပေါ်ဦးသက်ကို မခေါ်ရဲဘူးပေါ့။ ကျွန်တော်မသိကြဘူး။

အဲဒီကာလကတည်းက ကျွန်တော်ကြိုက်တဲ့ မြန်မာပန်းချီဆရာသုံးယောက်ရှိတယ်။ ပေါ်ဦးသက်၊ ဘိုကြည်၊ ဖေညွန့်ဝေပေါ့။ အဲဒီ ပန်းချီဆရာသုံးယောက်ကို ကျွန်တော်တော်တော်ကို ကြိုက်နေတယ်။ နိုင်ငံခြားပန်းချီဆရာထဲမှာ ALWYN ဆိုတဲ့ပန်းချီဆရာကြီးကို ကျွန်တော်တော်တော်ကြိုက်တယ်။ ဗန်ဂိုးတို့ ဂေါ်ဂင်တို့တော့ အားလုံးသိတဲ့ ပန်းချီဆရာပဲ။ ALWYN ကိုတော့ ကျွန်တော်က သူ့ဆီက သင်ယူချင်တာ။ သူ့စာအုပ်ဝယ်တယ်။ စံပယ်ဖြူဆိုတဲ့ ပန်းချီပြခန်းက သူနဲ့ ပတ်သက်တဲ့ ဗီဒီယိုခွေကြီးငှားလိုက်တယ်။ အဲလိုနဲ့ ကျွန်တော်သူ့ဆီက သင်ယူခဲ့တာပေါ့။

အဲဒီပန်းချီဆရာ ALAYN က အင်္ဂလန်မှာ 'မြင်း' ဆွဲတဲ့နေရာမှာ အတော်ဆုံးတစ်ယောက်ဖြစ်တယ်။ သူ့တိပ်ခွေကနေ ကျွန်တော်ပန်းချီရေးနည်းသင်ယူတယ်။ သူက အရောင် (၇) ရောင်ပဲ သုံးတယ်။ အနက်မသုံးဘူး။ ကျွန်တော်လည်းသူ့အရောင်ပဲသုံးတယ်။ သူ့အရောင်တွေကရှားတယ်။ DALER ROWNEY ကုမ္ပဏီကထုတ်တဲ့ဆေးတွေ။ ဟိုခေတ်ကတော့ ကျွန်တော်တို့ မြန်မာပြည်မှာ ဆေးတွေစာအုပ်တွေရှားတယ်။ အခုတော့ Myanmar Book Centre မှာ နိုင်ငံခြားပန်းချီစာအုပ်တွေ၊ ဆေးတွေ အကုန်လိုလိုဝယ်လို့ရနေပြီ။ အနံ့မပြင်းတဲ့ အခြောက်မမြန်တဲ့ အခရိုက်လစ်ဆေးတွေကို ကျွန်တော်ကြိုက်တယ်။ ALWYN ရဲ့ ရေဆေးပန်းချီတွေ ကျွန်တော်ကူးရေးတယ်။ အဲလိုနဲ့ ကျွန်တော်လေ့ကျင့်လာတယ်။

၁၉၉၂ မှာ ကိုဖေညွန့်ဝေနဲ့ ကျွန်တော်ခင်မင်ကြပြီ။ ကိုဖေညွန့်ဝေနဲ့ ဆက်နွယ်ပြီး ပန်းချီဆရာအချို့နဲ့လည်း ဆက်လက်သိကျွမ်းရတယ်။ ၁၉၉၇ မှာတော့ ကျွန်တော်ဟာ ဆရာဝင်းဖေမြင့် ရဲ့ တပည့်ဖြစ်သွားပြီ။ WPM ရဲ့ Sketch ပွဲမှာသွားကြည့်ရင်းက WPM ရဲ့ ပန်းချီကားတစ်ကားဝယ်ဖြစ်တယ်။ ကျွန်တော့်ဘဝမှာ ပန်းချီကားစဝယ်ဖူးခြင်းပဲ။ အဲဒီနောက်မှာ ဆရာ WPM(ဝင်းဖေမြင့်) ရဲ့ တပည့်ခံလိုက်တာပဲ။ စန္ဒာခိုင်၊ ကိုမြင့်အောင် (လူဝကြီးပုံရေးဆွဲသူ)၊ ကိုခင်မောင်မြင့်၊ ကိုစိုင်းတို့နဲ့ ဆရာဦးဝင်းဖေမြင့်အိမ်မှာဆုံရတယ်။ သူတို့လည်းဆရာဦးဝင်းဖေမြင့်ဆီကပန်းချီပညာသင်ယူဖို့ လာကြတာ။ ကိုဇော်ဝင်းဖေလည်းလာတယ်။ ကိုနေမျိုးဆေးကတော့ သူဟာနဲ့သူသီးခြားရပ်တည်နေပြီပေါ့။ ဦးဝင်းဖေမြင့်ဆီမှာ ကျွန်တော်သင်နည်းကတော့ ကိုယ်ရေးတာပြတယ်။ မသိရင်မေးတယ်။ ဦးဝင်းဖေမြင့်နဲ့ အောက်ဒိုးလိုက်ရေးတာ တစ်ဖွဲ့ကြီးပဲဆိုတော့ပျော်စရာသိပ်ကောင်းတယ်။

အောက်ဒိုးဆွဲတာကို နိုင်ငံခြားမှာတော့ Plain Air လို့ခေါ်တယ်။ ကျွန်တော်တို့ ဦးဝင်းဖေမြင့်နဲ့ အတူတူအောင်ပန်း ကိုသွားပြီး ပန်းချီအောက်ဒိုးရေးကြတယ်။ အောက်ပန်းမှာက ကိုမြင့်ဦးရှိတယ်။ ကိုမြင့်ဦးမှာ ကုန်စုံဆိုင်ရှိတယ်။ ကားရှိတယ်။ သူက ဦးဝင်းဖေမြင့် အောင်ပန်းရောက်ရင်သူ့စတူဒီယိုပေါ်မှာ နေစရာပေးတယ်။ သူကလည်း ဦးဝေဖေမြင့် အောင်ပန်းရောက်စဉ်မှာ မသိတာမေးတာပဲ။ ဦးဝင်းဖေမြင့်ဆီက သင်ယူတာပေါ့။ သူက သူ့မြို့ပတ်ဝန်းကျင်က ရှုခင်းတွေကို ဘယ်နေရာကနေ ပန်းချီရေးဆွဲရင်ကောင်းတယ်ဆိုတာသိတယ်လေ။ ကျွန်တော်တို့ကိုသူ့ကားနဲ့ တင်ခေါ်သွားပြီး သူလမ်းညွှန်တဲ့နေရာလေးအနေပန်းချီရေးကြတာပေါ့။ ရှမ်းပြည်တောင်ပိုင်း ကပန်းချီရေးလို့ သိပ်ကောင်းတယ်။ ပန်းနှမ်းတွေ ဝါထိန်အောင်ပွင့်တဲ့ မိုးတွင်းကာလမှာ ပန်းချီရေးလို့ အကောင်းဆုံးပဲ။ မိုးတွင်းကနေဆောင်းအဝင်အထိပေါ့။ သိပ်ချမ်းနေတဲ့အောင်ပန်းမနက်ခင်းစောစောမှာ ဘီယာတစ်ခွက်ရဲ့ တစ်ဝက်လောက်သောက်ရင် လူဟာနွေးသွားတယ်။ အရက်မသောက်တဲ့ ကျွန်တော်ဟာ ရှမ်းပြည်မှာ မနက်စောစောဘီယာတစ်ခွက်ရဲ့ တစ်ဝက်တော့ သောက်တယ်ဗျာ။ ဒါမှ လူက ပူနွေးသွားတာ။ ကျွန်တော်က ဆရာဦးဝင်းဖေမြင့်ကို ပြောတော့ သူလည်း စမ်းသပ်တဲ့သဘောနဲ့ သောက်ကြည့်တယ်။ ဟုတ်တယ်နွေးတယ်ဗျတဲ့။ နောက်တစ်ခါတော့ ကျွန်တော်တို့ပန်းချီဆရာအဖွဲ့တွေနဲ့ အင်္ဂလန်ကလာတဲ့ ပန်းချီဆရာမ အယ်လီဇဘက်တို့ ပုဂံမှာဆုံပြီး ပန်းချီရေးကြတာ အလွန်ပျော်စရာကောင်းတယ်။ ကျွန်တော်တို့က ပုဂံကကြိုစောင့်နေတာ။ အင်္ဂလန်ပန်းချီဆရာမက ပုဂံကို ကိုမင်းဝေအောင်ကားကြီးနဲ့ ရောက်လာတာ။

ပန်းချီမှာ ပျော်မွေ့ပြီး ဆန်အရောင်းအဝယ်စီးပွားရေးလုပ်တဲ့ ကျွန်တော်ဟာ သီတာနဲ့ အိမ်ထောင်ကျတယ်။ သီတာလည်း ပန်းချီရေးတယ်။ သီတာက Mexico City မှာ ၁၉၀၇ ခု၊ ဇူလိုင် ၆ ရက်က မွေးခဲ့တဲ့ Frida Kahlo ဆိုတဲ့ ပန်းချီဆရာမကို တော်တော်ကြိုက်တယ်ဗျ။ အိပ်မက်ဆန်တယ်။ ဆာရီယယ်လစ်ဆန်တယ်။ နောက်ပြီး သီတာက Mary Cassalt ဆိုတဲ့ ပန်းချီဆရာမကိုလည်း ကြိုက်တယ်။ သီတာက ရှစ်တန်းလောက်ကတည်းက ဆရာဦးသောင်းဟန်ဆီမှာ ပန်းချီသင်တန်းတက်ဖူးတယ်။ ကျွန်တော် နဲ့ အိမ်ထောင်ကျတော့ သီတာက စန္ဒာခိုင်ဆီမှာ ကောက်ကြောင်းပန်းချီတက်ဖြစ်တယ်။ ကျွန်တော်တို့ ဇနီးမောင်နှံဟာ ဦးဝင်းဖေမြင့်နဲ့ ခင်မင်ရင်းနှီးပြီးတဲ့နောက်မှာ ပန်းချီကားတွေပိုရေးဖြစ်တယ်။

ကိုဝိနဲ့ သီတာ ပန်းချီပြပွဲတွေ လုပ်ကြတာပေါ့။ STORY တို့၊ MIND တို့၊ DREAM တို့ ပြပွဲတွေ အတူလုပ်ခဲ့ကြတာပေါ့။ ကျွန်တော်တို့ဇနီးမောင်နှံဟာ ကျွန်တော်တို့ပတ်ဝန်းကျင်ကအကြောင်းအရာတွေကို ပန်းချီရေးဆွဲဖြစ်ကြတယ်။ ကျွန်တော်တို့ရဲ့ သားလေးပုံတွေကိုလည်း ကျွန်တော်ရော၊ သီတာရောပျော်ပျော်ရွှင်ရွှင်ရေးဆွဲဖြစ်ကြပါတယ်။ ဖရီဒါခါလို (Frida Kahlo) ကိုကြိုက်တဲ့ သီတာရဲ့ ပန်းချီကားတွေကတော့ အိပ်မက်ဆန်တာတွေများတယ်ပေါ့။

အခုလောကနတ်မှာ ပြတဲ့ ပန်းချီပြပွဲကတော့ ကျွန်တော့်ရဲ့ တစ်ကိုယ်တော်ပြပွဲပါ။ သီတာက သိပ်နေမကောင်းတော့ ပန်းချီသိပ်မရေးနိုင်ဘူး။ လောကနတ်မှာ ကျွန်တော်ကတော့ နှစ်စဉ်ပြပွဲလုပ်ဖြစ်နေမှာပါ။ ဒီတစ်ခါတော့ Family လို့ အမည်ပေးထားတယ်။ ကျားပုံလေးတွေချည်း ၁၅ ပုံပြတယ်။ ကျားရဲ့ မိသားစုဘဝကို ရေးပြတာပါ။ ကျားကိုပြချင်တာမဟုတ်ဘူး။ မေတ္တာတရားကို ပြချင်တာ။ ကျားမကြီးနဲ့ ကျားပေါက်စကလေးရဲ့ ဆက်ဆံရေးနွေးထွေးမှု မေတ္တာတရားလွှမ်းထုံမှုကိုပြချင်တာ။

ပန်းချီကားတွေကိုတော့ ရောင်းဖို့ရည်ရွယ်ပြသတာမဟုတ်ပါဘူး။ ကိုယ့်ဖန်တီးမှုကို ပြသတာပေါ့။ လူမှုရေးလုပ်ငန်းအနေနဲ့တော့ မော်ကျွန်းရဲ့ နေရာအသီးသီးက စာကြည့်တိုက်လေးတွေဆီ ရန်ကုန်ကနေ စာအုပ်တွေပို့ပေးနေတယ်။ မော်ကျွန်းဝန်းကျင်ကျေးရွာတွေက ချောင်းမြောင်းတွေပေါ် ဖြတ်ထိုးထားတဲ့ ဝါးတံတား၊ သစ်သားတံတားတွေကို သံဘောင်တံတားတွေအစားထိုးတည်ဆောက်ဖို့ကျွန်တော်ပြင်ဆင်နေပြီ။ ကျွန်တော့်ဇာတိမြို့၊ ဇာတိရွာကို ကျွန်တော်နိုင်သမျှစောင့်ရှောက်ရမှာပဲ။

> ဒီတစ်ခါတော့ Family လို့ အမည်ပေးထားတယ်။ ကျားပုံလေးတွေချည်း ၁၅ ပုံပြတယ်။ ကျားရဲ့ မိသားစုဘဝကို ရေးပြတာပါ။ ကျားကိုပြချင်တာမဟုတ် ဘူး။ မေတ္တာတရားကို ပြချင်တာ။ ကျားမကြီးနဲ့ ကျားပေါက်စကလေးရဲ့ ဆက်ဆံရေးနွေးထွေးမှု မေတ္တာတရားလွှမ်းထုံမှုကို ပြချင်တာ . . .

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug, 2013



# စိမ်းလန်းခြင်းလက်ဆောင် ပေးကြရအောင်ပါ



ဒေါက်တာစိန်စိန်သိန်း

ကမ္ဘာကြီးပေါ်မှ မြေလွှာတွေမှာ အရောင်အမျိုးမျိုး ပြောင်းလဲနေသည်။ ထို့အတူ အဖြစ်အပျက်တို့ကလည်း ကျွန်မအတွက်တော့ ရက်စက်သည်ဟု ထင်စရာရှိပါ၏။ သို့နှင့် ရင်တွင်းပဋိပက္ခ နှင့် ချီတုံချီချဖြစ်နေသောလမ်းကို မှန်းကြည့်မိသည်။ ဝေဝေဝါးဝါးဇာတ်သိမ်းခန်းမရောက်မီ အားကပြတ်ချင်ချင်၊ ကိုယ့်ကိုယ်ကိုယ်ပင် နားလည်ဖို့အတော်ကြိုးစားနေရသည်။ ကျွန်မတို့ချစ်သည်က ဤ'ကမ္ဘာမြေ'။ ကမ္ဘာမြေပေါ်မှ အမြင်မတော်မှုများကိုကျော်လွှား နိုင်စွမ်းရှိအောင် ကြိုးစားရင်းတစ္ဆေခြောက်သည်ကို သိသိကြီးနှင့် ခံနေရသည်။ နောင်တများနှင့်အသက်ရှင်ရ သည်မှာပင် ပမ်းလှပါလား ဟု ညည်းမိညူမိအော်ဟစ်မိပြန်သည်။ ဘဝတစ်ခုကို နှစ်သက်ဖို့ရာမှာ ယုံကြည်မှုလိုအပ်၏။ ဘုရားသခင်က ဖန်ဆင်းပေးထားသော ကံကြမ္မာကို သာအပြစ်တင်ရအောင်က လည်းကံဆိုသည်မှာ မိမိတို့၏လုပ်ဆောင် မှု၊ တစ်ခါတစ်ရံလည်း ပြုံးတိပြုံးကြောင် နှင့်

ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်မိသည်။ သေချာတာတစ်ခုကတော့ ဘာကိုမှ မပြောချင်တော့ခြင်းဖြစ်ပါ၏။ လေပြင်းကတစ်ချက်အဝှေ့မှာ မိုးစက်တို့လွင့်စင်သွားကြသည်။ ခေါင်းထဲမှအဖြစ်သနစ်များကို မိုးစက်ကလေးများလို လွင့်စင်သွားစေချင်လှပါသည်။ တကယ်တော့ ကျွန်မသည် ကမ္ဘာကြီးကိုသံဆူးကြိုးကာရန်ကြိုးစားနေခဲ့ခြင်းပေလား။ ကမ္ဘာကြီးဆိုလျှင် ကြီးလွန်းပါသည်။ ကိုယ့်တိုင်းပြည်ကိုပဲ အရင်ဆုံး ကာထားနိုင်မလား။ လုံရောလုံပါဦးမလား။ မသိနိုင်တော့ပါ။ ဘယ်မှာမှကြားနေအင်အားစုဆိုတာ မရှိနိုင်ပါဟု ပညာရှင်တို့ကဆိုခဲ့ကြဖူးသည်။ ကြားချမနေတတ်ခြင်းက အလွန်အမင်း ပင်ပန်းစေခဲ့၏။ ကျွန်မတို့မှာ တကယ်တော့ ကြားမနေတတ်ခဲ့ခြင်းကြောင့် လောကမှာခံစစ်နှင့် လျှောက်နေရခြင်းသာဖြစ်ပေလိမ့်မည်။ ခံစစ်ကလည်း ကြာလှပြီ။ နိုင်ငံအသီးသီးမှ 'စနစ်တကျဖန်တီးထားသော မုသားစကားများမှာ ရိုးရိုးသားသား ပြောစကားထက် ထိရောက်နေချိန်မှာ ဘာများတတ်နိုင်ဦးမှာလဲ'။ ကျွန်မတို့ဆီမှာ လူတွေလည်း ငြိမ်းချမ်းရေးလိုချင်သည်။ သစ်ပင်တွေ တောတွေတောင်တွေကလည်း ငြိမ်းချမ်းရေးကို လိုလား၏။ ကမ္ဘာကြီး မပျက်စီးအောင် ငြိမ်းချမ်းရေးကို လိုချင်သည်။ ကမ္ဘာကြီးသာယာဝပြောအောင်သစ်တောသစ်ပင်တွေ ရှင်သန်မှုဖြစ်မည်။ သဘာဝဆိုသည်သဘာဝအတိုင်း ကျွန်မတို့မှာလည်း အချိန်တန်အိမ်ပြန်ကြရဦးမည်ဆိုတော့ကာ၊ မပြန်ခင် 'စိမ်းလန်းခြင်းလက်ဆောင်' လေးတွေမျှဝေရန်ကြိုးစားပေးကြရမည်သာဖြစ်ပါ၏။ ရာသီဥတုအပြောင်းအလဲနှင့် စိုက်ပျိုးရေးဆိုင်ရာ စာအုပ်ကြီးကိုခေါင်းအုံးအိပ်ရာမှ နိုင်ငံ (၁၇) နိုင်ငံမှ ပညာရှင် (၇၆)ဦး၏ အစီရင်ခံစာက သေမင်းတမန်ကို ခြိမ်းခြောက်လျက်ရှိကြောင်း တွေ့လာရ၏။ သူတို့ကရော မီးမောင်းထိုးပြရုံသက်သက်ပါ။

မိုးခေါင်ခြင်းများဖြစ်လာပါက မြေကြီးမှ ရွှေသီးရန် လောင်စာဆီအသုံးစရိတ်က ဆောင့်တက်သွားကာ စားဝတ်နေရေးကဏ္ဍမှ ငွေကြေးကို အတိုင်းအတာတစ်ခု

ထိ လျော့သုံးကြရပါလိမ့်မည်တဲ့။ ကမ္ဘာ့အပူချိန်မြင့်တက်လာပါက သီးနှံဖျက်ပိုးများဆောင်းခိုကြတော့မည်။ ဆောင်းခိုရင်းမှ ကိုက်ဖြတ်စားသုံးမည်။ရိတ်သိမ်း ချိန်အစေ့တွေအဆန်တွေလူတွေမြင်ရနိုင်ခွင့်ရှိတော့မည်မဟုတ်။ ဆောင်းပျောက်လာပါက လောင်စာဆီဖိုး ခုန်တက်သွားဦးမည်။ ပူပြင်းသောရာသီဥတုက ငွေကုန်စေသည်။ မှက်တွေ ပေါက်ာ၊ ယင်တွေများလာခြင်းကြောင့် ကုန်ကြမ်းများ ကုန်ချောဘဝသို့ မကူးနိုင်မီပျက်စီးရလေ့ရှိ၏ဆိုသည်။ ကွန်ပျူတာဇယားမှာပြရုံနှင့် အရေးမကြီး။ လက်တွေ့မှာ အပူကလယ်ကွင်းထဲသို့ ဆင်းလာသည်။စားကျက်တွေပျောက်ကုန်ပြီကော။ သီးနှံကလက်ရှိထုတ်လုပ်နေသောနှုန်းမှ ကျဆင်းလာပေရော့မည်။

ခြောက်သွေ့သောမြေဆီလွှာတွင်မှို ရောဂါရှိ၏။ ရာသီဥတုပူပြင်း၍ အက်ကွဲလာသော ပြောင်းစေ့မှာပါရောဂါစွဲကပ်လာသည်။ 'အက်ဖလာတော့ဆင်' ဟုခေါ်သော မှိုရောဂါပါ။ ပြောင်းဖူးက အသည်းကင်ဆာဖြစ်စေပါ၏။ ဆောင်းကနွေနှင့်တူလာ၏။ နွေကမိုးနှင့်တူကာမိုးတစ်ဖြောက်နှစ်ဖြောက်ရွာရုံလေး။ ရွာတယ်ဆိုရုံလေးနှင့် တစ်ရာသီကူးခဲ့ရပြီ။ ကမ္ဘာ၏တချို့ရပ်ရွာမှာ တစ်နှစ်လုံးမိုးရွာပြန်သည်တဲ့။ တချို့နေရာမှာ မုတ်သုံဝင်ချိန်မမှန်။ မုတ်သုံအချိန်အမှန်သောအခါ စပါးစိုက်ပျိုးရေးကို ထိခိုက်၏။ ကမ်းခြေတို့ ရေတိုက်စားခြင်းဒဏ်က အိမ်ရာကိုပျက်စီးစေသည်။ ဆားငန်ရေတိုးဝင်မှုက သောက်သုံးရေပြတ်လပ်၍ စပါးမအောင်ဖြစ်စေခဲ့သည်။ မိုးခေါင်ရေရှားခြင်းက ကောက်ပဲသီးနှံကို တိုက်ရိုက်ထိခိုက်ကာ ရေလွှမ်းမိုးခြင်းက ကျွဲနွားတိရစ္ဆာန်များ၊ ငါးများနှင့် သီးနှံဆန်ရေစပါးခင်းများ ဖျက်ဆီးခြင်းခံရသည်ဖြစ်ရ၏။ သဘာဝပတ်ဝန်းကျင်သာမက လူမှုဝန်းကျင်ပါ ဖျက်ဆီးသည့်တစ္ဆေများက ခြောက်လှန့်ရုံမကတော့ပါ။

အကာအကွယ်မဲ့နေသောနေရာများ၊ ကမ်းခြေများ၊ တောင်ပေါ်ဒေသများမှာက ပထဝီအနေအထားချင်းလည်းမတူကြ။ အဆိုးဝါးဆုံး အန္တရာယ်ကို အကြိမ်ကြိမ် ခံစားနေရရှာသော တိုင်းပြည်များရှိနေပြီ။

ဘင်္ဂလားဒေ့ရှ်သည် ၎င်းတို့ထဲမှာ ဒုက္ခအများဆုံးတိုင်းပြည်ဖြစ်နေရသည်။ တောင်အာရှတွင်ရှိ၍ ဘင်္ဂလားပင်လယ်အော်၏မြောက်ဘက်ကွေ့မှာရှိသည်။ 'ဂင်္ဂါ' နှင့် 'ဗြဟ္မပုတ္တရ' မြစ်များရှိသည်။ မိုးအများဆုံးဒေသဖြစ်၏။ အပူပိုင်းမုတ်သုံရာသီဥတုရှိသည်။ လူဦးရေက များပြားလွန်းသည်။ မုတ်သုံရာသီရောက်လေ တိုင်းမပျက်မစီးသည့်နှစ်က အတော်ရှား သည်။ ဂုန်လျှော်ကို ကမ္ဘာသို့တင်ပို့ခဲ့ပေသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ထွက်နှုန်းမကောင်းတော့ကာဆင်းရဲခြင်းသံသရာမှာ ချာချာလည်နေခဲ့ရရှာသည်။ ကျွန်မတို့က သဘာဝအလျှောက်ဖြစ်တည်နေ သောလေထုကို စတင်ဖျက်ဆီးခဲ့ကြ၏။ တောအုပ်များကို ပြောင်းလဲပစ်ခဲ့ကြ၏။ သက်ရှိများကို ပြောင်းလဲပစ်ကြခြင်း သာဖြစ်ပါသည်။ ယနေ့ခေတ်၏ ကျွမ်းကျင်သူတွေက သဘာဝမှ ပြန်လည်သင်ယူခဲ့ကြရသည်။ သဘာဝသည် ဆရာသမားဖြစ်၏။ ရာသီဥတုကတော့ပုံမှန်မဖြစ်နိုင်တော့ပါ။ အတိတ်ကရာသီဥတု ကိုအခြေပြု၍ စဉ်းစားသော်မှအဖြေမှန်မရနိုင်တော့ပါ။ အနာဂတ်ကိုလည်း မျှော်၍မရပါ။အလားအလာကောင်း မည်ဆိုသောကြိုတင်ခန့်မှန်းချက်ကိုချည်း မျှော်လင့်၍မရနိုင်တော့ပါ။ အပူကိုမခံနိုင်သူများလုပ်တည်ခြင်းငှာ မစွမ်းသာတော့သောကြောင့်အပူသည် ကျွန်မတို့၏ မိုက်မဲမှုကိုပြသောပြယုဂ် ဖြစ်နေခဲ့ရပြီ။ ရာသီဥတုကတောင်ပြောင်းလဲမှတော့ ဘယ်အရာတည်ငြိမ်နိုင်ပါဦးမည်နည်း။ ကျန်းမာရေးထိပ်ဆုံးကပါ၏။ စီးပွားရေးကဒုတိယနေရာမှာရှိသည်။ ငတ်မွတ်ခေါင်းပါးမှုက နောက် ကကပ်ရက်ပါနေမည်ဖြစ်ရာ ကမ္ဘာမြေအတွက်စိမ်းလန်းခြင်းလက်ဆောင်ပေးဝေကြဖို့သာ ကြိုးစားကြပါစို့ဟုသာ တင်ပြရင်း တစ္ဆေများနှင့် ဝေးရာဆီသို့ ဦး တည်ရွေ့လျားရန် ကြိုးစားနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

# ဆင်းရဲသားတွေအတွက် အခမဲ့ဂိုဒေါင်ကျောင်းကလေး

မအေးဆေး

အခမဲ့ဂိုဒေါင်ကျောင်းကလေးက ကြိုဆိုနေပါတယ်။ ကျောင်းရဲ့အမည်ကတော့ သူတို့စာသင်ရာတစ်ထပ်အိမ်ဂိုဒေါင် အဆောက်အအုံကလေးကို အစွဲပြုပြီးမှည့်ထားတာဖြစ်ပါတယ်။ ကျောင်းကလေးရဲ့ တည်နေရာကတော့အထက်တန်းစား တွေနေထိုင်တဲ့ Clifton ကလစ်ဖ်တန်ဆိုတဲ့ ဒေသမှာဖြစ်ပါတယ်။ သို့သော်လည်း ဘယ်ကျောင်းသားတစ်ဦးတစ်ယောက်မှ မချမ်းသာကြပါဘူး။ သူတို့လာကြတဲ့ နေရာကတော့ Shah Rasool ရွာရာစူးဆိုတဲ့ ဆင်းရဲသားတွေနေတဲ့ ကျုးကျော် ရပ်ကွက်ကလေးက Neelum နီးလမ်ဆိုတဲ့ နေရာကပါ။ အကယ်၍များဒီကျောင်း ကလေးကအခမဲ့မဟုတ်ရင်ကလေးတော်တော်များများဟာ ကလေးအလုပ်သမား ကလေးများဖြစ်သွားကြမှာ သေချာပါတယ်။

ဒီအခမဲ့ဂိုဒေါင်ကျောင်းကလေးဟာ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်နဲ့ ပေါ်ပေါက်လာတာပါ။ ၁၉၇၁ ခုနှစ်မှာ Shabina Mustafa ရှာဘီနာ မတ်စ်တာဖာအသက် ၂၀မှာ မုဆိုးမဖြစ်သွားပါတယ်။ နောက် ၃၂ နှစ်ကာတဲ့အခါမှာ သူဟာဆော်ဒီအာရေဗီးယားလေကြောင်းကုမ္ပဏီမှာ သီးသန့်ကိုယ်စားလှယ်လုပ်ပါတယ်။ သူ့ရဲ့ခင်ပွန်းပြောသွားတဲ့ စိတ်ကူး တွေကိုလည်း သူမမေ့ပါ။ သူ့ခင်ပွန်းပြောလေ့ရှိတဲ့ ချို့တဲ့တဲ့ ကလေးတွေအတွက်ကျောင်းဖွင့်ဖို့ အိပ်မက်ဖြစ်ပါတယ်။ ၁၉၉၉ခု နိုဝင်ဘာလမှာတော့ဆင်းရဲသားကလေးတွေ အတွက်အနေနဲ့ ကျောင်းဖွင့်ဖြစ်ပါတယ်။ ရှာဘီးနားရဲ့အိမ်ဖော်ကလေးမလေးဟာ စာမတတ်တဲ့အတွက်ဖြစ်ပါတယ်။

ရှာဘီနာဟာ သူကိုယ်တိုင်စာသင်ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူအလုပ်အားတဲ့အချိန်မှာရှာဘီနာဟာ ၁၁ နှစ်အရွယ်အိမ်ဖော်မိန်းကလေး ဆိုဘီယာကို စာသင်ပေးပါတယ်။ ဂိုဒေါင်ထဲကစာသင်ခန်းမှာလည်း လာသင်စေပါတယ်။ ဒါကိုကြားတဲ့အခါ ဆိုဘီယာမိဘတွေရဲ့ အိမ်နီးချင်းက ကလေးတွေကို လည်း ကျောင်းကိုလာပို့ကြပါတယ်။ အစမှာတော့ရှာဘီနာဟာသူတစ်ယောက်တည်းပဲ စာသင်ပြနေပါတယ်။ သို့သော် လည်း ကျောင်းသားတွေ ၄၀ လောက် တိုးလာတဲ့အခါမှာတော့ လုပ်အားပေး မယ့်ဆရာမတွေကို ခေါ်ရပါတယ်။

ကျောင်းရဲ့အောင်မြင်မှုသော့ချက် ကတော့ ရှာဘီနာရဲ့အားလုံးကို တစ်စုတစ်စည်းတည်း ပြုလုပ်ပေးခြင်းပါပဲ။ ကနဦးနေ့တွေမှာတော့ Happy Home School သီရိဂေဟာကျောင်းအုပ်Ghagala Nigami ဂါဇာလာ နီဇာမီက သူ့ကျောင်းက ကျန်ခဲ့တဲ့ ခုံတံတို့ ဗလာစာအုပ်တို့ ထမင်းဘူးတို့ကို ရှာဘီနာရဲ့ကျောင်းကို ပေးကမ်းလှူဒါန်းတယ်။ တခြားကျောင်းကလည်း သတင်းစာတွေပေးတယ်။ ဒါတွေကို ရောင်းပြီးရှာဘီနာတို့ကျောင်းမှာ လိုအပ်တဲ့ခဲဖျက်တို့၊ ခဲတံတို့ဝယ်ပါတယ်။ သူတို့ မှန်မှန်ကန်ကန်လုပ်ဆောင်နေတာ ကိုမြင်တဲ့အခါလူမှုရေးကူညီလိုသူတွေကကူညီကြပါတယ်။

အခမဲ့ဂိုဒေါင်ကျောင်းကလေးရဲ့ အထူးတာဝန်ထမ်းဆောင်မှုကတော့ Clifton ကလစ်ဖ်တန်ဒေသတစ်ဝိုက်မှာရှိတဲ့ ဆင်းရဲချို့တဲ့တဲ့ ကလေးတွေရဲ့ ပညာရေးကို ထောက်ပံ့ပေးတာဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံက ရောက်လာတဲ့ ရှာလီနာရဲ့မိတ်တွေ Abbas Vawda အဘတ်စ်ဗေဒါ ဒီသတင်းကိုကြားတဲ့ အခါမှာ သူဟာကလေး ၁၀ ယောက်အတွက် နှစ်စဉ်တာဝန်ယူပါတယ်။ ကလေးတွေဟာပြည့်ပြည့်စုံစုံနဲ့ ကျောင်းမှန်မှန်တက်နိုင်ဖို့ဖြစ်ပါတယ်။ အခုအခါ သူ့ကျောင်းမှာ အစီအစဉ်တစ်ခုရှိနေပါတယ်။ ဘယ်သူဖြစ်ဖြစ်ကူညီထောက်ပံ့ ပေးချင်သူတွေကို လက်ခံနေပါတယ်။ ကျောင်းသားအတွက် သို့မဟုတ် ဆရာမအတွက်ဖြစ်ဖြစ်မည်သည့်နည်းနှင့်မဆို ထောက်ပံ့နိုင်ပါတယ်။ ဆရာမအတွက်ဆိုရင်လည်း ထောက်ပံ့ငွေဖြစ်စေ၊ ဝတ်စုံ ဖြစ်စေ၊ ကျန်းမာရေးထောက်ပံ့မှုဖြစ်စေ တတ်နိုင်တာကို ထောက်ပံ့နိုင်ပါတယ်။

**သူ့ကျောင်းက ကျန်ခဲ့တဲ့ခဲတံတို့ ဗလာစာအုပ်တို့ ထမင်းဘူးတို့ကို ရှာဘီနာရဲ့ကျောင်းကို ပေးကမ်းလှူဒါန်းတယ်။ တခြားကျောင်းကလည်း သတင်းစာတွေပေးတယ်။**

ဒီလိုနဲ့ကျောင်းသားတွေဟာတစ်နေ့ တခြားပိုမိုတိုးလာနေတဲ့အတွက် အခမဲ့ဂိုဒေါင်ကျောင်းကလေးဟာ နောက်ထပ် တိုးချဲ့ဖွင့်ရပါတယ်။ Neelum နီးလမ်ဆိုတဲ့နေရာမှာ အဆောက်အအုံတစ်ခုငှား ရမ်းပြီး ဒုတိယကျောင်းအဖြစ် တိုးချဲ့လိုက်ရပါတယ်။ တချို့လည်းလခပေးရပြီး တချို့ကတော့ လုပ်အားပေးဆရာမတွေနဲ့ဆက်လက်လုပ်ဆောင်နေပါတယ်။ သူ့ရဲ့လုပ်ငန်းကိုသဘောကျတဲ့သူတွေက အလှူငွေတွေ ထည့်ကြပါတယ်။ ဒီလိုနဲ့ အခမဲ့မူလတန်းကျောင်းကလေးဟာ ကျောင်းသားကလေးပေါင်း ၂၅၀ ဖြစ် လာပါတယ်။

အခုအခါမှာဆိုရင် ရှာဘီနာဟာ အချိန်ပြည့်ကျောင်းကို ကြီးကြပ်ကွပ်ကဲ လျက်ရှိပါတယ်။ ဝရှာဘီနာဟာနောက်ထပ်ပိုကြီးတဲ့ အခမဲ့ဂိုဒေါင် ကျောင်းခွဲတည်ထောင်ချင်ပါသေးတယ်။ ဒါမှသာကလေးတွေပိုပြီးတော့ ပညာသင်ကြားနိုင်ကြမှာဖြစ်ပါတယ်။ သူက သူ့နိုင်ငံ ပါကစ္စတန်ရဲ့ အနာဂတ်ကောင်းဖို့ လိုလားတယ်လို့ဆိုပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ပညာတတ်တွေများမှ တိုးတက်ဖွံ့ဖြိုးနိုင်မယ်ဆိုတာ သူကတစ်ဖက် တစ်လမ်းကနေကူညီနေသူဖြစ်ပါတယ်။

Ref : April Roll RD.

The Hot News

Vol - 4, No - 154, 23 - 29 Aug, 2013



## ဘီဘာရဲ့ရင်ခုန်သံအသစ်

တစ်ချိန်က အသည်းစွဲအရှုးအမူးချစ်ခဲ့ရပါတယ်ဆိုတဲ့ အဆိုတော် ချစ်သူကောင်မချောလေး ဆယ်လီနာဂိုမက်ဇ်နဲ့ ပတ်သက်လာရင် ဘာတစ်ခုမှမကြားလိုဘူးလို့တောင် ဆိုလာသူကတော့ ဂျပ်စတင်ဘီဘာရယ်ပါ။ အရူးအမူးဖြစ်ခဲ့ရတဲ့ ခံစားချက်တွေ ရှိကောင်းရှိခဲ့တယ်ဆိုတာမှန်ပေမယ့် အခုအချိန်မှာ ဘယ်လိုမှ ခံစားလို့မရတော့ဘူးဆိုပြီး Believer အဆိုကျော်က TMZ မှာ အမှန်အကန်ရင်ဖွင့်သွားတာပါ။ ဘီဘာရဲ့သူ့ချစ်သူဟောင်းနဲ့ပတ်သတ်လို့ ပြန်ပေါင်းထုပ်တော့မယ်ဆိုတဲ့ ကောလာဟာလတွေနဲ့ ပတ်သတ်ပြီး အဆုံးသတ်ပေးသွားတာပါ။ ဒါ့အပြင် သူက အခုဆိုရင် သူမထက်ပိုချစ်ရတဲ့အရာကို ပိုင်ဆိုင်ထားပြီးဖြစ်လို့ရယ်ဆိုပြီး အရွှန်းဖောက်သွားပါသေးတယ်။ အကြောင်းရင်းကတော့ဆွဲဆောင်မှုပိုလွန်းတဲ့ အပြာနုရောင် Ferrari ပဲလို့ ဆိုကြောင်းပါ။

**နိုင်မာ** Ref : Gossip Center





## ဝေဒနာဟောင်းအတွက်ဖြေဆေးဟာ မိသားစုပါ

လက်ရှိမှာ ပျော်ရွှင်စရာမိသားစုလေးကို ပိုင်ဆိုင်ထားပြီးဖြစ်လို့ သူမအတွက်တော့ ကံအကောင်းဆုံးပဲလို့ ရင်ဖွင့်လာသူကတော့ ဟောလိဝုဒ်ရဲ့ ရမ္မက်သွေးကြွယ်အလှတွေနဲ့ ကျော်ကြားတဲ့ မင်းသမီးချော ဟီလာရီ ဒပ်(ဖ်) ဖြစ်ပါတယ်။"တစ်ခါတစ်ရံမှာ စိတ်ဖိစီးမှုတွေများတဲ့အလုပ်တွေထဲကပြေးထွက်လာပြီး မိသားစုနဲ့ပဲ အမြဲတမ်းအချိန်ကုန်နေချင်တယ်"လို့ E!Online ကိုဆိုထားတာပါ။ ဒါ့ပြင် "အရင်က ကျွန်မအတွက်ရင်နာစရာအဖြစ်အပျက်တွေရှိခဲ့ပေမယ့် အခုအချိန်မှာတော့ ကျွန်မရဲ့မိသားစုဟာ အကောင်းဆုံး ဖြေဆေးတစ်ခုလို ပါပဲ" လို့ ထပ်လောင်းဆိုသွားပါ သေးတယ်။ ခင်ပွန်း Mike Comrie နဲ့သားငယ်လေး Luca ကို ပိုင်ဆိုင်ခွင့်ရထားတဲ့ Hilary Duff တို့ မိသားစုလေးဟာ ဟောလိဝုဒ်မှာတော့ Brad Pitt တို့ မိသားစုပြီးရင် စံပြအဖြစ်ဆုံး ပဲလို့ သတ်မှတ်ခံထားရပါတယ်။

**နိုင်မာ** Ref : E!Online

# လောကစံကို ရင်ဆိုင်နိုင်အောင် ပြင်ဆင်နေတဲ့ ဖွေးဖွေး

လက်ရှိမှာ လက်ပံရုပ်ရှင်ဇာတ်ကားကြီးမှာ အနီရဲရဲလေးတွေဆင်တဲ့၊ လူတွေကိုနာကျည်းနေတဲ့ လက်ပံဆိုတဲ့ကောင်မလေးနေရာက သရုပ်ဆောင်ခဲ့တဲ့ဖွေးဖွေးတစ်ယောက် ပရိသတ်တွေရဲ့အားပေးမှုတွေ ပိုမိုရရှိလို့နေပါတယ်။ 'အဲဒါဖွေးတစ်ယောက်တည်းကောင်းလို့မဟုတ်ပါဘူး။ ဖွေးရဲ့ ဆရာကိုဝိုင်းကောင်းလို့လည်းပါပါတယ်။ သူသာဖွေးကို လက်ပံအဖြစ်ပုံသွင်းတာလိုနေရင် ဖွေးလည်း လိုအပ်ချက်တွေ များမှာပဲလေ။ ခုကဖွေးသရုပ်ဆောင်မှုမှာ လိုအပ်ချက်တွေက နည်းသွားတာပေါ့နော်။ အဲဒီကားရိုက်တုန်းက ဖွေးက လုံးဝကို အသစ်တစ်ယောက်လေ။ ကိုဝိုင်းတော်လို့ပါပဲ။ လက်ပံမှာက ဖွေးက ကာရိုက်တာအရ တစ်ကားလုံးအနီတွေပဲဝတ်တယ်ပေါ့။ အခုရိုက်ထားတဲ့ **ဆီပါမောင်**မှာလည်း လက်ပံလိုအရောင်တစ်ခုတည်းကို သတ်သတ်မှတ်မှတ်ဝတ်ရတာမျိုး မဟုတ်ပေမယ့်လည်း ဖွေးက ဝတ်ခဲ့ပါတယ်။ အဲဒီကားကိုလည်း အားရတယ်'လို့ ဖွေးဖွေးက ပြောပြလာခဲ့ပါတယ်။ဆက်လက်ပြီး အောင်မြင်မှုတွေ အနုပညာလောကစံတွေတွေ့ရမှာပဲလေ။ အဲဒီလိုတွေ့လာရရင် ဘယ်လိုရှင်းထုတ်ပစ်တတ်ပါသလဲလို့ မေးကြည့်တဲ့အမေးကို ခဲ့ပါတယ်။

အဲဒီလို အသစ်တစ်ယောက်ကို ပုံသွင်းနိုင်ခဲ့တာ ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်တဲ့ **ကျွန်မတကနင်း** အဲဒီကားမှာ ပန်းရောင်နဲ့ခရမ်းရောင်ကို ပို ရလာတဲ့ဖွေးဖွေးကို ဖွေးဖွေးလည်း ဖွေးဖွေးက ယခုလို အဖြေပေးလာ

'ဒီလိုပဲလေ။ အနုပညာသမားတိုင်းအားလုံးနီးပါးက ဒီလိုပဲပြောကြတာပါပဲ။ အနုပညာအလုပ်လုပ်ရင် ဒဏ်ခံနိုင်အနိမ့်အမြင့်တွေက အမြဲရှိနေတာကိုး။ အောင်မြင်ပြီးရင် ကျရှုံးရမယ်။ ကျရှုံးပြီးရင် ပြန်အောင်မြင်လည်း အောင်ဒီလောကမှာမှ မဟုတ်ပါဘူး။ စီးပွားရေးလောကမှာလည်း ဒီလိုပဲလေ။ အဲဒီလိုသဘောတရားတွေ၊ လောကစံတွေက မှာမဆို ရှိပါတယ်။ အဲဒီတော့ လောကစံတွေကိုတော့ ခံနိုင်အောင်တော့ ကြိုးစားရပါတယ်။ ကိုယ်ကတော့ လောကစံကို မတွေ့ဘဲ အေးဆေးပဲဖြစ်ချင်တာပေါ့နော်။ ဒါပေမယ့်လည်း လူဖြစ်လာရင် ဒီဒုက္ခတွေလည်း ကြုံရမှာပဲလေ။ လောကစံဆိုတာက မျက်နှာမလိုက်ပါဘူး။ ချမ်းသာတဲ့သူ လည်းတွေ့တာပဲ။ ဆင်းရဲတဲ့ သူလည်း တွေ့တာပဲလေ။ ငွေကြေးတွေအရမ်း ပြည့်စုံချမ်းသာနေတဲ့ သူဌေးကြီးတွေလည်း သူ့လောကစံနဲ့သူခံရမှာပဲ။ အားလုံးက လောကစံခံရသူတွေချည်း ပါပဲ။ ဒီတော့ ရှောင်လို့မရတဲ့ လောက ခံနဲ့တွေ့လာခဲ့ရင် အမြဲရင်ဆိုင်နိုင် အောင်တော့ဘုရား၊ တရား လုပ်ပါတယ်။ ဒါမှလည်း လောကစံကို ဖွေးတို့က ရင်ဆိုင်နိုင်မှာလေ။ ဖွေးဆို လောကစံကို ဒီထက်ပို ရင်ဆိုင်နိုင်အောင်လည်း ပြင်ဆင်နေပါတယ်။'

အောင်ကြိုးစားရမယ်တို့ပေါ့။ မြင်နိုင်တာပဲလေ။ ဒါက ဘယ် လောက

**ZPPM**





## ပေါ့ပ်သတင်း တိုတွာ

# ရှစ်လေးလုံးနောက်ခံရုပ်ရှင်ရိုက်ရဲသူများကို လေးစားဟုဆို

သမ္မာကျမ်းစာလာ မိုးဇက်နှင့် ဂျူးလူမျိုးများသုခဘုံသို့ခိုဝင်သည့်အကြောင်းကို ရုပ်ရှင်အဖြစ် ရိုက်ကူးရာတွင် ကျွန်များအဖြစ် သရုပ်ဆောင်ရန် လူပေါင်း (၄၀၀၀) ခန့်ကို တစ်နေ့ယူရိုငွေ (၈၀) ဖြင့် ခေါ်ယူရွေးချယ်ကြောင်း၊ ထိုသို့ ခေါ်ယူရာတွင်လည်းအသားအရောင် ခန္ဓာကိုယ်ဖွဲ့စည်းပုံအထိ စိစစ်ရွေးချယ်သည်ဟုသိရကြောင်း၊ ဟောလိဝုဒ်ဇာတ်ကားများ၏ ဈေးကွက်သည်ကမ္ဘာအနှံ့ရှိသောကြောင့် ထိုသို့သုံး နိုင်ခြင်းဖြစ်ကြောင်း၊ မိမိတို့မြန်မာ ရုပ်ရှင်သည်ပြည်တွင်းဈေးကွက်၌ပင် အနိုင်နိုင်ဖြစ်နေရသောကြောင့် ရင်းနှီးငွေကျပ်သိန်း ၂၀၀၀၊ ၃၀၀၀ ခန့်ကိုပင် ကုမ္ပဏီတိုင်းမသုံးနိုင်ကြောင်း၊ ဤသို့သောအခြေအနေမျိုးတွင် တစ်တိုင်းတစ်ပြည်လုံးလမ်းပေါ်ထွက်၍ အာဏာရှင်စနစ်ကို တွန်းလှန်ခဲ့ကြသည့်ရှစ်လေးလုံးအရေးတော်ပုံကြီးကို နောက်ခံပြု၍ မရိုက်ဝံ့ပါကြောင်း၊ ရိုက်ရဲသူများကိုလေးစားပါကြောင်း ဟူ၍ အမည်မဖော်လိုသူဒါရိုက်တာတစ်ဦးက Hot News သို့ သုံးသပ်ပြောဆိုခဲ့၏။



## အက်တိုးပစ် အပျိုစင်စွံသွားခြင်း

စာရေးဆရာမယဉ်မင်းဦး (ဆေးတက္ကသိုလ်) ရေးသားသည့် 'အက်တိုးပစ်အပျိုစင်' အမည်ရ လုံးချင်းဝတ္ထုကို သရုပ်ဆောင် အကယ်ဒမီခန့်စည်သူက ဗီဒီယို ရိုက်ကူးရန် ဝယ်ယူခဲ့ကြောင်း သတင်းရရှိသည်။ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်၊ မင်းသမီး နန်းခင်ဇေယျာတို့နှင့် ရိုက်မည်ဟု၍လည်း သိရသည်။



## ဩဂုတ်လ ဝမ်းနည်းစရာများ

ယခုရက်ပိုင်းအတွင်း တေးရေး နေထွဏ်းဦး၊ ပန်းချီမြတ်ဝင်းထိန်၊ စာရေးဆရာသတင်းစာဆရာ မောင်ဝံသ၊ စာရေးဆရာမင်း၊ လူတေးသံရှင်မျိုးမြင့်လေးနှင့် ဆရာကြီးဒဂုန်တာရာတို့ ရက်ခြား ဆိုသလိုဆက်တိုက်ကွယ်လွန်ခဲ့ရာ မြန်မာ့အနုပညာလောကအတွက် ဆုံးရှုံးမှုများ ဖြစ်ခဲ့ရသည်။ ဆရာမင်းလူကွယ်လွန်သည့် ဩဂုတ် (၁၄) ရက်သည် တေးသံရှင်ထူးအိမ်သင်ကွယ်လွန်သည်နှင့်လည်း တိုက်ဆိုင်ခဲ့ရသဖြင့် ဩဂုတ်လသည် ပြောစမှတ်ဖြစ်နေရသည်။ စာရေးဆရာတာရာမင်းဝေသည်လည်း ဩဂုတ်လ (၅) ရက်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်၏။

## ဝမ်းနည်းကြေကွဲခြင်း

မှော်ဘီမြို့နယ်၊ တိုးချဲ့ ၄ ရပ်ကွက်၊ ခတ္တာလမ်းနေ စာရေးဆရာ ကိုဓ(ဥပဒေ)ခေါ် တက္ကသိုလ်စန်းလွင်သည် ၁၆. ၈. ၂၀၁၃ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း ။ စာရေးဆရာကိုဓ(ဥပဒေ)သည် မှူခင်းစုံမဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းနှင့် နီလေးမောင် မဂ္ဂဇင်းတို့တွင် ဥပဒေဆိုင်ရာ ဆောင်းပါးပေါင်းမျိုးစုံကို ရေးသားခဲ့သူဖြစ်သည်။

**အယ်ဒီတာအဖွဲ့.**

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug 2013

# သံဃာတော်တွေ ပြည်သူတွေပါဝင်လာကြရတဲ့ ဘားအံမြို့အာဇာနည်ကျောက်တိုင် မြို့မအားကစားကွင်းကြီးကိစ္စ

**ပွင့်ဆန်း၊မင်းသစ်ကျော်**

ကရင်ပြည်နယ်၊ ဘားအံမြို့ အာဇာနည် ကျောက်တိုင်မြို့မ အားကစားကွင်းကြီး အတွင်း ဟိုတယ်စီမံကိန်း တစ်ခုတည် ဆောက် လာခြင်းနှင့် ပတ်သက်ပြီး မြို့ပေါ်ရှိသံဃာတော်များနှင့်ပြည်သူများက သဘောမတူ လက်မခံနိုင်ကြသည့်အတွက် ဩဂုတ် ၁၅ ရက်၊ နေ့လယ် ၃နာရီမှ ညနေ ၅ နာရီအထိ ဘားအံမြို့၊ သရက်တောကျောင်း စာသင်တိုက်၌ စည်းဝေးပွဲတစ်ရပ်ကျင်းပပြုလုပ်ကြောင်း သတင်းရရှိသည်။

အဆိုပါ စည်းဝေးပွဲကို ဦးဆောင်သံဃာတော် (၄၃) ပါး နှင့် အရန်သံဃာတော်များ၊ မြို့ပေါ်ရှိ ရပ်ကွက် (၉) ခုမှ ပြည်သူများ တက်ရောက်ကြပြီး သမိုင်းဝင် အာဇာနည်ကျောက်တိုင်မြို့မအား ကစားကွင်းကြီးကို အများပြည်သူများပြန်လည်ရရှိရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ယင်းအစည်းအဝေးပွဲကြီးမှ သဘောတူ ဆုံးဖြတ်ချက် (၃) ခု ထွက်ပေါ်လာကြောင်းစည်းဝေးပွဲမှတ်တမ်း၌ ဖော်ပြထားသည်။

အဆိုပါသဘောတူညီချက် (၃) ရပ်မှာ

(၁) သမိုင်းဝင် မြို့မအားကစားကွင်းအတွင်း အဆောက်အအုံပြုလုပ်နေမှုကို ရပ်တန့်ပေးရန်။

(၂) သမိုင်းဝင် မြို့မအားကစားကွင်းအတွင်း အဆောက်အအုံဆောက်လုပ်နေမှုကို အပြီးတိုင်ရုပ်သိမ်း၍ အများပြည်သူဆန္ဒအတိုင်းပြည်သူပိုင်အားကစားကွင်းအဖြစ် ပြန်လည်သတ်မှတ်ပေးရန်။

(၃) သမိုင်းဝင် မြို့မအားကစားကွင်းကို ပြည်သူပိုင်အားကစားကွင်းအဖြစ် ပြန်လည်ရရှိရေးအတွက် ဆရာတော်၊ သံဃာတော်များ၏ ဩဝါဒခံယူကာ ဒကာ၊ဒါယိကာမများက လုပ်ငန်းကော်မတီဖွဲ့၍ လုပ်ငန်းစဉ် အရပ်ရပ်ကို ဆက်လက်ဆောင်ရွက်ရန် ဟု ဖော်ပြပါရှိသည်။

မြို့မ အားကစားကွင်းကြီးကိစ္စ စောင့်ကြည့်လေ့လာသူ ဦးဇော်ရဲထက်က အစည်းအဝေး၌ ပြောကြားရာတွင် "ယခု ကျွန်တော်တို့ ပြောဆိုညှိနှိုင်းကြမယ့် အားကစားကွင်းကြီးဟာ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောခဲ့တဲ့ သမိုင်းဝင်ကွင်း၊ ဒါကြောင့် ဒီကွင်းကြီးက သမိုင်းဝင်ကွင်းလည်းဖြစ်၊ အများပြည်သူတွေနဲ့ သက်ဆိုင်တဲ့ ကွင်းလည်းဖြစ်တယ်။ အများပြည်သူတွေကလည်း ပြန်လိုချင်တယ်။ ဒါကို ပြန်လုပ်ပေးနိုင်တာက နိုင်ငံတော်အစိုးရနဲ့ ပြည်နယ် အစိုးရပဲ"

"၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်နေ့ကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကရင်ပြည်နယ် လူထုနဲ့တွေ့ဆုံပွဲမှာ မြို့မဘောလုံးကွင်းကိစ္စနှင့် ပတ်သက်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်ကို "ဒီမြို့မ ဘောလုံးကွင်း ကိစ္စဟာ အများပြည်သူ ကိစ္စဖြစ်တယ်။ ဒါကြောင့် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူရမယ်။ ယခု လက်ရှိ ဘာမှဆက်မလုပ်ဖို့ ရပ်ဆိုင်းထားဖို့ လိုကြောင်း အများပြည်သူရှေ့မှောက်မှာ လမ်းညွှန်မှာကြားစဉ်က 'ဟုတ်ကဲ့ပါ' လို့ ခေါင်းညိတ်ခဲ့ပေမဲ့လိုက်နာဆောင်ရွက်ပေးခြင်းမရှိခဲ့ပါဘူး"ဟု တင်ပြသွားသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့ အာဇာနည် ကျောက်တိုင်မြို့မ အားကစားကွင်းကြီးကို ၂၀၀၀ ခုနှစ်ပိုင်းကဒီကေဘီအေမိသားစုများ၊ ဒီကေဘီအေကျဆုံးသူတို့၏ မိသားစုများ ရှေ့ရေး၊ စားဝတ်နေရေးအတွက် ကူညီပံ့ပိုးနိုင်ရန် ကုမ္ပဏီတစ်ခုသို့လည်းကောင်း ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာ (၂၄) ရက်နေ့မှ ၂၀၉၀ ခုနှစ် နိုဝင်ဘာလ (၂၃) ရက်နေ့အထိ နှစ် ၉၀ မြေငှားဂရန်ကို ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးထားခဲ့ကြောင်း သိရသည်။

အများပြည်သူနှင့်သက်ဆိုင်သော အာဇာနည်ကျောက်တိုင်မြို့မအားကစားကွင်းကြီးမှာဦးပိုင်အမှတ် (၇) ဧရိယာ (၃. ၁၂၅) ဧကရှိပြီး (၂. ၅၅၆) ဧကမြေငှားဂရန်စာချုပ်ကို စည်းကမ်းချက်အပိုဒ်များနှင့် ပူးတွဲကာ ခရိုင်ရုံးက ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ စာရွက်စာတမ်းများ၌ ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံ လွှတ်လပ်ရေးအတွက် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရန်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ဗိုလ်ချုပ်အောင်ဆန်း နယ်လှည့်ခရီးစဉ်အတွင်း လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်းကပွဲလီမှအပြန် ဘားအံမြို့၊ မြို့မအားကစားကွင်းကြီး၌ မိန့်ခွန်းပြောကြားခဲ့သည့်အတွက် အာဇာနည်ကျောက်တိုင်အမှတ်တရစိုက်ထူကာအာဇာနည်ကျောက်တိုင်မြို့မအားကစားကွင်းကြီးဟု သတ်မှတ်ခေါ်ဝေါ်ကြကြောင်း ဒေသခံများကပြောကြားသည်။

"ဒီဘောလုံးကွင်းကြီးကို တပည့်တော်တို့မူလတန်းကျောင်းသားဘဝ မြေကြီးတွေထမ်းသယ်ပြီး ဖို့ခဲ့ရတာပါ။ ရိုလာတုံးကြီးကို ထမ်းပိုးတပ်ပြီး လှိမ့်ခဲ့ထမ်းခဲ့ကြရတာပါဘုရား။ တပည့်တော်တို့ကျောင်းသားတွေရဲ့ ချွေးတွေနဲ့ ရင်းပြီး ဒီအားကစားကွင်းကြီးကို ဆောင်ရွက်ခဲ့တာပါ။ ယခုချိန်မှာ စီးပွားရေးလုပ်ငန်းရှင်တွေလက်ထဲရောက်နေတာမြင်ရတော့ လှိုက်လှိုက်လှဲလှဲစိတ်မကောင်းခံစားရပါတယ်" ဟု သချာဆရာကြီး ဦးယုနွယ်ကလည်း လျှောက်ထားတင်ပြသွားသည်။

အဆိုပါမြို့မအားကစားကွင်းကြီးကို လုပ်ငန်းရှင်ကုမ္ပဏီ ၃ခု လက်ထဲသို့ ရောင်းကုန်ပစ္စည်းတစ်ခုသဖွယ် အဆင့်ဆင့်အမြတ်တင်ရောင်းချခဲ့မှုနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်က လွှတ်တော်သို့ တင်ပြခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့လွှတ်တော်ပြင်ပ၌ တင်ပြခြင်းများပြုလုပ်ပေးခဲ့သည်ဟုဆိုသည်။

ယင်းတင်ပြချက်များကြောင့် ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ထံ ပေးပို့ခဲ့သည့် စာအမှတ်၊ပထရ/၂-၃ (၂၂၅၂)/ ထောက် ၂ ရက်စွဲ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ( ) ရက်၊ နေ့စွဲပါစာ၏ နောက်ဆုံး(၂)ပိုဒ်၌ "ဖြစ်စဉ်ပါမြေကွက်သည် မူလဂရန်ထုတ်ပေးစဉ်က ရည်ရွယ်ချက်များဖြစ်သော ဒီကေဘီအေမိသားစုများ၏ ရေရှည်စားဝတ်နေရေးအဆင်ပြေစေရန် အတွက်သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရသူများနှင့် ကျဆုံးသူများ၏မိသားစုများကို ကူညီပံ့ပိုးပေးနိုင်ရန်လည်းကောင်း၊ မြေပေါ်တွင် ခေတ်မီ (၃)ထပ်ကုန်တိုက်နှင့် ဟိုတယ် ဆောက်လုပ်ခြင်းမရှိဘဲအဆင့်ဆင့်လွှဲပြောင်းရောင်းချခဲ့ခြင်းသည်။ တည်ဆဲ မြေယာဥပဒေ၊ နည်းဥပဒေ၊စည်းကမ်းများနှင့် ကိုက်ညီမှုမရှိဘဲဖောက်ဖျက်ကျူး လွန်မှုရှိသဖြင့် ၁၈၉၈ခုနှစ်၊အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေး ရွာမြေများနည်းဥပဒေပုဒ်မ ၄၉ (က)အရ မူလဂရန် ထုတ်ပေးခဲ့သော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် ပြန်လည်သိမ်းယူနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မူလဂရန်ချထားပေးစဉ်က ရည်ရွယ်ချက်အတိုင်း လိုက်နာဆောင်ရွက်စေရန်နှင့် ဆောင်ရွက်မှုမရှိပါက တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်သော မြင့်ဇေးကြွယ်လင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစောကျော်သန်းသို့ ထုတ်ပေးထားသည့် နှစ် (၉၀) မြေငှားဂရန်ပါ ဘားအံမြို့၊ အမှတ် (၃) ရပ်ကွက်၊ ဦးပိုင်အမှတ် (၇)ရှိ မြေဧရိယာ (၂. ၅၅၆) ဧကကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ (၂၄) ရက်မှ ၂၀၉၀ ခုနှစ် နိုဝင်ဘာ (၂၃) ရက်နေ့အထိ နှစ် (၉၀) မြေငှားရမ်းထုတ်ပေးထားခြင်းကို ပယ်ဖျက်၍ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ်ပြန်လည်သိမ်းယူပြီး ပြည်သူလူထု၏ အကျိုးစီးပွားအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ညှိနှိုင်းအကြောင်းကြားပါသည်" ဟု ဖော်ပြထားသည်။

၁၆. ၈. ၂၀၁၃ ရက်၊ နံနက် ၁၁ နာရီခွဲမှ နေ့လယ် ၁ နာရီခွဲ အထိ ဘားအံမြို့ သရက်တောကျောင်းစာသင်တိုက်၌ မြို့မအားကစားကွင်း ပြန်လည်ရရှိရေး ဒုတိယ အစည်းအဝေးပြုလုပ်ကြပြီး ကော်မတီတစ်ရပ်ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

# လယ်ယာစိုက်ပျိုးရန်ပြင်ဆင်နေသူကို DKBA တပ်သားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခြင်းဖြစ်ပွား

မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ် ကလိုင်းကနိုင်ရပ်ကွက်မှတောင်သူတစ်ဦးကို DKBA တပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ရက် နေ့မနက်၈း၃၀အချိန်တွင်ကလိုင်းကနိုင်အုပ်စုပိုင် ကတုံကြပ်ကွင်း အမှတ် ၅၈၀ ဦးပိုင်အမှတ် N1 ဦးသန်းမြင့်ပိုင် လယ် (၁)ဧက ပျိုးထောင်ကွက်၌ ဦးမောင်စိုး၊ ဦးဆန်းဦး၊ ဦးအာစိုးဇိုလာတို့ ပျိုးထောင်ရန် ပြင်ဆင်နေစဉ် DKBA တပ်မှ ဗိုလ်ကြီးဝင်းဇော်လွင်ဦးဦးစီးသောအဖွဲ့မှ တပ်သားမျိုးလင်းနှင့် ဝင်းကျော်တို့ရောက်ရှိလာပြီး DKBA ရုံးသို့ လာရောက်ရန် ပြောခဲ့သဖြင့် DKBA တပ်ဖွဲ့မှ တပ်သား မျိုးလင်းက ချက်ချင်း မလိုက်ကောင်းလားပြောဆိုပြီး ဦးမောင်စိုးကို လက်သီးဖြင့် ထိုးကြိတ်သောကြောင့် သူငယ်ချင်းဖြစ်သူ ဦးအာစိုးဇိုလာကရှေ့မှကာ ပြီးမထိုးပါနဲ့ဟု ပြောဆိုတောင်းပန်ရာ ဝင်းကျော်ကိုင်ဆောင်ထား သည့်သေနတ်ကို မျိုးလင်းကလုယူပြီးဦးကုလားလေးကိုသေနတ်ဖြင့်ပစ်၍ဦးမောင်စိုးကို DKBA စခန်းရှိရာ ကရင်တောအပေါ်ရွာသို့ ခေါ်ဆောင်သွားခဲ့ပြီး တစ်နာရီခန့် အကြာတွင် ပြန်လွှတ်ပေးခဲ့သည်ဟု ဦးမောင်စိုးက ပြောသည်။

အဆိုပါ ပစ်ခတ်မှုကြောင့် ဦးကုလားလေးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး မော်လမြိုင်ဆေးရုံကြီးမှ တစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အရေးပေါ် လူနာအဖြစ် ဆေးကုသမှုခံယူနေရကြောင်း ဦးမောင်စိုး၏ ပြောကြားချက် အရသိရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဦးမောင်စိုးက"ကျွန်တော်တို့ကိုဘာအကြောင်းပြ ချက်မှမရှိဘဲစခန်းကို လိုက်ခဲ့ဖို့ ပြောတယ်။ ကျွန်တော်တို့လည်း သူတို့ကို ကြောက်လို့ ထယ်ထိုးစက်ပြင်ပြီး ရင်လိုက်ခဲ့မယ်လို့ ပြောလိုက်တာကို ဒေါသထွက်ပြီး ကျွန်တော်ကို ထိုးပါတယ်။ ဦးကုလားလေးက မထိုးပါနဲ့လို့ ပြောဆိုတောင်းပန်ခဲ့တယ် အဲဒီမှာမျိုးလင်းက သေနတ်ကိုဆွဲယူပြီး ဦးကုလားလေးကို ပစ်လိုက်တယ်။ကျွန်တော့်ကိုလည်း နွားဆွဲသလို ဆွဲခေါ်ပြီး မျိုးလင်းကသူတို့စခန်း ထိပ်တုံးမှာ ခတ်ထားတယ်။ သော့ကတော့ သူ့မှာပဲ။ အပြင်သွားပြီး ဖုန်းဆက်မယ်လို့ ပြောပြီး ပြန်မလာတော့ဘူး။ ဦးအောင်နိုင် (DKBA)ကဖွင့်ပေးပြီးတော့ပြန်လို့ရပြီပြောလို့ ပြန်လာခဲ့ပါတယ်။ လယ်လည်း သွားမလုပ်ရဲတော့ပါဘူး" ဟုပြောကြားခဲ့သည်။ သေနတ် ပစ်ခတ်မှုနှင့် ပတ်သက်ပြီးကျိုက်မရော ရဲစခန်း၌ ပ/၆၇ ၂၀၁၃/ပြစ်မှု ၃၀၇ ဖြင့် ဦးမောင်စိုးက တရားလိုပြု လုပ်အမှုဖွင့်ထားကြောင်း သိရှိရသည်။



**လင်းထွန်း(ကျိုက်မရော)**

## ကျေးဇူးဆပ်ပါမည်





(ဦးဇော်ထွန်းဝင်း) နှင့် မော်နီကားဒေါ်အားမိုင် တို့၏သား ဩဂုတ် စတင်း(ခ)မောင်ကြယ်စင်ဟိန်း (ခ) အောင်အောင် (၄ တန်း(D)၊ အ. ထ. က (၃)) (အင်္ကျီအပြာရောင်၊ ဘောင်းဘီ အစင်းဝတ်ဆင်ထားသည်) ၁၂. ၈. ၂၀၁၃ ရက်၊ ညနေ (၄း၀၀) ခန့်တွင် မြို့မဈေး(၂)ဝန်းကျင်၌ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်**

မာဂရက်ဒေါ်မလန်ထု (အဘွား) ၀၉- ၄၇၀၀၈၅၂၆
မော်နီကားဒေါ်အားမိုင် (မိခင်) ၀၉- ၄၇၀၀၈၅၂၇
ဦးနော်တောင် ၀၉- ၄၇၀၁၂၅၁၆
ဦးနူးအောင် ၀၉- ၄၃၀၂၂၁၄၈
ရွှေဝတ်မှုန်ဆေးဆိုင် ၀၉- ၄၀၀၀၀၆၀၁၈
အိမ်အမှတ်(၁၀၀၅)၊ လမ်းသွယ် (၂၂) ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့သို့ ဆက်သွယ်အကြောင်းကြားပေးစေလိုပါကြောင်း။

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug, 2013



# အီဂျစ်ပဋိပက္ခတွင်သေဆုံးသူ၆၀၀ခန့်ရှိ ဗြိတိန်သတင်းထောက်ကျည်သင့်


အီဂျစ်ပဋိပက္ခမြင်ကွင်းတစ်ခု

ယခုနှစ်မေလနှင့်ဇွန်လများအတွင်းသမ္မတမော်စီအားကန့်ကွက်ဆန္ဒပြသူများကိုသမ္မတမော်စီကအင်အားသုံးဖြိုခွဲခဲ့သဖြင့်အီဂျစ်တွင်ပဋိပက္ခများအရှိန်မြင့်လာမှုကြောင့်အီဂျစ်တပ် မတော်ကမော်စီကိုဖယ်ရှားကာကြားဖြတ်အစိုးရတစ်ရပ်ကိုဖွဲ့စည်းပြီးဥပဒေနှင့်အညီရွေးကောက်ပွဲပြုလုပ်ရန်ကြေညာထားသည်။

သို့သော်မော်စီကိုထောက်ခံသောမူဆလင်အဖွဲ့ကကြားဖြတ်အစိုးရကိုကန့်ကွက်ဆန္ဒပြမှုများနိစ္စဓူဝပြုလုပ်ခဲ့ကြသည်ကိုတွေ့ရပြီးလက်ရှိအာဏာရအစိုးရအနေဖြင့်လည်းဆန္ဒပြမူဆလင်အဖွဲ့ကိုလိုအပ်သလောက်အင်အားသုံးကာဖြိုခွဲမှုများပြုလုပ်ခဲ့သဖြင့်ထိခိုက်သေဆုံးမှုများရှိခဲ့သည်။

သို့သော်အခြေအနေများမှာပိုမိုဆိုးရွားလာပြီးမော်စီထောက်ခံသူမူဆလင်များသည်ကိုင်ရိုမြို့တွင်သပိတ်စခန်းများဖွင့်ကာ ဩဂုတ်လ၁၄ရက်နေ့က ၄၅ရက်မြောက်အဖြစ်ဆန္ဒပြမှုများပြုလုပ်ခဲ့ကြသည်။မော်စီကိုထောက်ခံသည့်ဆန္ဒပြမူဆလင်များသည်သာမန်ဆန္ဒပြမှုများမှသည်အကြမ်းဖက်တိုက်ခိုက်မှုလုံခြုံရေးတပ်ဖွဲ့ဝင်များအားအန္တရာယ်ပြုမှုများကိုပါပြုလုပ်လာသဖြင့် အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များကသပိတ်စခန်းများကိုစီးနင်းဝင်ရောက်ပြီးအင်အားသုံးဖြိုခွဲခဲ့မှုကြောင့်လုံခြုံရေးတပ်ဖွဲ့ဝင် ၄၃ဦးကျဆုံးခဲ့ရပြီးဆန္ဒပြသမားလူ ၂၀၀ခန့်သေဆုံးခဲ့ရသည်ဟုဆိုသည်။ မူဆလင်ညီအစ်ကိုများသတင်းဝက်ဆိုက်များကိုကိုးကားပြီးဩဂုတ်လ ၁၄ရက် ၁၅ရက်နေ့အီဂျစ်ပဋိပက္ခတွင် သေဆုံးသူ ၆၀၀နီးပါးရှိပြီး၊ လူ၂၀၀၀ခန့်ထိခိုက်ဒဏ်ရာရသည်ဟုဆိုသည်။ ကိုင်ရိုမြို့တွင်လည်းမနက် ၆နာရီ မှည ၁၁နာရီထိ ညမထွက်ရအမိန့်ထုတ်ထားသည်။သမ္မတအိုဘားမားကအီဂျစ် အစိုးရအားပြစ်တင်ရှုတ်ချကြောင်း နှင့်ဆန္ဒပြသမားများကိုထိန်းထိန်း သိမ်းသိမ်းကိုင်တွယ်ဖြေရှင်းရန်ဖော်ပြထားသည်။ အီဂျစ်အရေးကိုယနေ့ ဩဂုတ်လ ၁၅ရက်ကမ္ဘာ့ကုလသမ္မတလုံခြုံရေးကောင်စီ၌တံခါးပိတ်ဆွေးနွေးမည်ဟုဆိုသည်။အီဂျစ်သတင်းကိုစွန့်စွန့်စားစားသတင်းဓာတ်ပုံရယူနေသည့် စကိုင်းနယူးစ်(SkyNews) သတင်းဌာနမှဗြိတိန်နိုင်ငံသားဓာတ်ပုံသတင်းထောက်မစ်ဒိန်း(Mick Deane) မှာမတော်တဆကျည်သင့်ကာသေဆုံးခဲ့ကြောင်း သိရသည်။


သေဆုံး SkyNews သတင်းထောက်

**ကျော်စိန်** Ref: Reuters



# အိန္ဒိယလေယာဉ်တင်သင်္ဘော ဆောက်နိုင်ပြီ

အိန္ဒိယနိုင်ငံသည် ၎င်း၏ပထမဆုံးသော ပြည်တွင်းဖြစ် လေယာဉ်တင်သင်္ဘောတစ်စီးကို ဩဂုတ်လ ၁၂ ရက်က အောင်မြင်စွာ ရေချနိုင်ပြီဖြစ်သည်။ အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီးအေကေ-အန်ထော်နီက အိန္ဒိယသည်ခေတ်မီပြီးအင်အားကောင်းသည့် ရေတပ်တစ်ခုကို တည်ဆောက်ရန်အချိန်အခါကတောင်းဆိုနေပြီဖြစ်သဖြင့် ယခုကဲ့သို့ ရေတပ်အင်အားကို ဖြည့်တင်းရန် လေယာဉ်တင်သင်္ဘောကြီးကို ကိုယ့်အင်ကိုယ့်အားဖြင့်တည် ဆောက်ရခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

၎င်းလေယာဉ်တင်သင်္ဘောကို တည်ဆောက်ရန်အတွက် အမေရိကန်၊ ရုရှား၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံများမှ ပညာရှင်များ၏ နည်းပညာရပ်များကိုလည်းအိန္ဒိယရေတပ်အရာရှိများက ဆည်းပူးခဲ့ ရသည်ဟု ဆိုသည်။ သင်္ဘောအမည်ကို'ဗီခရန့်' (VIKRANT) ဟု မှည့်ခေါ်ထားသည်။ တန်ချိန် ၃၇၀၀၀ ရှိပြီး မစ်-၂၉ (MiG 29) စစ်လေယာဉ်အစီး ၃၀ထိတင်ဆောင် နိုင်သည်။ ပြေးလမ်းအရှည်ပေ ၈၅၀ရှိပြီးလေယာဉ်ဆင်းကွင်းပါရှိသည်။ ထို့အပြင် အိန္ဒိယသည် နျူကလီးယားရေငုပ်သင်္ဘောကိုလည်း ပြည်တွင်း၌တည်ဆောက်လျက်ရှိကြောင်းသတင်းရရှိသည်။ **မောင်ကျော်** Ref : AP

# ပါကစ္စတန်-အိန္ဒိယနယ်စပ်တွင်ပစ်ခတ်



တောင်အာရှနျူကလီးယားပြိုင်ဘက် အင်အားကြီး ၂နိုင်ငံဖြစ်သည့် အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား နယ်စပ်ပစ်ခတ်မှုများအသစ်တစ်ဖန်ပေါ်ပေါက်လျက်ရှိသည်။ ဩဂုတ်လ ၁၃ ရက်နေ့က ပါကစ္စတန်စစ်သည်များသည် အငြင်းပွားနေသည့် ဟိမဝန္တာဒေသနယ်စပ်မျဉ်းတစ်လျှောက် အိန္ဒိယစစ်သည်များ ထိန်းချုပ်ထားသည့် နယ်မြေဘက်သို့ ပါကစ္စတန်ဘက်မှ စက်လက်နက်နှင့်ဗုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့သည်ဟု အိန္ဒိယစစ်တပ်က စွပ်စွဲပြီး နှစ်နိုင်ငံစစ်သည်များအကြား အပြန်အလှန် ပစ်ခတ်မှုများ ညလုံးပေါက်နီးပါးဖြစ်ခဲ့သည်ဟု သိရ သည်။

ယခင်သီတင်းပတ်အတွင်းကလည်း နယ်စပ်မျဉ်းတစ်လျှောက် ကင်းလှည့်နေသည့် အိန္ဒိယစစ်သည်များကို ပါကစ္စတန်စစ်သည်များက ချုံခိုတိုက်ခိုက်မှုတစ်ရပ်ကြောင့် အိန္ဒိယစစ်သည် ၅ဦး ကျဆုံးခဲ့သည်ဟု အိန္ဒိယစစ်ဘက်က ပြောသည်။

ပါကစ္စတန်တို့ကလည်း အိန္ဒိယကပစ်ခတ်မှုကြောင့် ပါကစ္စတန်အရပ်သားတစ်ဦးသေဆုံးခဲ့သည်ဆိုကာ အစ္စလမ္မာဘတ်ရှိ အိန္ဒိယသံအမတ်ကို ဆင့်ခေါ်ပြီး သတိပေးထားသည်ဟုဆိုသဖြင့် နှစ်နိုင်ငံဆက်ဆံရေးတင်းမာမှုဇာတ်ရှိန်မြင့်နေကြောင်း သိရသည်။

အခုအငြင်းပွားနေသည့် နယ်စပ်မျဉ်းတစ်လျှောက် အပစ်အခတ်ရပ်စဲရေးကို ၂၀၁၃ ခုနှစ်ကပင် နှစ်နိုင်ငံ သဘောတူခဲ့ကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် သူကျူးကျော်တယ်။ သူတို့စပစ်တယ်စသည်ဖြင့် အပြန်အလှန်စွပ်စွဲမှုများဖြင့် နှစ်နိုင်ငံအကြား အပစ်အခတ်ရပ်စဲရေးမှာ ယနေ့တိုင် အဆုံးမသတ်နိုင်သေးဘဲ ရှိနေသည်။ **ကျော်စိန်** Ref : Nation



# အီဂျစ်ကို ထိုင်းနိုင်ငံက ပြစ်တင်ရှုတ်ချ

ထိုင်းနိုင်ငံသည် အီဂျစ်နိုင်ငံတွင် လတ်တလောဖြစ်နေသည့် ဆန္ဒပြမှုများကို အီဂျစ်နိုင်ငံကလို အပ်သည်ထက်ပို၍ အင်အားသုံးဖြိုခွဲနေခြင်းနှင့် ပတ်သတ်၍ ပြင်းထန်စွာပြစ်တင်ရှုတ်ချသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်ကို ဩဂုတ်လ ၁၇ ရက်၊ ဗန်ကောက်ပို့စ်သတင်းစာ၌ ဖော်ပြထားသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာပေါင်က အီဂျစ်နိုင်ငံရှိ နိုင်ငံ ရေးပါတီများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုများချုပ် ငြိမ်းရေးကို ကြိုးပမ်းလုပ်ဆောင် ကြပါဟု တောင်းဆိုထားသည်ကိုလည်းတွေ့ရသည်။ ဆက်ပြီးသူက ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန သည်အီဂျစ်ရောက်ထိုင်းနိုင်ငံသားများနှင့် ပတ်သက်၍ အချိန်ပြည့်လေ့လာစောင့်ကြည့်လျက်ရှိကြောင်းနှင့် အီဂျစ်အရေးအခင်းတွင်ဘေး မသီရန်မခြံစေရေးလိုအပ်သည့် ပြင်ဆင်မှုများကို အဆောတလျင် ဆောင်ရွက်နေသည်ဟုပြောသည်။ အီဂျစ်တွင် ထိုင်းနိုင်ငံသား ၂၀၀၀ ခန့်ရှိကြောင်း၊ ၁၈၂၀ မှာကျောင်း သားများဖြစ်ပြီးကျန် ၂၀၀ မှာ လုပ်သားများဖြစ်သည်ဟုဆိုသည်။ အီဂျစ်ရှိ ထိုင်းသံရုံးကိုလည်း ထိုင်းလုပ်သားများအတွက်လိုအပ်သည့် ဆေးဝါးနှင့်အဝတ်အထည်များပံ့ပိုးရန်လည်းညွှန်ကြားထားသည်။ ထိုင်းလေတပ်က ထိုင်းနိုင်ငံသားများကယ်ဆယ်ရေးလိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

ဝန်ကြီးချုပ် ရင်လပ်က အီဂျစ်ရောက်ထိုင်းနိုင်ငံသားများ ကယ်ဆယ်ရေး စီမံဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားထားကြောင်းနှင့် ထိုင်းလေတပ်က စီ-၁၃၀ ခရီးသည်တင် ပို့ဆောင်ရေးလေယာဉ်ကြီးတစ်စီး အသင့်ပြင်ထားရန် ညွှန်ကြားထားသည်ဟု ဆိုသည်။ **ကျော်စိန် ကိုးကား - ဗန်ကောက်ပို့စ်**




# ဂျက်တိုက်လေယာဉ်

ဒေါ်လာသန်း ၇၄၀၀ ကျော်ဖိုး

ကျော်ဇိန်

# ဝယ်ယူမည့်တောင်ကိုရီးယား

ဩဂုတ် လ ၁၅ရက်နေ့သည်တောင်ကိုရီးယားတပ်မတော်ထူထောင်သည့် ၆၅ နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်သည်။ တောင်ကိုရီးယားသည်အရှေ့မြောက်အာရှဒေသ၏စီးပွားရေးအင်အားကြီးနိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာအာရှနှင့်ပစိဖိတ်ဒေသတွင်အမေရိကန်ပြည်ထောင်စုဖို့မဟာဗျူဟာအရအချက်အခြာနေရာတစ်ခုလည်းဖြစ်သည်။ စီးပွားရေးအင်အားတောင့်တင်းလာသည့်နည်းတူစစ်အင်အားကိုလည်းတိုးမြှင့်ဆောင်ရွက်လျက်ရှိပြီးကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့်ခေတ်မီတပ်မတော်တစ်ရပ်ကို ၂၀၁၅ နှစ်ကုန်တွင်အပြီးတည်ဆောက်နိုင်ရန်စစ်ရေးရည်မှန်းချက်များထားရှိကာပြင်ဆင်လျက်ရှိသည်။

လက်ရှိတောင်ကိုရီးယား၏တန်းပြည့်စစ်မှုထမ်းအင်အားမှာ ၆၄၀,၀၀၀ ရှိပြီး၊အရန်အင်အား ၃ သန်းနီးပါးရှိသဖြင့်ကမ္ဘာတွင်အမြဲတမ်းတပ်ဖွဲ့ဝင်(Standing Army)အင်အားအကောင်းဆုံးတပ်မတော်များအနက်အဆင့်(၇)တွင်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှာနိုင်ငံတော်သမ္မတမစ္စပါက်ဂျန်ဟေးဖြစ်ပြီး၊ကာကွယ်ရေးဝန်ကြီးမှာမစ္စတာကင်ကွမ်ဂျင်ဖြစ်သည်။ ကြည်း၊ရေ၊လေညှိနှိုင်းကွပ်ကဲရေးမှူး (Joint Chiefs of Staff)မှာဗိုလ်ချုပ်ကြီး ကျောင်ဆန်ချို (Gen.Jeong Seung-Jo)ဖြစ်သည်။စစ်အသုံးစရိတ်ကိုလည်းနှစ်စဉ်တိုးမြှင့်သုံးစွဲလျက်ရှိပြီး ၂၀၁၂ ကာကွယ်ရေးအသုံးစရိတ်မှာ ၃၁ဘီလီယံရှိသဖြင့်အမျိုးသားဝင်ငွေစုစုပေါင်းဝမ် ၂. ၅% ရှိကြောင်းသိရသည်။

ယခုဩဂုတ်လ ၁၅ရက်နေ့ကကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူစစ်လက်နက်ပစ္စည်းဝယ်ယူဖြည့်တင်းရေးအရာရှိချုပ်က တောင်ကိုရီးယားလေတပ်တွင်လက်ရှိအသုံးပြုနေပြီး ၂၀၁၅ ခုနှစ်တွင်သက်တမ်းကုန်သည်ဖြစ်သော F.4,F.5 ဂျက်တိုက်လေယာဉ်များတွင် အစားထိုးရန်အတွက်ပဥ္စမမျိုးဆက်သစ်ခေတ်ရှေ့ပြေးဂျက်တိုက်လေယာဉ်များဖြစ်သည့်အမေရိကန်ပြည်ထောင်စုလော့ခ်ဟိမာတင်ကုမ္ပဏီထုတ်အက်ဖ်-၃၅ (F-35)၊ ဘိုးအင်းကုမ္ပဏီထုတ်အက်ဖ်-၁၅ (F-15) နောက်ဆုံးပေါ်ဂျက်တိုက်လေယာဉ်များနှင့်ဥရောပအီးအေဒီအက်စ်ကုမ္ပဏီကထုတ်လုပ်သည့်ယူရိုတိုက်ဖွန်းဘက်စုံသုံး)ဂျက်တိုက်လေယာဉ် (Euro Fighter Typhoon,Multiple Fighter) များအပါအဝင်အစီး ၆၀ အတွက်အမေရိကန်ဒေါ်လာသန်း ၇၄၀၀ ဖိုးဝယ်ယူဖြည့်တင်းရန်အဆိုပြုထားကြောင်းပြောကြားသည်။ သက်ဆိုင်ရာကုမ္ပဏီများကဈေးနှုန်းကမ်းလှမ်းချက်ကိုသဘောတူပါကတောင်ကိုရီးယားစစ်တက်အနေဖြင့်အကြီးမားဆုံးသောစစ်လက်နက်ပစ္စည်းတင်သွင်းမှုတစ်ရပ်ဖြစ်လေမည်။ယူရိုဖိုက်တာတစ်စီး၏တန်ဖိုးမှာပေါင်သန်း ၆၀ရှိပြီး၊ဝေဟင်မှဝေဟင်၊မြေပြင်၊ရေပြင်ပစ်ဒုံးကျည်များတပ်ဆင်ထားကာအမြင့်ပေ ၅၅၀၀၀အတွင်းတစ်နာရီ မိုင် ၁၅၅၀(အသံထက် ၂. ၃ဆ)ဖြင့်မိုင် ၁၆၀၀ခရီးကိုမရပ်မနားတိုက်ပွဲဝင်နိုင်ပြီး၊အနီအောက်ရောင်ခြည်သုံးပစ်မှတ်ရှာကိရိယာများနှင့်ရန်သူ့ရေဒါဖျက်ဒုံးကျည်စနစ်များတပ်ဆင်ထားသည်။ Ref: Reuters

# တပ်မတော်ကိုယုံကြည်လေးစားတဲ့

# ဝန်ကြီးချုပ် ယင်လပ်ခ်



ဩဂုတ်လ ၁၇ ရက်နေ့က ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စယင်လပ်ခ်သည်ထိုင်းတပ်မတော် (ကြည်း)နှင့် ထိုင်းတပ်မတော် (လေ) ကွပ်ကဲမှုဌာနချုပ်များသို့သွားရောက်လေ့လာခဲ့သည်။

ဝန်ကြီးချုပ်ယင်လပ်ခ်သည် ထိုင်းကြည်းတပ်ကွပ်ကဲမှုဌာနချုပ်သို့ရောက်ရှိစဉ်သူ့ကို ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးပရာယုသ်ချန်အိုချာနှင့် တပ်မတော် (ကြည်း)မှ အဆင့်မြင့်အရာရှိကြီးများနှင့် စစ်သည်တော်များက ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။ သူသည်စစ်သည်များတပ်အသင့်နေရာယူခြင်း၊ ခေတ်မီစစ်လက်နက်ပစ္စည်းများ ကိုင်တွယ်ထိန်းသိမ်းမှုလက်တွေ့သရုပ်ပြမှုနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးဆိုင်ရာစစ်ရေးလေ့ကျင့်နေမှုလက်တွေ့သရုပ်ပြလေ့ကျင့်ခန်းများကိုအားပါးတရကြည့်ရှုခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတွင် အင်အားတောင့်တင်းခိုင်မာသည့်တပ်မတော်တစ်ရပ်မရှိမဖြစ်လိုအပ်ရေးကို အထူးအလေးပေး (EMPHASIS) ပြောကြားသွားသည်။




ဝန်ကြီးချုပ်အားထိုင်းစစ်သည်များ တပ်အသင့်နေရာယူ လေ့ကျင့်မှု လက်တွေ့သရုပ်ပြစဉ်

ထို့နောက်သူသည်ထိုင်းတပ်မတော် (လေ) ဌာနချုပ်သို့ရောက်ရှိရာသူ့အားကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးပရာဇင်ဂျွန်တောင် (Airchief Marshal Prajin Juntong) နှင့် တပ်မတော်အရာရှိကြီးများ လေတပ်စစ်သည်များက လှိုက်လှဲပျူငှာကြိုဆိုခဲ့သည်။

သူသည်တပ်မတော်လေတပ်ဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏တည်ဆောက်ပြုပြင်လုပ်ငန်းများသဘောဝဘေးအန္တရာယ်များကျရောက်စဉ်ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကိစ္စများကို နိုင်ငံတော်အစိုးရ၏ရည်မှန်းချက်တာဝန်များနှင့် လိုလားချက်များ ပြည့်ပြည့်ဝဝ ကူညီဆောင်ရွက်ပေးခဲ့ကြသည်ကို ချီးကျူးပါကြောင်း၊ နောင်တွင်လည်း တပ်မတော် (လေ) အနေဖြင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစီမံကိန်းများ၊ ရည်မှန်းချက်တာဝန်များအစိုးရနှင့် အတူပူးပေါင်းဆောင်ရွက်ပါရန် မေတ္တာရပ်ခံကြောင်း ပြောကြားသွားသည်။

သူ၏ခရီးစဉ်အတွင်း ဒုတိယကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီးယူသာဆပ်ဆာဆီပရာဘာကို ရာထူးကဖယ်ရှားရန်ရှိပါသလားဆိုသည့်မေးမြန်းမှုအချို့ရှိခဲ့ရာ 'ဒါဟာကောလာဟလပါရှင်။ ဒီသတင်းဘယ်ကထွက်လာတယ်ဆိုတာကျွန်မမပြောတတ်ပေါင်'လို့ 'I have no idea where the rumer came from' စသဖြင့်ပြောသွားသည်။ယင်လတ်သည် ယခု နှစ်ဇူလိုင်လမှစ၍ ကာကွယ်ရေးဝန်ကြီးအဖြစ်ပါပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိကြောင်းနှင့် ထိုင်းနိုင်ငံ၏ပထမဆုံးသော အမျိုးသမီးကာကွယ်ရေးဝန်ကြီးဖြစ်ကြောင်း သိရသည်။ **ကျော်ဇိန် ကိုးကား-ဝန်ကောက်ပို့စ်**

The HOT NEWS
Vol - 4, No - 154, 23 - 29 Aug, 2013



# မကောင်းဆိုးဝါးနှင်ထုတ်ရာမှ ကလေးငယ်သေဆုံး




မလေးရှားနိုင်ငံတွင်မကောင်းဆိုးဝါးနှင်ထုတ်ရာမှ ၂ နှစ်သမီးအရွယ်ချာဝန်ဇန်မည်ရှိမိန်းကလေးတစ်ဦးသေဆုံးခဲ့သဖြင့်မိသားစုဝင်များမှာ ထောင်မကျခဲ့သော်လည်း ဒဏ်ငွေချမှတ်ခြင်းခံခဲ့ရသည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လအတွင်းက မကောင်းဆိုးဝါးနှင်ထုတ်သည့်အစီအစဉ်တွင်ကလေးငယ်၏မိဘများနှင့်၊ ဦးလေး၊ အဒေါ်၊ အဘွားတို့ကကလေးငယ်ကို နာရီပေါင်းများစွာစောင်ဖြင့်ဖုံးအုပ်ပြီး တက်ဖိထားခဲ့ကြသဖြင့် အသက်ရှူမွန်းကျပ်၍ကလေးငယ်သေဆုံးခဲ့ရသည်။ ထိုအမှုအတွက် ၎င်းတို့က ပေါ့လျော့စွာလုပ်ဆောင်ခဲ့မှုကြောင့်ကလေးသေဆုံးရခြင်းဖြစ်၍ အပြစ်ရှိကြောင်း ဝန်ခံထွက်ဆိုကြသဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့တွင် မလေးရင်းဂစ် ၁၀၀၀၀ စီ ဒဏ်ငွေချမှတ်ခံခဲ့ရသည်။

မကောင်းဆိုးဝါးနှင်ထုတ်သည့်အစီအစဉ်တွင် ပါဝင်ကူညီခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသူအိမ်ဖော်မှာမူ စွဲချက်တင်ခြင်းမခံရပေ။ ရင်ခွဲစစ်ဆေးချက်တွင် ကလေးငယ်၏ အသက်ရှူလမ်းကြောင်းတွင်သွေးစသွေးနများတွေ့ရှိခဲ့ရသည်။ ထိုတွေ့ရှိချက်က ကလေးငယ်သည် တက်ဖိထားသည့် အလေးချိန်ကြောင့် မသေဆုံးမီအချိန်အထိ အသက်ရှူနေသေးကြောင်းဖော်ပြနေသည်။ **ဥက္ကာအောင်**

Source: The Star;



# အင်ဒိုနီးရှားဖက်ရှင်ပြပွဲမြင်ကွင်းများ

တရုတ်နိုင်ငံတောင်ပိုင်း ဟောင်ကောင်ကျွန်း၌ ကျင်းပသည့် ဟောင်ကောင်အခြေစိုက် အင်ဒိုနီးရှားအမျိုးသမီးဖက်ရှင်ဒီဇိုင်နာ IKa Butoni ၏ နွေဦးရာသီနှင့် နွေရာသီဖက်ရှင်များ ပြသခဲ့သော ဟောင်ကောင်ဖက်ရှင်ပြပွဲတွင် အသွင်ဆန်းအမြင်ဆန်းသော ဖက်ရှင်မယ်များကို မြင်တွေ့ရသည်။ ကြည့်ရှုနေသောပရိသတ်မှာ ထူးဆန်းသောဖက်ရှင်ဒီဇိုင်းများကြောင့် တအံ့တဩငေးမောကြည့် ရှုကြသည်အထိဆွဲဆောင်မှုရှိလှသည်။

ဖက်ရှင်ဒီဇိုင်နာ Ika Butoni သည်အင်ဒိုနီးရှားအရိပ်အငွေ့ပါသောအဆင်အသွေးနှင့် ယဉ်ကျေးမှုကို ခေတ်ဖက်ရှင်အမြင်နှင့်ပေါင်းစပ်ပြီးဟောင်ကောင် ဖက်ရှင်လောကအတွင်းသို့ယူဆောင်လာခဲ့သူလည်းဖြစ်သည်။ HN-NI



# ကမ္ဘာ့သန့်စင်ခန်းနေ့သတ်မှတ်

သန့်စင်ခန်းများသည်လူသားတို့အတွက်အလွန်အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေသည်။ ထို့ကြောင့် သန့်စင်ခန်းများ၏ အရေးကြီးပုံကို အသိအမှတ်ပြုသောအားဖြင့် တစ်နှစ်တွင် တစ်ရက်ကို သန့်စင်ခန်းနေ့အဖြစ် သတ်မှတ်ပေးရန် အဆိုကိုကမ္ဘာ့ကုလသမဂ္ဂကစိတ်ပါလက်ပါပင် သဘောတူညီခဲ့ပြီး နိုဝင်ဘာလ ၁၉ ရက်နေ့ကို ကမ္ဘာ့သန့်စင်ခန်းနေ့အဖြစ်မကြာသေးမီက ကြေညာပေးခဲ့သည်။

ထိုသို့သန့်စင်ခန်းနေ့အဖြစ် သတ်မှတ်ပေးရန်အဆိုကိုစင်ကာပူနိုင်ငံကိုယ်စားလှယ်ကတင်သွင်းခဲ့ခြင်းဖြစ်ပြီး ၎င်းအနေနှင့် ထိုကိစ္စရပ်အားပြက်ရယ်ပြုကြမည်ဆိုလျှင်လည်း ဂရုမစိုက်ကြောင်း ပြောကြားလိုက်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံကထိုကိစ္စရပ်ကိုမဲပေးဆုံးဖြတ်ခြင်း မပြုမီအချိန်ကကုလသမဂ္ဂအနေနှင့် ကမ္ဘာ့သန့်စင်ခန်းနေ့ကြေညာပေးလျှင် သတင်းမီဒီယာများနှင့် လူထုအတွင်း ပျက်ရယ်ပြုသူများကျိန်း သေရှိနေလိမ့်မည်ဖြစ်ကြောင်း စင်ကာပူသံရုံးယာယီတာဝန်ခံ မာ့ခ်နေယိုက ပြောကြားခဲ့သည်။

ကုလသမဂ္ဂဒုတိယအထွေထွေအတွင်းရေးမှူးချုပ်ဂျန်အယ်လီဆင်က စင်ကာပူ၏လုပ်ဆောင်ချက်ကို ချီးကျူးလိုက်ပြီး ကမ္ဘာ့သန့်စင်ခန်းများအဖွဲ့က ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ရက်နေ့ကတည်းက ကမ္ဘာ့သန့်စင်ခန်းနေ့ကို ကျင်းပခဲ့ကြောင်းပြောကြားလိုက်သည်။ **ဥက္ကာအောင်**

Source: Relaxnews

# ဆွီဒင်၌ ရေကူးသူများ ယောက်ျားအင်္ဂါတွေ သတိထား



ဆွီဒင်နိုင်ငံအိုရီဆန်းဆောင်းတွင်နာမည်ဆိုးဖြင့်ကျော်ကြားသည့် ဒေသခံမဟုတ်သော ပါကူငါးတစ်ကောင်ကိုတွေ့ရှိခဲ့ရပြီးနောက် ထိုအရပ်ဒေသတွင် ရေကူးသူအမျိုးသားများအနေဖြင့် ယောက်ျားအင်္ဂါများလုံခြုံစွာကာကွယ်ထားကြရန်သတိပေးချက်ထုတ်ပြန်ထားခဲ့သည်။

ပါကူငါးများ၏မူရင်းဒေသမှာ တောင်အမေရိကမှဖြစ်ပြီးချွန်ထက်သောသွားများရှိကာသားကောင်၏ အသားများကို အရိုးမှလျင်မြန်စွာ ခွာထုတ်စားသောက်နိုင်သောကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားသောငါးများဖြစ်ကြသည်။ သို့ရာတွင် အံသွားနှင့်တူသောသွားများကို ပိုင်ဆိုင်ထားကြသည့်ပါကူငါးများမှာမူ အခွံမာသစ်သီးများကို ကိုက်ဝါးနိုင်ပြီး အမျိုးသားများ၏ ယောက်ျားအင်္ဂါကိုတိုက်ခိုက်လေ့ရှိကြသည်။ထို့ကြောင့်ပင်သတိပေးချက်ကို ထုတ်ပြန်ထားခဲ့ရခြင်းဖြစ်သည်။

အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသောဒေသခံဆွီဒင်ထုတ်သတင်းစာတစ်စောင်က ပါကူငါးများသည် သာမန်အားဖြင့်လူသားတို့အတွက်အန္တရာယ်မပေးသော်လည်း ပါပူအာနယူးဂီနီကဲ့သို့သောနိုင်ငံများတွင် ပါကူငါးများကိုက်သဖြင့် ယောက်ျားအင်္ဂါများပြတ်တောက်သွားသည့်သာဓကများရှိခဲ့ကြောင်း ရေးသားဖော်ပြလိုက်သည်။

ထိုနေရာတွင် ပါကူငါးကိုတွေ့မြင်ရခြင်းမှာ ပဟေဠိတစ်ရပ်ကဲ့သို့ဖြစ်နေခဲ့ပြီး ဖြစ်နိုင်ခြေမှာ ထိုငါးကိုအိမ်တွင်မွေးမြူထားသူတစ်ဦးဦးကအကြောင်းတစ်စုံတစ်ခုကြောင့် ထိုနေရာတွင်လာရောက်လွှတ်ပေးခြင်းဖြစ်နိုင်သည်။

**ဥက္ကာအောင်** Source:Facebook

# သုသာန်မြေကိုဆိတ်များဖြင့်ရှင်း



အမေရိကန်ပြည်ထောင်စုတွင် ကွန်ဂရက်အမတ်ဟောင်းများနှင့် ၎င်းတို့၏မိသားစုဝင် ၂၀၀ခန့် ကို မြှုပ်နှံသင်္ဂြိုဟ်ထားသည့် ကွန်ဂရက်သုသာန်မြေတွင်အက်ဖ်ဘီအိုင်၏ပထမဦးဆုံးသောဒါရိုက်တာဂျေအက်ဂါဟူးဗားအပါအဝင် တစ်ချိန်ကထင်ပေါ်ကျော်ကြားခဲ့သည့်ပုဂ္ဂိုလ်အမြောက်အမြားတို့၏ ဂူသင်္ချိုင်းများရှိနေသည်။

အဆိပ်ရှိသော အပင်များ ထူထပ်စွာဖုံးအုပ်နေသဖြင့်လည်း ပိုးသတ်ဆေးများအသုံးပြု၍ ရှင်းလင်းမည်ဆိုပါကဒေါ်လာ တစ်သောင်းခန့်ကုန်ကျမည်ဖြစ်ပြီး ပတ်ဝန်းကျင်လည်းထိခိုက်မှုရှိနိုင်သည်။

ဆိတ်များသည် အဆိပ်ရှိသောထိုအပင်များကို စားသုံးနိုင်ပြီး ဧရိယာတစ်ခုလုံးကို ရက်အနည်းငယ်အတွင်းရှင်းလင်း နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဆိတ်ကောင်ရေ ၆၀ကိုရက် သတ္တပတ်(၁)ပတ်အတွက်မှာ ယူခဲ့ကြသည်။ ထိုဆိတ်များကို 'စီးပွားရေးဆိတ်များ' ဟု အမည် ပေးထားသည်။

ကုန်ကျစရိတ်အနေနှင့်ဆိတ်တစ်ကောင်အတွက် တစ်နာရီလျှင် ၂၅ဆင့်ဖြစ်သည်။ **ဥက္ကာအောင်**

Source: Yahoo! News

# မစ္စတာကင်တားနား မြစ်ကြီးနားမှထွက်ခွာသွားပြီးနောက် ကချင်ပြည်နယ်အတွင်း တိုက်ပွဲဖြစ်ပွား

စ ၃ သို့

## တော်လောက်ပါပြီ ကြက်ဆူ၊ ငရုတ်ကောင်း

❝ တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေကိုလုပ်ကြပြီး အချိန်ကုန်ပြီး မဖြစ်မှန်းသိနေတဲ့ အလုပ်တွေမစခင် ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားဆင်ခြင်၍ အမြော်အမြင်ကြီးကြီးထားပြီး ပြုပြင်ပြောင်းလဲသင့်တာတွေကို ပြောင်းလဲကြကာ ဦးဆောင်ကောင်းသူများပီသစွာဖြင့် တိုင်းပြည်အနာဂတ်အတွက် ပုံဖော်ဆောင်ရွက်ကြပါ. . . ❞

စ ၂ သို့





## ပြည်သူတွေကပဲ စည်းကမ်းမရှိတာလား မြို့နယ်စည်ပင်ကပဲ မလုပ်နိုင်တာလား

❝ ကျွန်တော်တို့မြင်တွေ့ရသလောက်ကတော့ စည်ပင်ကလည်း လာသိမ်းပေမဲ့ မေ့လောက်မှ တစ်ခါလာသိမ်းတာပါ။ အမှိုက်ပစ်တဲ့သူတွေကလည်း အမှိုက်ကန်ထဲကိုဝင်အောင်မပစ်ဘူး။ လမ်းသွားရင်းနဲ့ပဲ အမှိုက်ကန်ဘေးပစ်ထားခဲ့တာ။ အဆိုးဆုံးက စက်ရုံကပစ်တဲ့ အမှိုက်တွေပဲ. . .❞

စ ၂၅ သို့

## ကယ်နိုင်ရင်ကယ်ကြပါ ဒီမိုကရေစီဆိုတာ ဒါလားဗျို့

❝သတင်းတပ်ဖွဲ့ကပါ။ မေးစရာမြန်းစရာကိစ္စကလေးရှိလို့ပါ ဗုဒ္ဓေါ၊ မြတ်စွာဘုရား၊ ကယ်တော်မူပါ။ အိမ်ရှေ့ကို ရဲတပ်ဖွဲ့ကလာတယ်ဆိုတာ သိပ်တော့ပျော်ရွှင်စရာဟုတ်မယ်မထင်ပါဘူးလေ။ ထိုလူငယ်က သတင်းတပ်ဖွဲ့ကဆိုသောစကားကြား၍ အိမ်ရှေ့ကမိတ်ဆွေ အိမ်ဘေးကမိတ်ဆွေတွေ အထိတ်တလန့်ထွက်ကြည့်ကြသည်။ သူတို့မျက်နှာက စိုးရိမ်စိတ်ပွားသည့်ဟန်. . .❞

❝ မင်းတို့အထက်အရာရှိကိုပြောကွာ ဒီမိုကရေစီခေတ်မှာ လူမှုရေးအသင်းအဖွဲ့ဝင်အမှုဆောင်လုပ်တာအခုလိုအသေးအဖွဲ့ကအစလိုက်ပေးနေတာမသင့်တော်တော့ဘူး။ ကျိုးနေတဲ့ခေါက်ရိုးတွေဖြေချလိုက်ပါ. . .❞

စ ၁၀ သို့

## တပ်သိမ်းမြေများပြန်ပေးမှ တပ်နှင့်ပြည်သူစိတ်ဝမ်းမကွဲနိုင်

စ ၆ သို့

## ချစ်ဖေဖေအတွက်မွေးနေ့ဆုမွန်

ဩဂုတ်လ (၂၃) ရက်တွင် ကျရောက်သော ချစ်ဖေဖေဦးမြင့်ဦး
Managing Director ဆန်းလင်း International Export/
Import & Mining Co,Ltd ၏မွေးနေ့မင်္ဂလာရက်မြတ်တွင်
အသက်ရာကျော်ရှည်၍ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း၊
ချမ်းသာသုခအဝဝနှင့် ပြည့်စုံပါစေကြောင်း ချစ်ဇနီး၊ ချစ်သား၊
ချစ်သမီးများက ဆုတောင်းမေတ္တာပို့သပါသည်။
ချစ်ဖေဖေသက်တော်ရာကျော်ရှည်စေသော်. . .

ချစ်ဇနီး - ဒေါ်ဝင်းစုခိုင်
ချစ်သားကြီး - တင်ကိုကိုဦး Principal Yuki Japanese Language Centre
ချစ်သမီး - တင်မူမူဦး Embussy of Japan
ချစ်သားနှင့်သမီး - Matt (Computer Technician ဒီဗြိုအေး (Software Technician) Austin Texas U.S.A
ချစ်သမီး - မကေသွယ်မိုး
ချစ်သောချွေးလိပ်မလေးများ - တုန်တုန်၊ ဗိုးရွတ်နှင့် အောင်စိန်


